www.burmeseclassic.com

# မောင်စိန်ဝင်း
(ပုတီးကုန်း)

## ကြေကွဲနာသယ် အချစ်ပြစ်သည်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် = ၁၅၃၁/၂၀၀၃ (၁၁)

မျက်နှာဖုံးခွင့်ပြုချက် = ၁၃၅၉/၂၀၀၃ (၁၁)

= ၂၀၀၃ - ခုနှစ်
ဒီဇင်ဘာလ ပထမ အကြိမ်

အုပ်ရေ = ၅၀၀

တန်ဖိုး = ၁၅၀/-

ထုတ်ဝေသူ = ဒေါ်ကေခိုင်ဦး (မြဲ-၀၃၇၁၉)
ရွှေသခင် စာပေ
၃၇၊ ၄၄-လမ်း၊ ပိုလ်တထောင်မြို့နယ်
ရန်ကုန်တိုင်း

အဖုံး ပုံနှိပ်သူ = ဦးကျော်ဇင် (မြဲ - ၁၄၂၂၉)
ခိုင်ရည်မွန်ပုံနှိပ်တိုက်၊ တိုက်ခွဲ၁၄/၁
မဟာသုခလမ်းနှင့် ဧဒ၊ ပိုလ်ချုပ်လမ်း
ပုဇွန်တောင်မြို့နယ်။

အတွင်း ပုံနှိပ်သူ = ဦးအောင်မြင့်သိန်း (၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊
အမှတ်(၁၄၇)၊ ဆိပ်ကမ်းသာလမ်း
ရန်ကုန်မြို့။

BURMESE CLASSIC .com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

> စည်းကမ်းဆိုတ်နာ ဘေးတင်းတွာ
> စည်းကမ်းရှိမှ တိုးတတ်မည်၊
> စည်းကမ်းကိုက်ညီ ဘေးတင်းသည်၊

> နိုင်ငံတော်ရဲ့ စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
> ပြည်ထောင်စုသားအားလုံး၏
> ပဓာနကျသောတာဝန် ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။





# ကြေကွဲမှာသစ်အချစ်ဖြစ်သည်

မောင်စိန်ဝင်း

(ပုတီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (တစ်)

www.burmeseclassic.com

www.burmeseclassic.com





၁

သူမတို့ ကိုးတန်း၊ ဆယ်တန်းလောက်အထိ အောင့်မေမေ မှာ သူမ ဖခင်၏ကုမ္ပဏီမှာ အလုပ်လုပ်ဖူးသည်။

အောင်နှင့်တစ်ကျောင်းတည်း တက်ကြပေမယ့် မေးထူး ခေါ်ပြောအဆင့်လောက်သာ ရှိခဲ့၏။

အောင့်မေမေ ဦးခင်ဦးက သူမတို့အိမ်မှာ မိသားစုလို ဖြစ်နေတော့ အတော်လေး ရင်းနှီးနေ၏။

"ဦးမှာ သမီးယုအရွယ် သားကြီးတစ်ယောက် ရှိတယ်၊ သမီးယုတို့ ကျောင်းမှာပဲ တက်တာလေ၊ ယုက အောင်မင်းဦးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်လား''

''ခင်တော့ မခင်ဘူး ဦးရဲ့''

''ဟုတ်မယ်၊ အောင်က အေးအေးဆေးဆေး နေတတ်တဲ့ ကောင်၊ စာလည်း ကြိုးစားတယ်၊ အရွယ်ရောက်ရင် ယောကျ်ားလေး ဖြစ်ပေမယ့် အစစအရာရာ ဦး စိတ်ချရတယ်''

အဲဒီကတည်းက သူမ သတိထားမိတာ တစ်ခုတော့ ရှိ၏။

ဦးခင်ဦးမှာ သားသမီးသုံးယောက်ရှိသည်ဆိုတာကို သိထားသည်။

သူမကို ဦးခင်ဦးက ခင်မင်နေသော်လည်း အငယ်မိန်းကလေး နှစ်ယောက်အကြောင်းကို ဘယ်တော့မှ မပြော။

အောင့်အကြောင်းကိုတော့ ဦးခင်ဦးနှုတ်ဖျားမှ မချ။

အောင့်ကိုတော့ ဦးခင်ဦး အချစ်ဆုံး ထင်သည်။

❋





မှတ်မှတ်ရရ ... သူမတို့တက္ကသိုလ် တက်ခါနီးမှာပင် ဦးခင်ဦး အလုပ်မှ ထွက်သွား၏။

အလုပ်ထွက်မည့်အကြောင်းကို ဖေဖေတို့ထက် သူမကို ဦးခင်ဦး အသိပေးလာသည်။

''ဒီကုမ္ပဏီကနေ ဦးထွက်တော့မယ် ယု''

ဦးခင်ဦး စကားကို ကြားရတော့ အံ့သြသွားမိသည်။

ဦးခင်ဦးထံမှ ဒီလိုစကားမျိုး ကြားရလိမ့်မည် ... ဟု မထင်ထားခဲ့ပေ။

ဦးခင်ဦးစကားကြောင့်ပင် သူမ စဉ်းစားမိသမျှအကြောင်းတို ပြောလိုက်ရသည်။

''ဘာလဲ ဦး ... ဖေဖေနဲ့ အဆင်မပြေလို့ ဦးထွက်မှာလား''

လူကြီးတွေ၏ ဆက်ဆံရေးကိုတော့ သူမအနေဖြင့် အကုန်လုံး မသိနိုင်။

ဦးခင်ဦး အလုပ်ထွက်မည် ... ဟု ပြောလာတော့ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အဆင်မပြေလို့ဖြစ်မှာပါပဲ . . . ဟု လွယ်လွယ်တွေးမိသည်။

"အဆင်ပြေပါတယ် ဖေ"

"အဆင်ပြေရဲ့သားနဲ့ ဘာလို့ အလုပ်ထွက်မှာလဲ ဦးရယ်၊ ဒီမှာက ပိုက်ဆံ အရနည်းလို့လား"

အဆင်ပြေသည်ဆိုမှတော့ ငွေရေးကြေးရေးကိစ္စပဲ . . . ဟု တွေးမိပြန်သည်။

နှစ်ရှည်လများ မြင်နေတွေ့နေ သံယောဇဉ်ဖြစ်နေသည့်မို့ စိတ်ထဲမှာ တစ်မျိုးဖြစ်ရပြန်သည့်လေ။

"ရတဲ့ပိုက်ဆံ မနည်းပါဘူး ယုု၊ ဦးတို့မိသားစု တင့်တောင့်တင့်တယ် နေနိုင်ခဲ့တာတွေအားလုံးဟာ ဆရာရဲ့ ကျေးဇူးတွေ အများကြီးပါနေတာပဲ"

"ဒါနဲ့များ ဦးရယ် ဘာလို့ အလုပ်ထွက်ရမှာလဲ၊ ယုတော့ ဒီစကားကြားတော့ စိတ်မကောင်းသေးတာပဲ၊ ဖေဖေကရော စိတ်ကောင်းနိုင်ပါ့မလား"

"မတတ်နိုင်ဘူး ယုရယ်၊ လူဆိုတာက ကိုယ်လုပ်ချင်ရာ



တွေ လုပ်တော့မယ်ဆိုရင် ကိုယ်နဲ့ ပတ်သက်တဲ့လူတွေ မထိခိုက်အောင်တော့ ကြိုတင်ကာကွယ်ရမှာပေါ့၊ ဦး အလုပ် ထွက်တာ ဒါကြောင့်ပဲ၊ ယုက ငယ်သေးတော့ လူတွေ ဖြစ်လေ့ ဖြစ်ထရှိတဲ့ အကြောင်းတွေကို ပြည့်ပြည့်စုံစုံ သိသေးမှာ မဟုတ်ဘူး၊ တစ်ချိန် ကျရင်တော့ ဒီအကြောင်းတွေကို ယု အလိုလို သိလာမှာပါ"

အောင်တို့ ရှေ့ရေးအတွက်ရော မတွေးတော့ဘူးလား . . . ဟု မေးလိုက်ချင်သော်လည်း မမေးဖြစ်ခဲ့။

အောင့်အကြောင်းကို ဦးခင်ဦးနှုတ်မှ မပြောဖြစ်တာ ကြာပြီပဲ။

*

နောက်တစ်နေ့မနက် စကားဝိုင်းမှာ ဒီအကြောင်းတွေကို ပင် ဖေဖေနှင့်မေမေတို့ ပြောဖြစ်ခဲ့ကြပြန်သည်။

သူမကလည်း ဝင်ရောက်ပြောဆိုဖြစ်ခဲ့သည်။

"ကိုခင်ဦး အလုပ်ထွက်တဲ့ကိစ္စကို ဘယ်လိုမှ နားမလည်

www.burmeseclassic.com

www.burmeseclassic.com



ဘူး ဖြစ်နေတယ်၊ ကိုယ်တင် မဟုတ်ပါဘူး။ ကုမ္ပဏီက လူတွေ အားလုံးကလည်း တအံ့တသြ ဖြစ်နေကြတာ''

''သေသေချာချာ စဉ်းစားပါဦး ကိုတင်ယုရယ်၊ ကိုခင်ဦး စိတ်ထိခိုက်စရာ တစ်ခုခုများ မရည်ရွယ်ဘဲ ရှင်လုပ်ခဲ့မိလို့လား''

''ဟုတ်တယ် ဖေဖေ၊ ယုလည်း မေမေပြောသလိုမျိုးပဲ တွေးမိတယ်''

သူမတို့သားအမိစကားကြောင့် ဖေဖေ စဉ်းစားသွား၏။ စကားကိုလည်း ချိန်ချိန်ဆဆဖြင့် ဖေဖေ ပြောသည်။

''ပြောရခက်ကျပ်ကျပ်ပဲ၊ ကုမ္ပဏီမှာ ကိုခင်ဦးက အား အကိုးရဆုံး၊ ယုံကြည်ရဆုံး လူတစ်ယောက်ပဲ၊ သူ့ကို အခွင့် အရေး တော်တော်များများ ပေးထားခဲ့တာပဲ၊ သူ အလုပ်က ထွက်လောက်အောင် ဘာတစ်ခုမှ မလုပ်ခဲ့တာတော့ အမှန်ပဲ၊ အခုကိစ္စက သူ့ကိုယ်ရေး ကိုယ်တာနဲ့ ပတ်သက်နေတယ်လို့ ထင်တာပဲ''

''သူ့ကိုယ်ရေးကိုယ်တာ ဟုတ်လား။ ကိုခင်ဦးရဲ့သားက



တက္ကသိုလ်တောင် တက်တော့မှာ မဟုတ်လား။ ကလေးတွေ အားလုံးကလည်း လိမ္မာကြတာပဲဥစ္စာ၊ သူ့အမျိုးသမီး သွယ်သွယ် ဆိုရင်လည်း ဘာမှပြောစရာ မရှိဘူး''

''ဟုတ်တယ် အမေကြီး၊ ကိုယ်သိသလောက်တော့ ကိုခင်ဦး မှုပျက်နေတာ သုံးလေးလတော့ ရှိသွားပြီ၊ အလောင်း အစားတွေ ဘာတွေလုပ်တယ်လို့ ကိုယ်သိရတယ်''

''ဟုတ်ရဲ့လား ဖေဖေ''

''ဟုတ်တယ် သမီး၊ ဖဲကစားကြတာ၊ အဲဒီမှာ မိန်းကလေး တစ်ယောက်နဲ့ ဘာလိုလိုလည်း ကြားတယ်''

''ကိုခင်ဦး ဒီလိုဖြစ်တယ်ဆိုတာ အံ့သြစရာပဲ၊ အဲဒီကိစ္စ တွေကို ရှင်ပြောလို့ သူ အလုပ်ထွက်မယ်လို့ ပြောတာများလား မသိဘူး''

သူမ အတွေးတွေကို မေမေက ကိုယ်စားပြောနေမှတော့ သူမ ပြောဖို့ မလိုတော့ပြီ။

''ကိုယ်သိရတာပဲ ရှိတာ၊ အသေအချာ ဟုတ်မဟုတ်ကို

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းဖို့ ကြံနေတုန်းမှာပဲ ကိုခင်ဦး အလုပ်ကထွက်တော့တာပဲ၊ သူ့အကြောင်း သူသိလို့ ထွက်တာနေမယ်၊ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး သူ မှားထားတာတွေ ရှိတယ်၊ ဒီအကြောင်းတွေကို ဒီနေ့အထိ ကိုယ် မပြောခဲ့ပါဘူး''

“ဒီလိုဆိုတော့လည်း ဘယ်တတ်နိုင်မှာလဲလေ၊ သွယ်သွယ်နဲ့ ကလေးတွေတော့ သနားစရာပဲ၊ ကိုခင်ဦးလို ဘဝ တစ်လျှောက်လုံး ကောင်းလာတဲ့ လူစားမျိုးက ဆိုးပြီပေပြီဆိုရင်တော့ ကမ်းကုန်တော့မှာပဲနော်''

ဖေဖေ ခေါင်းညိတ်ပြသည်ကို သူမ မြင်လိုက်မိသည်။

ဦးခင်ဦး ပြောင်းလဲသွားခြင်းနှင့် ပတ်သက်ပြီး သူမ အပါအဝင် အားလုံးက စိတ်မကောင်း ဖြစ်နေကြ၏။

ဦးခင်ဦးအတွက် ပြီးတော့ သူ့မိသားစုအတွက် စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှ မတတ်နိုင်ခဲ့ကြပေ။

※ ※ ※



## ၂

အောင်နှင့် ရင်းနှီးဖြစ်ခဲ့ကြသည်မှာ အောင့်ဖေဖေ ဦးခင်ဦးကြောင့်ဆိုရင် မှားမည်မထင်ပေ။

ဦးခင်ဦးက အောင့်အကြောင်း ပြောပြောနေကျမို့ ရင်းနှီးပြီးသား ဖြစ်နေ၏။

အထက်တန်းကျောင်းမှာတုန်းက မြင်တွေ့နေကျဖြစ်သော်လည်း လူချင်းတော့ တရင်းတနှီး မရှိလှ။

တက္ကသိုလ်ရောက်မှ အောင်နှင့် လူချင်းရင်းနှီးဖြစ်၏။

ရင်းနှီးစရာအကြောင်းအရင်းကလည်း ရှိနေခဲ့သည်လေ။

''ကိုခင်ဦးကို ကောင်မလေးတစ်ယောက်နဲ့ မြို့ထဲမှာ တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ကျွန်မက ခေါ်မယ်လုပ်သေးတယ်၊ ကိုခင်ဦးက တမင်ရှောင်သွားတာ''

''သွယ်သွယ်တော့ ဒုက္ခရောက်မှာအမှန်ပဲ၊ ကိုခင်ဦးက အလုပ်တွေဘာတွေ အတည်တကျ မလုပ်ဘူးလို့ ကြားတာပဲ၊ ကြည့်ရတာ၊ အဲဒီမိန်းကလေးရယ်၊ ပြီးတော့ ဖဲရိုက်တာနဲ့တင်ပဲ အချိန်ကုန် နေတော့တာပဲနေမယ်''

''သူ့သားလေး အောင်မင်းဦးနဲ့လည်း လမ်းမှာ တွေ့လို့ မုန့်ဖိုးပေးခဲ့သေးတယ်၊ ကောင်လေးက ပိုက်ဆံကို တော်တော်နဲ့ မယူဘူး။ မနည်းပေးရတယ်''

''ကလေးရော တက္ကသိုလ်တက်ဖြစ်ရဲ့လား။ ကိုယ် မေ့နေ လိုက်တာ မင်းပြောမှ သတိရတော့တယ်''

''တက္ကသိုလ်ဆက်တက်ဖြစ်တယ် ပြောတာပဲ၊ ကျွန်မပေး လိုက်တဲ့ ပိုက်ဆံက သူတို့အတွက် တစ်ခုခုတော့ အထောက်အကူ ရမှာပါ''

''အေးကွာ၊ နောက်ကြုံရင် ကြုံသလိုပေးပါကွာ၊ ကိုယ်





လည်း ကိုခင်ဦး မရှိတော့ လက်ရုံးပြုတ်သွားသလို ခံစားရတာ အမှန်ပဲ၊ ဟိုတုန်းကလို သက်သောင့်သက်သာ မနေရတော့ဘူး။ ဒီတစ်ခါ ကိုခင်ဦးနဲ့ ဆုံဖြစ်ရင်တော့ မရရအောင် ပြန်ခေါ်ရမှာပဲ၊ သူ့အတွက် သူ့မိသားအတွက် ကယ်တင်ရမယ်၊ အခုတော့ လွှတ်ပေးထားရုံက လွဲပြီး ဘာမှမတတ်နိုင်ဘူး။ ကလေးတွေက လီမှာတော့ သွယ်သွယ် တစ်ယောက် ဖြေသာသေးတာပေါ့''

''အောင်က အကြီးဆုံးဖြစ်ပြီး အရမ်းလိမ္မာတာ၊ စာလည်း တော်တယ်။ အောင့်အမှတ်က အင်ဂျင်နီယာတက်ဖြစ်မှာလို့ ဆရာမ တွေ ပြောကြတယ်''

''ကောင်လေးက အင်ဂျင်နီယာလိုင်းရတော့ ငွေကုန်ကြေး ကျများမှာပဲ၊ သမီးလည်း ဒီသူငယ်လေးကို တွေ့ရင် တွေ့တဲ့နေရာ မှာ အကူအညီပေးနော်''

''ဟုတ်ကဲ့ပါ ဖေဖေ''

အောင်နှင့်တော့ လူချင်းမဆုံဖြစ်ခဲ့။ အောင့်ညီမငယ် ဉမ္မာ ဦးနှင့် ဈေးထဲမှာ ဆုံဖြစ်တော့ မုန့်ဖိုးပေးဖြစ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥမ္မာဦးက ရှစ်တန်း။

ကလျာဦးက ခုနစ်တန်း။

နှစ်ယောက်စလုံးက အပျိုဖော်ဝင်အရွယ်လေးတွေမို့ လှချင်၊ ပချင်ကြမှာ သေချာ၏။

※

"ဟယ် ... အောင်"

သူမတို့ ဝိဇ္ဇာသိပ္ပံမှာ အောင့်ကို ရုတ်တရက်ကြီး တွေ့လိုက်ရတော့ အတော်လေး အံ့သြသွားရသည်။

ပြီးတော့ သူမတို့ ရူပဗေဒစာသင်ဆောင် အခန်းရှေ့မှာ အောင့်ကို တွေ့ရခြင်း ဖြစ်၏။

အရင်တုန်းက မေးထူးခေါ်ပြော ဖြစ်သော်လည်း အခုအခြေအနေမှာတော့ သူမကပင် စတင်ပြီး အောင်ရှိရာသို့ သွားရသည်။

အောင်ကတော့ သူမကို မြင်သည်လား။ မမြင်သည်လား





မသိ။

"အောင်"

"ယုယုမိုးပါလား"

အောင်က ပတ်ဝန်းကျင်ကို ဂရုမထား။ ရှေ့တည့်တည့် ရောက်ပြီး သူမခေါ်မှ အောင်တစ်ယောက် အသက်ဝင်လာ၏။ အောင့်လှုပ်ရှားမှုများက အတော်လေး အေးစက်စက်နိုင်လွန်းလှသည်။

"အောင် ... ယုတို့ ကျောင်းကို လာလည်တာလား"

တက္ကသိုလ် ဖွင့်စမို့ သူမတို့ ဝိဇ္ဇာသိပ္ပံမှာက ကျောင်းသားတွေ စုံလှ၏။ အောင်လည်း သူမတို့ဆီကို လာလည်သည်ထင်၍ မေးမိလိုက်ခြင်း ဖြစ်သည်။

"မဟုတ်ဘူး ယု၊ ယုကရော ဒီအခန်းမှာ တက်ရမှာလား"

"ဟုတ်တယ် အောင်၊ နေပါဦး ... ယုတို့ကျောင်းကို အလည်လာတာ မဟုတ်ဘူးလို့ ဆိုရအောင် အောင်က အင်္ဂျင်နီယာ ... အမှတ်မှီတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်ယောက်ဆီ အလည်လာခြင်း အပေါ်အောင် . . . ဖုံးဖိဖို့ ကြိုးစားခြင်းဟု ထင်လိုက်မိသည်။

အောင့်အပြေစကားများကြောင့်ပင် တကယ့်ကို ဝမ်းနည်းခဲ့ရပြန်သည်လေ။

"အမှတ်မိတယ်ဆိုတာတော့ ဟုတ်ပါတယ် ယု၊ အောင် ရှုပ်ဖော်ပဲ ယုလိုက်တာ"

"နှုတ်ချိုစရာကြီး အောင်ရယ်၊ ယုတို့က အမှတ်မကောင်းလို့ ရိုးရိုးမေ့ကျာယူတာ၊ ဒီအကြောင်းကို မေမေနဲ့ တွေ့တုန်းက ဘာလို့ မပြောရတာလဲ အောင်ရယ်"

အောင်တစ်ယောက် ငြိမ်သက်နေပြန်၏။

အောင့်အပေါ် စာနာသွားပြီး တကယ့်ငယ်ပေါင်းတစ်ယောက်လို ဆက်ဆံမိ၏။

"ကဲပါ . . . ဒီမှာ မတ်တတ်ကြီးစကားပြောနေတာထက် တရင် အအေးသောက်ရင်း စကားပြောရအောင်"

"ယု အချိန်ရလို့လား။ ပြီးတော့ ယုသူငယ်ချင်းတွေ



...ဘာတွေနဲ့"

"လုပ်မနေနဲ့အောင်၊ အခုအချိန်မှာ အောင်က ယုရဲ့ သူငယ်ချင်းပဲ၊ ယု ဒီနေ့မှ စကျောင်းတက်တာ၊ လာ . . . သွားကြ ရအောင်"

ငြိမ်သက်နေသော အောင့်လက်ကို ဆွဲခေါ်မိသည်။ အောင်ကတော့ မရုန်းဖယ်ဘဲ လိုက်ပါလာသည်။

ပတ်ဝန်းကျင်ကတော့ သူမနှင့်အောင့်ကိုကြည့်ပြီး ဘယ်လို ...တ်မှတ်ကြမည် မသိပေ။

✻

"မေမေကတော့ အင်ဂျင်နီယာဖြစ်အောင် တက်စိုင်းပါ တယ်၊ အိမ်မှာက အောင်က အကြီးဆုံး။ မေမေ့မျက်နှာ ပြီးတော့ အငယ်မနှစ်ယောက်ရဲ့မျက်နှာကို ကြည့်ရမယ်လေ၊ ဒါကြောင့် နှစ်ရှည်သလို ကုန်ကျစရိတ်များတဲ့ အင်ဂျင်နီယာပညာကို အောင် မရွေးချယ်ခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"နှမြောစရာကြီး၊ ဖေဖေတို့သိရင် စိတ်ကောင်းကြမှာ မဟုတ်ဘူး"

"အခုအခြေအနေရောက်မှတော့ ဘာတတ်နိုင်မှာလဲ ယုရယ်၊ ရူပဗေဒ ယူမိတာ တစ်ခုတော့ ကံကောင်းသွားတာပေါ့၊ ယုနဲ့အတူတူ တစ်ခန်းတည်း တက်ဖြစ်ကြတာပေါ့ မဟုတ်ဘူးလား"

အောင်ကတော့ တကယ့်ကို သွေးအေးလွန်းအားကြီးသည်။ ဝမ်းနည်းပူပန်သည့် အရိပ်အငွေ့တို့ အောင့်မျက်နှာမှာ ရှိမနေ။ ဆုံးဖြတ်ပြီးသည့်ကိစ္စတစ်ခုအတွက်လည်း အောင် . . . နောင်တရသည့်ပုံ မပေါ်ပေ။

"ဒါဆိုရင်တော့ အောင်က ခုံနံပါတ်တစ်ဖြစ်မှာ သေချာတယ်၊ ယုပြောတာ မှန်တယ် မဟုတ်လား"

"ဟုတ်တယ် ယု၊ ရူပဗေဒ ယူတယ်ဆိုတာ အောင့်အမှတ်နဲ့ သိပ္ပံချွန်ဆုရအောင်လို့လေ။ သိပ္ပံချွန်ဆုရတော့ အောင့်အတွက် ဘွဲ့ရတဲ့အထိ အထောက်အပံ့ရတယ်၊ မဟာတွေ ဘာတွေလည်း အောင် . . . ဆက်တက်နိုင်တယ်လေ၊ ပြီးတော့ အိမ်





အတွက် အလုပ်လေး ဘာလေးလုပ်ဖို့ အချိန်လည်း ရတယ်"

အောင့်စကားတွေကို နားထောင်ရင်း အောင့်မျက်နှာကို ကြည့်ရင်းက ဦးခင်ဦးကို မြင်ယောင်မိပြန်၏။

"အခု အောင် ဘာတွေလုပ်နေလဲ"

"ကျောင်းက မနက်ပိုင်းပဲ တက်ရတာဆိုတော့ အောင် ကားစပယ်ယာလိုက်တယ် ယု"

"ဦးက ဘာမှပြန်မပေးတော့ဘူးလား"

သူများမိသားစုအရေးကို ဝင်ရောက်ဆွေးနွေးဖြစ်သည်။ စပ်စုခြင်း မဟုတ်မှန်း ကိုယ်တိုင်အသိဆုံးမို့ လိပ်ပြာလုံဖြစ်သည်။

"ဖေဖေက သူစိတ်ချမ်းသာရာကိစ္စကို ရွေးချယ်နေတာလေ၊ အောင်တို့ အပြစ်ပြောနေလို့ ရမှာမှ မဟုတ်တာဘဲ ယုရာ"

စတွေ့တုန်းက ယုယုမိုး . . . ဟု အောင် ခေါ်သည်။

စကားတွေ ပြောနေရင်းကပင် 'ယု' ဟု အောင် သုံးနှုန်း၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြောသလိုပင် ဦးခင်ဦးအကြောင်းကို မေ့ဖျောက်ထားတာ အကောင်းဆုံးဟု တွေးလိုက်ပြီး ဖြေလိုက်ရသည်ပဲ။

* * *



## ၃

အောင့်အပေါ် တာနာစိတ်၊ ကရုဏာစိတ်တွေကြောင့်ပင် အောင့်အနားမှာ သူမ နေဖြစ်ခဲ့သည်။

အောင့်ဘ၊ အောင့်စိတ်ဓာတ်တို့ကို လေးစားမိသည်။

အောင်နှင့် ရင်းနှီးကြသောအခါ အောင့်မေမေ ဦးခင်ဦးကို အလိုလို မလိုမုန်းထားမှုများ ဖြစ်ခဲ့ရသည်။

သူမတို့ ကျောင်းတက်ကြပြီး နှစ်လခန့်ကြာသောအခါ အိမ်မှာပင် ဦးခင်ဦးနှင့် ဆုံဖြစ်ခဲ့သည်။

ကျောင်းသွားဖို့ သူမ ပြင်ဆင်ပြီး မေမေတို့နှင့် လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ပိုင်းထိုင်ဖြစ်သည်။ ဒီနေ့ စာသင်ချိန်တွေက သိပ်မရှိ၊ အောင်ကလည်း ပဲရွှေကို အော်ဒါလိုက်သွားသည့်မို့ ကျောင်းမှာ သူမတစ်ယောက်တည်း ဖြစ်နေမှာပဲလည်း ပါ၏။

ကျောင်းသွားဖို့ကို စိတ်လက်မပါ ဖြစ်နေပြန်သည်လေ။

“အမေကြီးရေ . . . မနက်ဆယ်နာရီထိုးရင်တော့ ကိုခင်ဦး ဒီကို လာလိမ့်မယ်”

“လာမှာရော သေချာရဲ့လား။ အမေကြီးကို ရှောင်မရတာနဲ့ ဝတ်ကျေတမ်းကျေ ပြောလိုက်တာများလားမှ မသိတာ”

“ကိုခင်ဦးက လာမယ်ဆိုရင် လာဖြစ်အောင်လာမှာပါ၊ သူ မလာချင်ရင် ငြင်းလို့ရနေတာပဲကွာ”

“ကျွန်မအနေနဲ့ကတော့ ဘာပြောလို့ ဘာဆိုရမှန်း မသိသလောက်ပဲ၊ သူ့သားကြီး ရိုရိုမော့ယူဖြစ်တာကိုပဲ နှမြောလို့ မဆုံးဘူး ဖြစ်နေတာ”

“သူ့ကို ကုမ္ပဏီမှာ ပြန်လုပ်ဖို့ ခေါ်ရမယ် အမေကြီး၊ သူ့အတွက် သူ့မိသားစုအတွက် ဒီနည်းက အကောင်းဆုံး





အကူအညီပေးခြင်းပဲ အမေကြီးရေ”

“သူ အလုပ်ပြန်လုပ်ရင်တော့ အကောင်းဆုံးပေါ့ရှင်”

မေမေနှင့်ဖေဖေတို့ကတော့ ကုမ္ပဏီမှာ အလုပ်ပြန်ခန့်ဖို့ ပြောနေကြသည်။ ဦးခင်ဦးလာမည်ဆိုသောကြောင့်ပင် ကျောင်းသွားဖို့ အစီအစဉ်ကို ဖျက်လိုက်မိသည်။

“သမီးလည်း ကျောင်းမသွားတော့ဘူး ဖေဖေ၊ ဦးခင်ဦးကို တွေ့ဖို့ စောင့်လိုက်ဦးမယ်”

“ကောင်းတယ် သမီး၊ သမီးယုကို၊ ကိုခင်ဦးက ခင်တာ မဟုတ်လား၊ ယုပါ ဝိုင်းပြောရင် ကိုခင်ဦး စိတ်ပြောင်းနိုင်ပါတယ်”

သူမ ကျောင်းမတက်ခြင်းကို ဖေဖေတို့က မကန့်ကွက်။

အောင့်အတွက်နှင့်ပင် ဦးခင်ဦးကို တွေ့မှ ဖြစ်ပေလိမ့်မည်။

သူမတို့မိသားစုကတော့ ဦးခင်ဦးကို မျှော်လင့်တကြီး စောင့် နေကြ၏၊ ဦးခင်ဦး ရောက်မလာခဲ့ရင်တော့ ခက်ချေပြီလေ။

*



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ယုံကြည်မှုကိုတော့ အခုချိန်ထိ ဦးခင်ဦး သစ္စာမဲ့ခဲ့ပေ။ မနက်ဆယ်နာရီတိတိမှာပင် သူမတို့အိမ်သို့ ဦးခင်ဦး ရောက်လာခဲ့သည်။ မေမေရော မေမေပါ အရင်ကာလများကအတိုင်း ဦးခင်ဦးအပေါ် ပြုံးမှုသက်ခံကြ၏။

"ကိုခင်ဦးရေ ရောက်ပြီးတော့မှတော့ ထမင်းစားသောက်ပြီးမှ ပြန်ပေတော့"

"ဟုတ်သားပဲ၊ အေးအေးဆေးဆေးနေပေါ့ ကိုခင်ဦးရာ"

"ကျေးဇူးတင်ပါတယ် ဆရာ၊ အေးအေးဆေးဆေးနေရလောက်အောင် ကျွန်တော် အချိန်မရလို့ပါ။ အခုတောင်မှ ဆရာ့ကို ကတိမဖျက်ချင်တာနဲ့ ကျွန်တော် လာခဲ့ရတာပါ"

"သမီးယုကတောင် ကိုခင်ဦးကို တွေ့ချင်တာနဲ့ ကျောင်းမသွားဘဲ စောင့်နေရှာတာ၊ မောင်အောင်မင်းဦးနဲ့ သမီးယုတို့က မရှာတွေ့ အတန်းအတူတူပဲ"

ဦးခင်ဦး၏အကြည့်က သူမဆီသို့ ဖျတ်ခနဲ ရောက်၏။ အရင်တုန်းကလို အကြည့်က မကြာရှည်။ အပြုံးရှိသူမို့ ထင်၏။

www.burmeseclassic.com



ခဏချင်းမှာပင် သူမထံမှ အကြည့်တို့ ဖယ်ခွာသွားလေသည်။

"ဆရာတို့ တွေ့ချင်တာ ဘာကိစ္စများရှိလို့လဲ"

မေမေရော သူမပါ ငြိမ်သက်နေကြသည်။

မေမေကတော့ ဖြစ်ချင်သည်များကို သေသေချာချာရှင်းပြပြန်သည်။

မေမေ့စီမံကိန်းတွေကို ဦးခင်ဦး လက်ခံပါက အတော်ပီတိဖြစ်စရာကောင်းမှာ သေချာ၏။

"ဒီလို ကိုခင်ဦး၊ လူဆိုတာက တစ်ဘဝမှာတော့ အမှားကင်းရှိ မည်းစံမရှိပါဘူး။ ကိုခင်ဦးလိုလူမျိုး မှားတဲ့အမှားကို ပတ်ဝန်းကျင်က လက်ခံကြမှာပါ။ ဖြစ်ခဲ့တာတွေ ပြီးခဲ့တာတွေကို ကျွန်တော်တို့ မေ့ထားလိုက်ကြအောင်၊ အပြစ်ပွဲစကားတွေနဲ့လည်း ကိုခင်ဦးကို မထိုးနှက်ချင်ဘူး။ ဒီလိုရှာ ကုမ္ပဏီမှာ အရင်အတိုင်းပဲ ပြန်လုပ်ပါလား။ အားလုံးအတွက် ရည်ရွယ်ပြီး ကျွန်တော် ပြောနေတာပါ။ ကျွန်တော် တောင်းပန်ပြီး ပြောတယ်ဆိုရင်လည်း အဲဒီလို ယူဆလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုခင်ဦး၊ ကိုခင်ဦးရဲ့ သားသမီးတွေနဲ့ မိသားစုကလည်း ဘာမှပြောကြတာမှ မဟုတ်ဘဲ၊ ကိုခင်ဦး စိတ်ချမ်းသာဖို့ကိုပဲ သူတို့တွေ လိုလားကြတာ၊ အခုဖြစ်ပျက်နေတဲ့ကိစ္စတွေကိုလည်း ရပ်တန်းကရပ်ပြီး နောက်ကြောင်းပြန်လှည့်ထွက်ခဲ့ပါ ကိုခင်ဦးရာ"

သူမကတော့ ဦးခင်ဦး၏ မျက်နှာရိပ်တို့ကိုသာ အကဲခတ်နေမိသည်။ အောင်နှင့်သံယောဇဉ်ဖြစ်ရလို့လား မသိ။ သူမမျက်စိထဲမှာတော့ ဦးခင်ဦး၏အမူအရာတွေ၊ စကားလုံးတွေကို ဘဝင်မကျဖြစ်နေပြန်သည်လေ။

"ဆရာ့စကားကို ကျေးဇူးတင်သလို အစ်မကြီးရဲ့စကားကိုလည်း အားနာမိတာ အမှန်ပါပဲ၊ ကျွန်တော့်ဘဝက ဆုံးနေပြီ၊ ကျွန်တော် လုပ်ခဲ့တဲ့ အမှားက ပြင်လို့မရတော့တာ သေချာတယ်၊ ဒုက္ခနွံထဲမှာပဲ ကိုယ့်အပြစ်နဲ့ကိုယ် ခံပါရစေတော့"

"နေပါဦးဗျာ၊ ခင်ဗျားသားသမီးတွေအပေါ် သံယောဇဉ်ပြတ်နိုင်လား၊ ပြီးတော့ သွယ်သွယ့်အပေါ်မှာရော လျစ်လျူရှုပြီလား၊





အခုအချိန်က ဆုတ်လို့တက်လို့ ရသေးတယ်နော်၊ ခင်ဗျားမိသားစုကို မထောက်ပံ့တာပဲ ရှိတယ်၊ ခင်ဗျား အိမ်ပေါ်က အပြီးဆင်းနေတာမှ မဟုတ်ဘဲ"

"ပြင်လို့ မရတာတော့ သေချာတယ် ဆရာ၊ ဆရာတို့လည်း ကျွန်တော့်လိုလူတစ်ယောက်ကို ဂရုစိုက်မနေပါနဲ့တော့၊ ကျွန်တော့် အပြစ်နဲ့ကျွန်တော် ခံပါရစေ ဆရာ"

ဦးခင်ဦးကတော့ မိုက်မဲစွာဖြင့် ဒုက္ခကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပုံရသည်။

ဒီဆုံးဖြတ်ချက်က ဦးခင်ဦးတစ်ယောက်တည်းကိုသာ အကျိုးသက်ရောက်စေသည် မဟုတ်။

အောင်တို့မိသားစုတစ်ခုလုံးကိုလည်း ဒုက္ခသင့်စေမည့် အဖြစ်အပျက်ပဲလေ။

※

ဖေဖေတို့ မေမေတို့ကတော့ ဦးခင်ဦးကို လက်လျှော့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတ်။

သူမတို့ကို နှုတ်ဆက်ပြီး ဦးခင်ဦး ပြန်ဖို့ ပြင်သည်။

ဦးခင်ဦးနှင့် နှစ်ယောက်တည်း စကားပြောချင်သည့်ဟန် ဖေဖေတို့ရှေ့မှ သူမ ထွက်လာမိသည်။

"ဦး"

သူမခေါ်သံကြောင့်ပင် ဦးခင်ဦး၏ခြေလှမ်းတွေ ချက်ချင်း ရပ်ဆိုင်းသွားတော့။

ဦးခင်ဦး၏အကြည့်များက တောင်းပန်တိုးလျှိုးနေသည့်နှယ်။

"ယု . . . ဘာပြောချင်လို့လဲ၊ အပြစ်တွေစုပြုံနေတဲ့ လူတစ်ယောက်ကို ယု စကားပြောချင်သေးလို့လား"

"အောင်တို့အတွက်တော့ ရှေ့မျက်နှာ နောက်ထားပြီး ပြောရဦးမှာပဲ ဦး"

"ယုပြောနေလည်း အပိုပါပဲ၊ ယုဖေဖေတို့ မေမေတို့စကားကို ဦးငြင်းခဲ့ပြီးပြီပဲ"





"အောင် ရိုးရိုးမေကျာ့ပဲ ယူရတာရယ်၊ အောင် စပယ်ယာလိုက်နေရတာတွေကို ဦးသိတယ်နော်၊ ပြီးတော့ ဦးမှာက အရွယ်ရောက်နေပြီဖြစ်တဲ့ သမီးမိန်းကလေးနှစ်ယောက် ရှိနေသေးတယ်ဆိုတာကိုလည်း ဦးမေ့ထားလို့ မရတာ သေချာတယ်၊ ဦးလုပ်ချင်ရာတွေ လုပ်ရဖို့အတွက် သူတို့မျက်နှာတွေ၊ သူတို့မျက်ရည်တွေမှာ ဝမ်းနည်းခြင်းတွေ အများကြီး ပေးဆပ်ရမှာ၊ အဲဒီ ခဏလေး မဟုတ်ဘူး၊ သူတို့ဘဝတစ်လျှောက်လုံး ဖြစ်ရင် ဖြစ်နေမှာ"

"အခုချိန်မှာ ဘာဆိုဘာမှ မသိချင်ဘူး ယုရာ၊ ဒီတစ်ခါ စကားပြောခြင်းကို နောက်ဆုံးလို့ ယု သတ်မှတ်ချင် သတ်မှတ်နိုင်တယ်၊ ဦးကတော့ လျှောက်မိပြီးတဲ့ လမ်းကို နောက်ကြောင်းပြန် လှည့်ဖို့ စိတ်ကူးမရှိတာ အမှန်ပဲ"

ကျွဲပါးစောင်းတီး ဘုန်းကြီးတစ္ဆေ ဘုရားစာမကြောက် သလိုမျိုး ဖြစ်နေတာတော့ သေချာနေသည်။

"ယုတို့က ဘာများ ပြောနိုင်ဦးမှာလဲ ဦးရာ၊ အောင်တို့ ဘဝတွေအတွက်တော့ စိတ်မကောင်းရုံပဲ တတ်နိုင်တော့မှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



လူတွေအဖို့ ဘဝမှာ အမှားလုပ်ကြတာချင်း အတူတူမှာ လူကြီးတွေ လုပ်မိတဲ့ အမှားက ပိုပြီးအန္တရာယ်များတယ်ဆိုတဲ့ သင်ခန်းစာကို ရလိုက်တာ ပဲလို့ . . . အောက်မေ့လိုက်ပါတယ် ဦးရာ''

ရင်ထဲမှာ နာကျင်ခံစားပြီး တကယ့်ခံစားချက်ဖြင့် ပြော လိုက်မိသည်။

စိတ်မကောင်းခြင်းများစွာဖြင့် အိမ်ထဲသို့ ပြန်ဝင်ခဲ့ရလေ သည်။

❋ ❋ ❋



၄

အောင်နှင့်ကျောင်းမှာဆုံတော့ အောင့်ဖေဖေနှင့် တွေ့ခဲ့ သည့် အဖြစ်အပျက်များကို အစမှအဆုံး ပြန်ပြောပြမိပြန်သည်။

အောင့်နေရာမှ သူမ, သာဆိုရင်တော့ ပစ်ပစ်ခါခါစကား တွေ ပြောမိမှာ သေချာ၏။

ဖခင်ကို ချစ်သော အောင်ကတော့ အပြစ်ဖွဲ့စကားတွေကို တစ်ခွန်းမှ မဆို၊ မပြောခဲ့ပေ။

''ကံပဲပေါ့ ယုရယ်၊ အောင်တို့မိသားစုရဲ့ ကံပဲပေါ့၊ ဖြစ်လာမှတော့လည်း ဘာတတ်နိုင်ဦးမှာလဲ''

www.burmeseclassic.com



''အောင့်ဖေဖေကို အောင် စိတ်မနာဘူးလားဟင်''

သူ့မအမေးစကားကြောင့်ပင် အောင်တစ်ယောက် မချိပြုံး ပြုံးလေ၏။

ဝေဒနာကို သွားဆွပေးလိုက်တာ မှားများသွားလေပြီလား ... ဟု နောင်တရမိပြန်သည်။

''ပထမတော့ စိတ်ထဲမှာ တစ်မျိုးပဲ၊ ဒါပေမဲ့ ယုရယ် အောင့်ကို ဖေဖေက အချစ်ဆုံးပဲလေ၊ ဖေဖေ အခုလိုမျိုးတွေ လုပ်နေတော့ နေမရတာ အမှန်ပဲ၊ ဒီနေရာမှာ အောင်ထက်ပိုဆိုး တာက မေမေလေ၊ အောင်က ရမ်းနေရင် မေမေ့အတွက် တစ်ပူပေါ်နှစ်ပူဆင့်သလို ဖြစ်နေမှာပေါ့၊ အငယ်မကတော့ ဖေဖေ့ကို ပြောချင်ဆိုချင်တယ်၊ အောင်တို့ဘဝထဲကနေ ဖေဖေထွက်ဖို့ ခြေလှမ်းပြင်နေတော့ အောင်ကပဲ မားမားရပ်ရတော့မှာတော့၊ ဖေဖေ့ကိုယ်စား အားလုံးရဲ့ တာဝန်တွေက အောင့်ပခုံးပေါ် ကျလာတယ်လို့ပဲ မှတ်ယူလိုက်ပါတယ်''

''အဲဒီ ဒေါ်မေဇော်ကို အောင့်ဖေဖေက တကယ်ယူထား





တဲ့ သဘောပေါ့နော်၊ တခြားမှာထားလို့ တော်သေးတယ်၊ တကယ်လို့များ အောင်တို့အိမ်ပေါ် ခေါ်တင်ထားရင်တော့ ဒုက္ခပဲ''

''တိုက်ခန်းတစ်ခန်းငှားပြီး ထားတယ်လို့ ကြားရတာပဲ ယု''

''ဒါဆို ဦးက အိမ်ပေါ်ကနေ အပြီးဆင်းသွားသေးတာ မဟုတ်တဲ့သဘောပေါ့''

''အောင်တော့ မထင်ပါဘူး ယု၊ တစ်ပတ်ကို တစ်ခါ နှစ်ခါလောက် နေ့ခင်းပိုင်း ပြန်လာတယ်၊ ပြီးရင် ပြန်သွားတယ်၊ မေမေကတော့ ဖေဖေလာတဲ့အခိုက်မှာ သူ့ကိုယ်တိုင် စိတ်ချမ်းသာ အောင်ထားတယ်၊ သားသမီးတွေကိုလည်း ဆိုးသည် ကောင်းသည် ဘာတစ်ခုမှ ဝင်မပြောရဘူးလို့ တောင်းပန်ထားတယ်၊ ပြောနေ ဆက်ဆံနေကျအတိုင်း ဆက်ဆံဖို့ မှာထားတယ်''

''ဒါဆိုလည်း ဒေါ်ဒေါ်အနေနဲ့က ဦးစိတ် ပြန်လည်လာ မယ်လို့ မျှော်လင့်ပုံရတယ်''

အောင် ခေါင်းရမ်းသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အောင့်မေမေ၏မျှော်လင့်မှုက ကောက်ရိုးမျှင်ကို တွယ်ဖက်နေသူလို ဖြစ်နေရှာ၏။

"ဟုတ်တယ်နော်၊ ဦးရဲ့သဘောထားက နောက်ကြောင်းပြန်လှည့်ဖို့ မရှိတော့တာပဲ"

"ဒီအတွက်ပဲ အောင် စိုးရိမ်နေတာ၊ ဖေဖေသာ အိမ်ပေါ်က အပြီးဆင်းသွားခဲ့ရင် မေမေ့အတွက် ပူရပင်ရတယ်၊ တစ်နေ့နေ့ ဖြစ်လာမှာ သေချာနေတဲ့ကိစ္စလေ၊ ပြီးတော့ အရွယ်ရောက်နေတဲ့ ညီမလေးတစ်ယောက်၊ အောင်က ယောကျ်ားလေး၊ အောင့်အတွက်ကတော့ ဘာအရေးလဲ ယုရယ်"

အောင့်အပူ၊ အောင့်တာဝန်တွေက အများသား။

အောင်ကတော့ အတော်လေးခွေးအေးသူမို့သာ ဒီအခြေအနေကို ထိန်းထိန်းသိမ်းသိမ်းနှင့် ကိုင်တွယ်နေသူဖြစ်၏။

အောင့်နေရာမှာ တခြားတစ်ယောက်ယောက်ဆိုရင်တော့ ဖခင်နှင့်သားဖြစ်သူ ကြားမှာ မလိုလားအပ်သော ပြဿနာတွေ ဖြစ် ပွားမှာ သေချာ၏။



"အခု ယုပြောတဲ့ စကားက သွေးထိုးစကားတော့ မဟုတ်ဘူးအောင်၊ ဦးအနေနဲ့ လုပ်ချင်တာကို လုပ်ပြီဆိုရင်တော့ အားလုံးကို တိခနဲ ဖြတ်သွားသင့်တယ်၊ အခုဟာက တစ်မျိုးပဲ၊ အောင့်မေမေ အတွက်ရော၊ အောင်တို့အတွက်ပါ ရတက်မအေးရဘူး၊ အောင်တို့ ဘဝထဲမှာ သူမရှိတော့ဘူးဆိုတဲ့ အသိကို ထားလိုက်ရင်လည်း အကောင်းသား"

"ယုပြောသလို အောင်လည်း တွေးမိတယ်၊ နောက်မဆုတ်တော့မယ့် အတူတူတော့ အားလုံးနဲ့ ပြတ်ပြတ်စဲစဲ လုပ်သွားစေချင်တယ်၊ ခံရလည်း တစ်ခါပဲ ခံရမှာ၊ အခုဟာက ယုရယ် ယုပဲ စဉ်းစား ကြည့်ပါတော့"

"ဟုတ်တယ်နော် အောင်၊ ဒေါ်ဒေါ်တစ်ယောက်တည်းအတွက်ကတော့ ဘာအရေးလဲ၊ သူ့လင်သူ့မယားကိစ္စလေ၊ အခုဟာက အရွယ်ရောက်နေတဲ့သား ရှိတယ်၊ ပြီးတော့ သမီးနှစ်ယောက် ကလည်း ရှိနေသေးတာ"

"မေမေကတော့ ဖေဖေ့အပေါ် သံယောဇဉ် မကုန်တာ

www.burmeseclassic.com

www.burmeseclassic.com



တော့ အရမ်းသေချာတယ် ယု၊ ရှေ့အပတ်ထဲမှာတောင် ဝါဆို သင်္ကန်းကပ်မလို့တဲ့လေ၊ ဖေဖေက ဝါဆိုလပြည့်နေ့တိုင်း ဝါဆို သင်္ကန်းကပ်နေကျ မဟုတ်လား၊ မရှိမဲ့ရှိမဲ့နဲ့ ဖေဖေလုပ်နေကျ ဝါဆို သင်္ကန်းကပ်ဦးမှာ၊ သူတို့ချင်း ပြောနေကြတာ ယု၊ ဖေဖေကတော့ အဲဒီနေ့ မလာနိုင်ဘူး၊ မအားဘူးလို့ ပြောတာပဲ၊ မေမေကတော့ အားလုံး စီစဉ်ပြီးပြီ ယု၊ ယုဖေဖေနဲ့ မေမေ့ကိုတောင် မေမေ ဖိတ်ခိုင်းလိုက်သေးတယ်''

အောင့်မေမေအကြောင်း သိရတော့ ဦးခင်ဦးအပေါ် ပိုလို့ပင် ဒေါသတရား ဖြစ်မိသည်။

မင့်ညှာမထောက်ထားတတ်သော ယောကျ်ား တစ်ယောက်ယောက်ကိုတော့ အော့နှလုံးနာမိပြန်သည်လေ။

⁂

''အောင်မင်းဦး မလာလို့ မျှော်နေတာလား ယု''

စာသင်ခန်းထဲမှာ တစ်ယောက်တည်း ထိုင်ပြီး လမ်းမ





ဘက်ကို ငေးနေတုန်းမှာ ယဉ်ယဉ်အေး မေးလာ၏။

အိဖြူကလည်း အားကျမခံ။

အောင်နှင့် ပတ်သက်ပြီး နောက်ပြောင်ပြန်သည်။

''မဟုတ်ဘူးလို့သာ အိုက်တင်ခံနေကြတာ၊ လူတွေ အားလုံးကတော့ ယုနဲ့အောင်မင်းဦးကို ကျောင်းစတက် ကာလ တည ်းက ချစ်သူတွေလို့ သတ်မှတ်ထားကြတာ''

''ယုတို့က သူငယ်ချင်းတွေပါနော်၊ အခုထိ ရိုးရိုးသားသား ပါပဲ''

''ဒါဆိုရင် ငါမေးမယ် ယု၊ နင်တို့ ရိုးသားကြတာက ဘယ်လောက်ထိ ခံမှာလဲ၊ ဒီစာသင်နှစ်တောင် ကုန်ပါဦးမလား ဟာ''

''ဟုတ်တယ် ဟုတ်တယ်၊ အောင်မင်းဦးက ချစ်တယ်လို့ တစ်ခွန်းပဲ ပြောလိုက်၊ အဲဒီရိုးသားမှုဆိုတဲ့ စကားလုံးကြီးက မြောင်းထဲ အလိုလို ရောက်သွားတော့မှာ''

သူမနှင့် အောင်တို့၏ သံယောဇဉ်စကားတွေ။



www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင် အတွယ်အတာတွေကြောင့်ပင် လူတွေက ပြောဆိုနေကြပြီ။

မပြေးသော်လည်း ကန့်ရာရှိနေသည့် အခြေအနေမို့ သူမ အနေဖြင့် အကြောက်အကန် မငြင်းရဲပြန်။

"ငါတို့ဘာသာ ဒီအတိုင်းနေရင် အကြာကြီးကြာရင် ကြာဦးမှာ၊ နင်တို့ ပြောလို့ ဆိုလို့ အဲဒီရိုးသားမှုက အရောင်ပြောင်း သွားမှာ သိလား"

"နင် ဝန်ခံတယ် မဟုတ်လား ယု"

"ဟုတ်ပါတယ်ဟာ၊ ဒါကြောင့် ယုကို နောက်ယောင်ခံ လိုက်တဲ့ အကောင်တွေအားလုံး အရေးမစိုက်ဘဲ နေ့နေနိုင်တာ ပေါ့"

"ဟုတ်တယ်ဟေ့၊ ငါ့အဖို့မှာတော့ ဒီတစ်လောကလုံးမှာ အောင့်ကိုပဲ ယောကျ်ားတစ်ယောက်လို့ ထင်နေတာ၊ မှတ်ပြီလား"

"ဟယ် . . . ကြည့်စမ်း။ ငါတို့နောက်တိုင်း နင် လျှောက် ပြောနေတာ၊ အောင်မင်းဦးက ဘယ်ကနေ ဘယ်လို အနားရောက် လာတာလဲ မသိဘူး"



တိုးတိုးကပ်ပြောလာသော အိဖြူစကားကြောင့် သူမ မျက် နှာရဲတက်သွားမိသည်။

သူမ အော်ပြောလိုက်ခြင်းကို အောင်တစ်ယောက် ကြား သွားပြီလား မသိ။

ရှက်စိတ်ဖြင့် နောက်ကို ငဲ့ကြည့်ဖြစ်သည်။

"ယုတစ်ယောက်တော့ ငါတို့ဗိုင်းကြပ်တာနဲ့ နှစ်ခါ အလိမ်ပေါ်ပြီဟေ့၊ တွေ့လား ယဉ်ယဉ်အေး"

တကယ်တမ်းကျတော့ အောင်ရောက်မလာပေ။

ရှက်စိတ်ကြောင့်ပင် အိဖြူကျောကုန်းကို ခပ်နာနာလေး ထုလိုက်မိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



၅

အောင်နှင့် အောင့်မေမေက ဖိတ်ထားသည့်မှ ဝါဆို သင်္ကန်း ကပ်ကို သွားဖို့ ညကတည်းက ပြင်ပြင်ဆင်ဆင် လုပ်ထား သည်။

အိပ်ရာဝင်ခါနီးမှာပင် အောင်တို့အလှူနှင့် ပတ်သက်ပြီး မေမေ့ကို ပြောလာသည်။

"ဝါဆိုသင်္ကန်းကပ်ကို ဖေဖေတို့ မအားလို့ မလိုက်နိုင်ဘူး ဆိုတဲ့အကြောင်း သွယ်သွယ့်ကို ပြောပြလိုက်ဦးနော် သမီး"

"စိတ်ချပါ ဖေဖေ၊ သမီးတစ်ခုပြောချင်လို့ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သမီး"

"မနက်စောစော ကားယူပြီး သမီးသွားချင်တယ်၊ ဒရိုင်ဘာ မခေါ်သွားတော့ဘူး၊ အဲဒါပြောမလို့ ဖေဖေ"

အလှူမှာ ဘုန်းကြီးပင့်တာတွေ ဘာတွေမှာ သုံးဖို့ ကားတစ်စီးတော့ လိုမှာ သေချာ၏။

သူမ၏တောင်းဆိုမှုကို ဖေဖေတို့ကလည်း အသာတကြည် လက်ခံကြသည်။

"ယူသွားလေ သမီး"

ဒီနေ့ညတော့ စောစောအိပ်ရာဝင်မှ ဖြစ်ပေမည်။ မနက်စောစောထပြီး အောင်တို့အိမ်ကို ရောက်အောင်သွားရမည်။

အောင်တို့ကတော့ သူမတစ်ယောက် စားချိန်သောက်ချိန်မှ ရောက်လာလိမ့်မည် ... ဟု ထင်ကြမှာ သေချာသည်။

မနက်စောစောစီးစီး ကားတစ်စီးဖြင့် ရောက်သွားပါက အောင်တို့တစ်မိသားစုလုံး အံ့ဩသွားမှာ သေချာ၏။

※



အောင်တို့အိမ်ကိုရောက်တော့ မနက်ငါးနာရီထိုးသာသာ ရှိသေး၏။

သူမ ကားထိုးရပ်ပြီး အောက်သို့ဆင်းသည်နှင့် အိမ်ပေါ်မှ ဆင်းလာသော အောင့်ကို တွေ့ရသည်။

"ဟာ ... ယုပါလား၊ အစောကြီးရောက်လာတယ် ဟုတ်လား"

"အောင်ပဲ ပြောတာလေ၊ ဘုန်းကြီးတွေကို အရုဏ်ပင့်ထားတာဆို"

"ဟုတ်တော့ ဟုတ်တယ်၊ ယု အေးအေးဆေးဆေးမှ လာခဲ့ဖို့ ပြောထားတာလေ"

"အခု အောင် ဘယ်သွားမှာလဲ"

"ဘုန်းကြီးကျောင်းသွားမလို့ ... ယု"

"ကားသော့ယူသွား အောင်၊ ဒီကားနဲ့ပဲ ဘုန်းကြီးသွားပင့်၊ ယုကတော့ ဒေါ်ဒေါ်တို့နဲ့ လုပ်စရာရှိတာတွေ လုပ်ထားလိုက်မယ်၊ ဘာကြောင့်ပြီး ကြည့်နေတာလဲ အောင်၊ ကားသော့ ယူလေ"

www.burmeseclassic.com

www.burmeseclassic.com



သူမ အသိပေးမှပင် ကားသော့ကို အောင်လှမ်းယူ၏။

"ယု ရောက်လာတာရယ်၊ ယုစကားတွေကြောင့်ပဲ အောင် ဘာစကားမှ ပြန်မပြောတတ်အောင် ဖြစ်သွားတာ၊ လာလေ ... ယု၊ ပြီးမှ အောင် ဘုန်းကြီးကျောင်းသွားမယ်"

အောင်နှင့်အတူ အိမ်ပေါ်သို့ လှမ်းတက်လိုက်သည်။ အောင့်ဖေဖေအတွက် ရည်ရွယ်ပြီးလုပ်သောအလှူကို အောင့်ဖေဖေ ရောက်မလာပေမယ့် သူမ, ရောက်လာသည်မို့ အောင်တို့ မိသားစုလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။

"သမီးလေး ယုပါလား"

"မမယုက အစောကြီးရယ်၊ ဉမ္မာတို့တောင် အခုမှ အိပ်ရာထတာ"

"ဘုန်းကြီးပင့်ဖို့ အမီရောက်လာတာလေ၊ ကဲ .. အောင် ဘုန်းကြီးသွားပင့်တော့လေ"

"ဆရာတို့ အစ်မတို့ရော လာကြမှာလား ယု"

"ဖေဖေတို့က မအားလို့ မလာနိုင်ကြဘူး ဒေါ်ဒေါ်၊





ဒါကြောင့် ယုကို ကားတစ်စီးနဲ့ အစောကြီးလွှတ်လိုက်တာ"

တကယ်တမ်းကျတော့ အောင်တို့အလှူက အကျဉ်းရုံး ယားခြင်းဖြစ်၏။

အရင်းအရင်းနှစ်တွေ ဝါဆိုသင်္ကန်းကို ဖေဖေတို့နှင့်အတူ သူမ, လိုက်ပါခဲ့ဖူး၏။

အိမ်ထောင်ဦးစီး တာဝန်မဲ့သွားသော မိသားစု၏ အခြေ အနေမှာ သိသိသာသာပင် ပြောင်းလဲသွားခဲ့သည်ပဲ။

*

တရားနာပြီးသည်နှင့် အနီးအပါးမှ လူတွေကို အုန်းနို့ ခေါက်ဆွဲကျွေး၏။

အုန်းနို့ခေါက်ဆွဲကို အောင်နှင့်အောင့်မေမေတို့ ချက်ကြ သည် ... ဟု ဆို၏။

"ယု ... အောင့်လက်ရာကို မကဲ့ရဲ့ရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အဝစားမှာ အောင်၊ အုန်းနို့ခေါက်ဆွဲကို ယူကြိုက်တာ အောင် သိသားပဲ၊ ညကတောင် ကောင်းကောင်း အိပ်ပျော်တာ မဟုတ်ဘူး"

သူမ၏အပြောင်အပျက်စကားကြောင့် အောင်တို့မိသားစု အားလုံး ပွဲကျသွားကြလေ၏။

အားလုံး၏မျက်နှာတွေမှာ အရယ်အပြုံးတွေနှင့် ကင်းဝေး ခဲ့သော ဘယ်လောက်တောင် ရက်တွေကြာခဲ့ပြီ မသိ။ တကယ့်ကို လွတ်လပ်ပေါ့ပါးစွာ ရယ်မောကြနေသည်ပဲ။

စားဖို့သောက်ဖို့လာရင်း လူတွေက အောင့်ဖေဖေ အကြောင်းကို မသိမသာ စပ်စုကြတာကို သူမ ကြားနေတွေ့ နေရ၏။

လူကဲ့သွားသောအချိန်၊ နံနက်ဆယ်နာရီ ထိုးခါနီးမှာတော့ မထင်မှတ်ထားသော အဖြစ်အပျက်တို့ ဖြစ်ပျက်ခဲ့လေ၏။

"ကိုကြီး ဖေဖေတို့ လာနေတယ်"

အိမ်ပေါ်မှာတော့ ဧည့်သည်တွေ တစ်ယောက်စ နှစ်





ယောက်စသာ ရှိနေ၏။

ဖေဖေတို့ဆိုသော ဉမ္မာဦး ပြောလိုက်သည့် စကားရပ် ကြောင့်ပင် အောင်နှင့်အတူ အိမ်ပေါက်ဝဆီသို့ လှမ်းကြည့်မိသည်။

ဒေါ်မေဓော်က ဦးခင်ဦးလက်ကို အမှတ်တမဲ့တွဲပြီး အိမ် ပေါ်သို့တက်လာ၏။ အောင့်မျက်နှာဆီ အကြည့်ရောက်သည်။ အောင်တစ်ယောက်သာမက ညီမနှစ်ယောက်စလုံးလည်း ရုပ်မျက် ဆင်းပျက် ဖြစ်နေကြ၏။

ထိုအခိုက်အတန့်လေးမှာပင် အောင့်မေမေ၏ ဖိတ်ခေါ်မှု အသံထွက်ပေါ်လာလေသည်။

"ကိုခင်ဦးတို့ ဒီဝိုင်းမှာ ထိုင်ကြ၊ ကျွန်မကဖြင့် ကိုခင်ဦး မလာတော့ဘူးလို့တောင် အောက်မေ့နေတာ"

အောင့်မေမေက ဧည့်ဝတ်ကျေပြနေသော်လည်း စားပွဲဝိုင်း ကို ဘယ်သူကမှ မပြင်ပေးပေ။ ဉမ္မာတို့ညီမနှစ်ယောက်က အရင် အိမ်ပေါ်မှ ဆင်းသွားသည်။ ရုပ်ပျက်တော့မည်ဆိုတာသိ၍ စားပွဲ များကို သူမ ဝင်ပြင်ပေးလိုက်၏။ အောင်တစ်ယောက်လည်း အနား



www.burmeseclassic.com

www.burmeseclassic.com



မှ ထွက်သွားပြီး အိမ်ပေါ်မှ ဆင်းသွားပြန်သည်။

သူမ, ပြင်ပေးသော မုန့်ပန်းကန်တွေ စားပွဲပေါ်ရောက်သည်နှင့် အောင့်မေမေစကားသံ ထွက်လာပြန်၏။ လေသံကတော့ စောစောကလောက် သွက်လက်ခြင်း မရှိတော့ချေ။

"စားကြနော်"

"မလာဘူးလို့ နေတာ၊ မျက်မှန်မေ့ကျန်ခဲ့တာနဲ့ လမ်းကြိုလို့ ဝင်ယူတာ၊ မစားတော့ဘူး"

ဦးခင်ဦး၏ အသံ။ ဒေါ်မေဇော်ကတော့ ဣန္ဒြေရရဖြင့် စကားဝင်မပြောပေ။

ဦးခင်ဦး အလျင်စလိုဖြစ်ခြင်းမှာ သူမ, ရှိနေသောကြောင့်ဆိုတာ သေချာနေသည်ပဲ။

"ကျွန်မ သိမ်းထားပါတယ်"

ပြောပြောဆိုဆိုနှင့် အောင့်မေမေ ထသွား၏။

ဦးခင်ဦး ထမည်ပြင်တော့ ဒေါ်မေဇော်က အသာဆွဲထားသည်ကို မြင်ဖြစ်အောင် မြင်လိုက်သေး၏။



အောင့်မေမေ ပြန်ရောက်လာပြီး မျက်မှန်ပေးသည်။

"ဘာယူဦးမလဲ ကိုခင်ဦး"

"မလိုတော့ပါဘူး၊ သွားမယ်"

အိမ်ရှေ့ကို လှမ်းကြည့်လိုက်တော့ ကားကို မတွေ့တော့ပေ။ စောစောကြားလိုက်ရသော ကားစက်နှိုးသံနှင့်အတူ မောင်နှမသုံးယောက် တစ်နေရာရာကို ထွက်သွားကြပြီထင်၏။

ဒေါ်မေဇော်က မျက်နှာပြောင်တိုက်ပြီး လိုက်လာဝံ့သည်ထားဦး။ ဦးခင်ဦးအနေဖြင့် ခေါ်လာဖို့ မသင့်ပေ။

ဦးခင်ဦး၏ ဦးနှောက်တွေမှာ ဆင်ခြင်တုံတရား လက်လွှတ်ကုန်ပြီလား မပြောတတ်တော့ပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com





# ၆

ဦးခင်ဦးတို့ အိမ်ပေါ်တက်လာကတည်းက အောင့်မေမေ စိတ်တင်းထားသည်ကို သူမ ရိပ်မိသည်။

ဦးခင်ဦးတို့ အိမ်ပေါ်မှ ဆင်းသွားသည်နှင့် မတ်တတ်ရပ်ဖို့ အောင့်မေမေ ကြိုးစားသည်။

ညက အိပ်ရေးပျက်ထားတာရော၊ စိတ်မကောင်းဖြစ်တာရော, ရောထွေးသွားသည် ထင်၏။

အောင့်မေမေနှင့်အတူတူ ထရပ်မိခြင်းကြောင့်ပင် မြလဲကျမည့်အရေးကို အချိန်မီ ထိန်းထားလိုက်နိုင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမူးလို့လား ဒေါ်ဒေါ်"

"အေးကွယ် အထဲမှာ မိုက်ခနဲ ဖြစ်သွားတာ၊ သမီးယုသာ အနားမှာ မရှိရင်တော့ ပစ်လဲကျသွားမှာ သေချာတယ်"

"သမီးမှီထား ဒေါ်ဒေါ်၊ ခုံပေါ်မှာ ခဏလှဲနေဦး။ သံပရာ ရည် သမီးဖျော်လိုက်မယ်"

အနီးနားရှိဆက်တီခုံပေါ်မှာ အောင့်မေမေကို မှီထိုင်စေ၏။

အသင့်တွေ့သော သံပရာသီးဖြင့် သံပရာရည်တစ်ခွက်ရ အောင် ကြိုးစားလိုက်ရသည်။

"ကျေးဇူးပါပဲ ယုရယ်၊ ဒေါ်ဒေါ့်အပူဒုက္ခက ကြီးလွန်းပါ တယ်"

"အားလုံးကို မေ့မေ့ပျောက်ပျောက်ထားလိုက်ပါ ဒေါ်ဒေါ်၊ တကယ်ဆို ဦးက အလုပ်မဟုတ်တာ၊ ဒီမိန်းမကို မခေါ်လာသင့်ဘူး။ အောင်တို့မောင်နှမတွေမှိုလို့သာ၊ သမီးသာ သူတို့နေရာမှာနေရင် တော့ ပြဿနာဖြစ်မှာ သေချာတယ် ဒေါ်ဒေါ်"

"အေးကွယ်၊ ဒေါ်ဒေါ့်မှာလည်း ရင်ဖွင့်စရာ၊ ပြောစရာလူ ဆိုလို့ အနားမှာ တစ်ယောက်မှမရှိဘူး ယု၊ ကလေးတွေက ဒေါ်ဒေါ့်





စကားကို နားထောင်ကြပါတယ်၊ ဒီနေ့အဖြစ်အပျက်ကတော့ တော် ဘော့်ကို အရုပ်ဆိုးလွန်းပါတယ်၊ ကလေးတွေအလွန် မဟုတ်တော့ ဘူးလေ၊ သူနဲ့ကတော့ ရေစက်ကုန်သွားပြီ ထင်ပါတယ် ယုရယ်"

အောင့်မေမေစိတ်ကိုက ပျော့လွန်းသည် ... ဟု ထင်မိ သည်။ ကိုယ့်အပေါ် မကြင်သူကို ဘာမှအကဲပိုပြနေစရာ မဟုတ်။ အောင့်မေမေကြောင့်ပင် ဦးခင်ဦးက တစ်စတစ်စ အတင့်ရဲလာခြင်း ဖြစ်၏။

စိတ်ထဲမှာရှိသည့်အတိုင်းတော့ အောင့်မေမေကို မပြောပြ ဖြစ်ပေ။

*

"ဒေါ်ဒေါ်ရယ် သံယောဇဉ်ကြီးတယ်ဆိုတာ ထားသင့်တဲ့ လူကို ထားရတာ၊ အခုကိစ္စမှာက ကိုယ့်အပေါ် မကြင်လို့ လုပ်ချင် ရာတွေ လုပ်သွားတာ၊ ပြီးတော့ ဝေးဝေးမသွားပြန်ဘူး ကိုယ့်နှလုံး သားကို တမြေ့မြေ့ဖြစ်အောင် လုပ်ပြနေတာ၊ ဒီလိုလူမျိုးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ် ပြတ်ပြတ်သားသား ဆက်ဆံသင့်တယ်၊ မဟုတ်ရင် အောင်နဲ့ပြဿနာဖြစ်မယ်၊ အငယ်မနှစ်ယောက်ကလည်း ရှိနေသေးတယ် မဟုတ်လား ဒေါ်ဒေါ်''

''အေးကွယ်၊ သူနဲ့ပတ်သက်ပြီး ဒေါ်ဒေါ် ဒီနေ့ပဲ အားလုံးအတွက် စိတ်လျှော့လိုက်ပါပြီ''

ဒီစကားတွေကို ဦးခင်ဦးကြားရင် ရောင့်တက်မှာ သေချာသည်။ အောင်တို့မောင်နှမတွေ ကြားရင်လည်း ဒေါသဖြစ်ကြဦးမည်။

''ချစ်လို့ကြိုက်လို့ ပေါင်းသင်းခဲ့ကြတာ နှစ်ရှည်လများကြာခဲ့ပြီဆိုပေမယ့် အခုအချိန်မှာ သူစိမ်းဖြစ်သွားခဲ့ပြီ ဒေါ်ဒေါ်၊ အရာရာဟာ အားလုံးပြီးဆုံးသွားခဲ့ပြီပဲ''

''ဘာလဲ ယု၊ မင်းဦးလေးက ဒေါ်ဒေါ့်ကို တကယ်ချစ်ပြီး ယူခဲ့တာလို့ ထင်နေလို့လား''

သူမ၏အတိုအထောင်စကားတွေကြောင့်ပင် အောင့်မေမေတစ်ယောက် ပေါက်ကွဲထွက်လာသည် ထင်၏။



ဦးခင်ဦးအပေါ် နာကြည်းပြတ်စဲနိုင်အောင် တမင်သွေးထိုးလိုက်မိပြန်သည်။

''ဒါပဲ ဒေါ်ဒေါ်၊ ယောကျ်ားတစ်ယောက်ရဲ့ချစ်ခြင်းတရားဟာ၊ အချိန်ကာလနဲ့အမျှ အပြောင်းအလဲတွေ ရှိနေတယ်ဆိုတာ သေချာပေါက် တွက်လို့ရသွားပြီ၊ သူတို့ဟာ သစ္စာမဲ့ချင်လာပြီဆိုရင် နိုင်ငံပြတဲ့ချစ်ခြင်းတရားတွေ၊ နှစ်ကြာတဲ့ သံယောဇဉ်တွေကို အလွယ်တကူပဲ ကျော်ခိုင်းထွက်သွားနိုင်တဲ့ သဘောရှိတယ်''

''မဟုတ်သေးဘူး ယု . . . ကိုခင်ဦးအနေနဲ့ အစကတည်းကိုက ဒေါ်ဒေါ့်ကို ချစ်မြတ်နိုးလို့ လက်ထပ်ပေါင်းသင်းခဲ့တာမှ မဟုတ်ဘဲ''

''ဘာပြောတယ် ဒေါ်ဒေါ်၊ ဦးက အန်တီ့ကို ချစ်လို့ ယူခဲ့တာ မဟုတ်ဘူး ဟုတ်လား''

''ဟုတ်တယ် ယု၊ ဒေါ်ဒေါ်နဲ့သူဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်ခဲ့ကြပြီးမှ လက်ထပ်ခဲ့ကြတာ မဟုတ်ဘူး၊ နှစ်ဘက်မိဘတွေ သဘောတူပေးစားလို့ ယူခဲ့ကြတာ၊ ဒါကြောင့်ပဲ တွယ်

www.burmeseclassic.com

www.burmeseclassic.com



ဖက်စရာ တစ်ခုကို တွေ့တာနဲ့ အိမ်ထောင်စုဆိုတဲ့ သံယောဇဉ်က နေပြီး သူ့ အလွယ်တကူပဲ ရုန်းထွက်သွားခဲ့တာပေါ့ ယုရယ်''

အောင့်ဖေဖေနှင့် အောင့်မေမေတို့၏ ရာဇဝင်အကျဉ်းချုပ်ကို ပထမခုံးကြားဖူးခြင်းလည်း ဖြစ်၏။

အံ့သြခြင်းများနှင့်အတူ စိတ်ထဲမှာ ဖြစ်ပေါ်လာသော သိလိုသည်များကို စပ်စုမိလိုက်ပြန်သည်။

✻

''ဒေါ်ဒေါ်ကရော ဦးကို မချစ်ဘဲနဲ့ ယူခဲ့တာပေါ့နော်''

''ဟုတ်တယ်လို့ ပြောရမယ် ယု၊ မိဘတွေကြောင့်ပဲ အိမ်ထောင်ပြုခြင်းအမှုကို ဒေါ်ဒေါ်တို့ ပြုခဲ့မိကြတယ်၊ သူကလည်း ငယ်၊ ဒေါ်ဒေါ်ကလည်း ငယ်တယ်ကွဲ့၊ ဒါပေမဲ့ အောင့်ကိုယ်ဝန်စ,ရတဲ့ အချိန်မှာပဲ သူ့အပေါ် ဒေါ်ဒေါ် ချစ်သွားခဲ့မိတယ်၊ သူလည်း ဒေါ်ဒေါ့်လိုပဲ ဖြစ်မှာပါပဲလို့ လွယ်လွယ် တွေးခဲ့တယ်''

''အခုချိန်ရောက်မှ သူ ဒေါ်ဒေါ်လို မချစ်ခဲ့ဘူးဆိုတာ





သိသာခဲ့တာပေါ့၊ တကယ်တော့ ဖြစ်ပြီးတဲ့ အိမ်ထောင်မှုကို ဝတ္တရားကျေရုံလောက်ပဲ ဒေါ်ဒေါ့်အနားမှာ နေလာခဲ့တာလေ''

''ဒေါ်ဒေါ် ပြောခဲ့ပြီးပါပြီကော၊ အောင့်ကိုယ်ဝန်လွယ်တဲ့အချိန်မှာ သူ့အပေါ် ချစ်မြတ်နိုးတဲ့စိတ် ဖြစ်ခဲ့တယ်၊ ဒါကို ဒေါ်ဒေါ်ရင်ထဲမှာပဲ ထားတယ်၊ ပါးစပ်က ဖွင့်ဟ,မပြောပြခဲ့ပေမယ့် အစစအရာရာမှာ သူ့သဘောဆန္ဒတွေနဲ့ ဘယ်တော့မှ မလွန်ဆန်ခဲ့ဘူး''

''အခုအချိန်မှာ ဒေါ်ဒေါ်တို့ကို ပေးစားခဲ့တဲ့ နှစ်ဘက်မိဘတွေ မရှိတော့တာလည်းပါမယ် ထင်ရဲ့၊ မိဘတွေ ရှိနေသေးရင်တော့ ဒီလိုအပြုအမူမျိုးကို သူလုပ်လိမ့်မှာ မဟုတ်ဘူးလို့ထင်တာပဲ''

အောင့်မေမေက သူမ ထင်ထားသည့်ထက်ပင် ရိုးသားနေပြန်၏။ ဒါကြောင့်လည်း ဦးခင်ဦးက ဒေါ်ဒေါ်အပေါ် သစ္စာမဲ့သွားခြင်း . . . ဟု နားလည်လိုက်မိသည်လေ။

အခုတော့ . . . ဇာတ်လမ်းက ဆုံးခန်းတိုင်သွားခဲ့ပြီ။

''ပြီးခဲ့တဲ့ ဖြစ်ခဲ့တဲ့ ကိစ္စတွေအတွက် ဝမ်းနည်းပြီး အရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဝေနေလို့ ပြီးမှာ မဟုတ်ဘူး ဒေါ်ဒေါ်၊ ဦးခင်ဦးကလည်း ပြဿနာကို အလွယ်တကူနဲ့ အဆုံးသတ်မှာ မဟုတ်ဘူး။ ဒေါ်ဒေါ့်ဘက်က ပြတ်သားမှ ဖြစ်လိမ့်မယ်၊ ဒေါ်ဒေါ်တစ်ယောက်တည်းဆိုရင် ဘာအရေးလဲ၊ အဓိက ကျနေတာက အောင်ပဲ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်သံယောဇဉ်မပြတ်လေ အဖေနဲ့သား ထိပ်တိုက်တွေ့ကြဖို့ အန္တရာယ်များလေပဲ၊ ပြီးတော့ အငယ်နှစ်ယောက်ကလည်း ရှိသေးတယ် မဟုတ်လား"

သူမပြောသောစကားများကို နားထောင်ပြီး အတန်ကြာအောင် အောင့်မေမေ ငြိမ်သက်နေသေး၏။

အိမ်ရှေ့သို့ ကားပြန်ရောက်လာသောအခါမှ ဆုံးဖြတ်ချက်တစ်ခုကို အောင့်မေမေ မြန်မြန်ပြောလိုက်၏။

"ဒီနေ့ ဒီအချိန်မှာပဲ ဒေါ်ဒေါ်ဆုံးဖြတ်လိုက်ပါပြီကွယ်၊ ဒေါ်ဒေါ့်ဘက်က ပြတ်သားဖို့ သတ္တိတွေ မွေးတော့မယ်"

အောင့်မေမေ စကားဆုံးတော့ အောင်တို့မောင်နှမသုံးယောက် အိမ်ပေါ်တက်လာကြသည်။





အောင်နှင့် ဥမ္မာဦးတို့ကတော့ မျက်နှာမကောင်းပေမယ့် စကားဖြင့် မပြောရက်ကြပေ။ ကလျာဦးကတော့ ငယ်သူပီပီ အောင့်မေမေကို စကားနာထိုးလေတော့၏။

"မေမေ့ ယောကျ်ားကတော့ တော်တော်တရားလွန်ပြီး၊ ပြဿနာရှာနေပြီနော်၊ ပတ်ဝန်းကျင်ကို လုံးဝဂရုမထားတော့ဘူး၊ မေမေ ဆက်ပြီး ခေါင်းငုံ့နေမယ်ဆိုရင်တော့ သမီးတို့တွေ ရှက်လို့ သေဖို့ပဲ ရှိတော့တယ်"

အောင့်မေမေက စကားဖြင့် ကျေနပ်အောင် အဖြေမပေးသေး။

အံတစ်ချက်ကြိတ်ပြီး မျက်ရည်ပေါက်တွေ ကျနေပြန်၏။

ဥမ္မာဦးကတော့ အောင့်မေမေ၏မျက်ရည်များကို သုတ်ပေးသည်။ အောင်ကတော့ ကလျာဦး၏ပခုံး ညင်သာစွာကိုင်ပြီး သိမ့် ဖျောင်းဖျဟန်ပြုနေပြန်သည်လေ။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com





## ၇

တကယ်တော့ အောင်နှင့် ရင်းနှီးကျွမ်းဝင်ဖြစ်ခဲ့ရခြင်း အဓိကအကြောင်းရင်းမှာ အောင့်ဖေဖေ၏ သစ္စာမဲ့မှုကြောင့်ပင် ဖြစ်၏။

အောင့်ဘဝ၊ အောင့်စိတ်ထားတို့ကို သနားကြင်နာ လေးစားခဲ့ရမှာက သံယောဇဉ်တို့ ရစ်ချည်မိပြီးသား ဖြစ်နေပြန်၏။

အောင့်မေမေ၏ ရိုးသားမှုနှင့် ချစ်ခြင်းတရားတို့ကို သိရ ပြန်တော့ ရင်ထဲမှာ အမျိုးအမည်မသိ ခံစားမှုတစ်ရပ် ဖြစ်ရသည် လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီခံစားမှုက အောင့်မိဘတွေ၏ဖြစ်ရပ်နှင့် မပတ်သက်မှန်း ဘာသာသိသည်ပဲ။

ရှေက်တမ်းဝန်ခံကြေးဆိုရင် သူမနှင့်အောင်တို့၏ ခံစားမှု သက်သက်သာ ဖြစ်လေ၏။

တကယ်လို့သာ အောင်နှင့်သူမတို့၏ ကံကြမ္မာသည် ဘယ်သို့ရှိမည်ဆိုပြီး စဉ်းစားခြင်းတွေက ရင်မှာ ကြီးစိုးနေ၏။

"ယုယုမိုး"

ဖေဖေ့ကားဖြင့် အကြိုလိုက်ခဲ့သောကြောင့် ကျောင်းကို စောစီးစွာ ရောက်ဖြစ်သည်။

ကျောင်းသားကျောင်းသူတွေ ရောက်ခါစမို့ လမ်းမပေါ်မှာ လူသူကင်းသလို ဖြစ်နေ၏။

ခေါ်သံကို လှည့်မကြည့်ဘဲ သူမ သိနေသည်။ သူမ နောက်ကို တကောက်ကောက်လိုက်နေသောသူတစ်ဦး။

သူမနှင့် ယှဉ်လျှောက်ပြီး စကားတွေ ပြောနေပြန်၏။

"မင်း တို့ကို ဘာလို့ ညာရတာလဲ ယုယုမိုး"





လိုက်နှောင့်ယှက်လွန်း၍ အောင့်ကို အသုံးချပြီး ပြီးစလွယ် ပြောလိုက်မိသည့် စကားကို ပြောနေခြင်း ဖြစ်၏။

မသိသလိုဖြင့် လေသံမာမာ ပြောလိုက်သည်။

"ရှင့်ကို ညာပြောရလောက်အောင် ရှင်က ကျွန်မအတွက် အရေးကြီးတဲ့လူတစ်ယောက်မှ မဟုတ်တာဘဲ"

"မင်း ညာပါတယ်၊ မင်းနဲ့ အောင်မင်းဦးက ဘာမှ ပတ်သက်ကြတာမှ မဟုတ်တာဘဲ၊ ရိုးရိုးတန်းတန်း ခင်မင်နေတဲ့သူတွေ ဆိုတာ ငါ သိပြီးပြီ"

ဒီလောက်ဖွဲကောင်းသည့် ပုဂ္ဂိုလ်မျိုးကို မတွေ့ဖူးသေးပေ။

အလိုမတူလို့ ညာပြောတာကို သိရင်လည်း နောက်ဆုတ်ဖို့ ကောင်းနေပြီ။

သူမ ပြောလိုက်မိသော စကားကို ယဉ်ယဉ်အေးက ဖော်ကောင်လှုပ်သည်လား။ အိဖြူကပဲ ပြောလိုက်သည်လား မသိ။

ယဉ်ယဉ်အေးရော၊ အိဖြူပါ ဒီပုဂ္ဂိုလ်ကို ကြည့်လို့ရသော မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သိချင်စိတ်ကြောင့်ပင် မေးလိုက်မိသည်။

"နေစမ်းပါဦး၊ ရှင်က ဘယ်သူ့ကို သွားမေးလို့ ခိုင်ခိုင်မာမာ လာပြန်ပြောနေရတာတုန်း"

"ကာယကံရှင်ကိုယ်တိုင်ကို မေးပြီးမှ ပြောတာ ယုယုမိုး၊ တို့က သူများနဲ့ မတူဘူး၊ တို့သိချင်တာကို ဘယ်တော့မှ လွယ်လွယ်နောက်မဆုတ်တတ်ဘူး"

ဒီပုဂ္ဂိုလ်ကတော့ ဦးနှောက်စားအောင်လာလုပ်နေ၏။ ဖြီးဖြန်းပြီးပြောနေတာလည်း ဖြစ်နိုင်သည်ပဲ။

"ဘယ်က ကာယကံရှင်လဲ၊ ရှင် အကြောင်းလာမရိုက်နဲ့နော်"

"အကြောင်းရိုက်တာက မင်းပဲ ယုယုမိုး၊ မင်းနဲ့ ရိုးရိုးသားသား ခင်မင်နေတယ်ဆိုတာကို အောင်မင်းဦးကိုယ်တိုင် ပြောခဲ့တာ"

ဒီကိစ္စ သေချာသည်လား၊ မသေချာဘူးလား ဆိုတာကို အတပ်မပြောနိုင်သေးပေ။

စိတ်ထဲမှာ အောင့်ကို ဒေါသဖြစ်လိုက်မိသေး၏။





ဒီပုဂ္ဂိုလ်အကြောင်း သိနေပါလျက် အောင်ကလည်း ရှောင်ယောင်ပြီး အလိုက်အထိုက် ဖြေလိုက်ဖို့ ကောင်းသည်။

"ရှင် ဆက်တိုးရဲရင် တိုးပေါ့၊ ဇာတ်လမ်းအဆုံးမှာ ရှင်ပဲ ငကြောင်ဖြစ်ပြီး ကျန်ခဲ့မှာ"

ရင့်သီးစွာ ပြောခဲ့ပြီး ခြေလှမ်းကို မြန်မြန်လှမ်းလိုက်၏။

ပုဂ္ဂိုလ်ကတော့ ဘာတွေပြောပြီး ကျန်ခဲ့သည်မသိ။ သေချာသည်ကတော့ အလိုမကျမှုများဖြင့် မြည်တွန်တောက်တီးနေမှာ မလွဲပေ။

*

"ဟဲ့ . . . မိုးမလင်းသေးဘူး ဘာတွေ အလိုမကျဖြစ်ပြီး ဒေါသတွေ ဖြစ်နေတာတုန်း ယု"

"အေးလေဟယ်၊ ငါတို့ကို မဆီမဆိုင်ကြီး ဒေါသထွက်ပြနေတာ မင်္ဂလာမရှိလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ဒေါသတွေနှင့် ပတ်သက်ပြီး အိဖြူတို့က ကောင်းချီး ပေးကြသည်။

"နင်တို့လည်း ပါတယ်၊ အဓိက အကျဆုံးကတော့ အောင်ပဲ"

"နင့်ဘာသာ အလိုမကျခြင်းတွေဖြစ်ပြီး အောင်မင်းဦးကို ဒေါသဖြစ်ရင် ဖြစ်ပါစေ၊ ငါတို့ကို ရောပြီး နင့်ဒေါသထဲမှာ ဆွဲမထည့်ချင်ပါနဲ့"

"နင် ဘာဖြစ်တာလဲ ဆိုတာကို ပြောပြဦးလေ ယု"

"အေး . . . နင်တို့ကို ဒေါသဖြစ်တယ်ဆိုတာ ငါ ဘာဖြစ်လာလဲလို့ အရိပ်သုံးပါး အကဲမခတ်တတ်လို့ပဲ"

"အကဲခတ်မိလို့ ငါတို့မေးတော်မူပါပြီ၊ ဖြစ်ခဲ့တာကို စိတ်အေးချမ်းသာစွာနဲ့ ဖြေတော်မူပါ"

မကြာသေးသော မိနစ်ပိုင်းအတွင်းက ဖြစ်ပျက်ခဲ့သမျှတွေကို တစ်ခုမကျန် သူငယ်ချင်းနှစ်ယောက်အား ပြောပြလိုက်သည်။

သူမစကားတွေကို သုံးအောင် နားထောင်ပြီးတော့ အိဖြူ





တို့နှစ်ယောက်က မှတ်ချက်အသီးသီး ပေးလေတော့၏။

"ဖော်ဖော့်အကြောင်းကို နင်လည်း သိနေတာပဲ ယုရာ၊ ဒီပုဂ္ဂိုလ်က မိဘအရှိန်အဝါနဲ့ သွေးနားထင် ရောက်နေတဲ့သူလေ၊ နင်က ပြီးရင်ပြီးရောဆိုပြီး ဖြေလိုက်တဲ့စကားကို သူ မကျေနပ်လို့ အောင်မင်းဦးကို တည့်တည့်မေးတာနေမှာပေါ့"

"သူက မေးစရာလားဟာ၊ ငါနဲ့ အောင် ဒီလောက်တွဲနေတာ တစ်ကျောင်းလုံး သိနေတာပဲ၊ ငါ့စကားကို အတည်လို့ သူ သတ်မှတ်ရမှာပေါ့"

"ခက်တယ် ယု၊ မေးတဲ့သူက မေးပြီးမှတော့ ဘာဆင်ခြေပေးပေး အပိုပဲ၊ ဘာလဲ အောင်မင်းဦး ငြင်းလိုက်တဲ့စကားကို နင် မကျေမနပ် ဖြစ်နေတာ မဟုတ်လား"

"ဟုတ်တယ်ဟေ့၊ ဟုတ်တယ်၊ ဖော်ဖော် ဘာကောင်လဲ ဆိုတာကို အောင်လည်း သိနေသားပဲ၊ ငါ့ကို ကာကွယ်တဲ့ အနေနဲ့တော့ အောင် အမှန်အတိုင်း မပြောသင့်ပါဘူးဟာ"

"ကဲ . . . ဒီကိစ္စကတော့ ယုတို့နှစ်ယောက်ချင်း ရှင်းကြ



www.burmeseclassic.com

www.burmeseclassic.com



လင်းကြရမယ့် အပိုင်း ဖြစ်နေပြီ၊ ဟော . . ဟိုမှာလည်း အောင်မင်း ဦး လာနေပါပြီ''

''သေချာတယ် ယု၊ နှင်နဲ့အောင်မင်းဦးတို့ကြားမှာတော့ ဖော်ဖော်က အကြောင်းမဲ့ အကျိုးဆောင်ပေးတဲ့ မြားနတ်မောင် ဖြစ်တော့မှာပဲ''

သူငယ်ချင်းတွေ ဆိုလိုသည့် အဓိပ္ပာယ်ကို မသိချင်ပေ။

လောလောဆယ်မှာတော့ အောင့်ကို ဒေါသတွေနှင့် ပစ် ပေါက်ဖို့ပဲ သိနေသည်။

အခန်းထဲသို့ အောင် မရောက်လာမီ အမြန်ထွက်လိုက်ရ သည်။

* * *






''ဒါက ဘယ်လိုဖြစ်တာလဲ ယု၊ ဘာလို့ အောင့်ကို အတင်းဆွဲခေါ်နေရတာလဲ''

သူမဆွဲခေါ်သည်ကို အောင်က အသာတကြည် မလိုက် ချင်။

လူတွေရှေ့မှာ ရှန်းရင်းဆန်ခတ်နီးပါး ဖြစ်သွားရသည်။

''ယု ခေါ်တဲ့နောက်ကို လိုက်ခဲ့''

''ဟိုမှာ ဆရာ လာနေပြီ၊ အတန်းတက်ရမယ်လေ ယု''

''အဲဒီအတန်းမတက်နဲ့၊ အောင်နဲ့ အရေးတကြီး ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရှိတယ်''

''စာသင်နေတုန်းပြောလည်း ရသားပဲ ယုရာ''

''အောင်နဲ့ရန်ဖြစ်မလို့ သိလား၊ လူမရှိတဲ့နေရာမှာ နှစ်ယောက်တည်း သွားရန်ဖြစ်မလို့၊ ဘာမှထပ်မပြောနဲ့တော့၊ လိုက်သာ လိုက်ခဲ့''

''ဒါဆိုလည်း လက်ကိုလွှတ်ပါ ယုရယ်၊ သူများတွေ မြင်လို့ မကောင်းပါဘူး''

အောင်က တောင်းဆိုပေမယ့် အောင့်လက်ကို လွှတ်မပေးပေ။

လူသူအသွားအလာရှင်းသော သစ်ပင်ရိပ်ရောက်မှ အောင့် လက်ကို လွှတ်ပေးလိုက်သည်။

ထိုင်ခုံမှာ ထိုင်ပြီး နှုတ်ခမ်းစူထားမိသည်။

အောင်ကတော့ သူမ ဘာဖြစ်နေသည်ကို ရိပ်စားမိသည့်ပုံ မပေါ်ပေ။

''ရန်ဖြစ်မလို့ဆို၊ ဘာမှလည်း ရန်မတွေ့ဘဲနဲ့ နှုတ်ခမ်းကြီး



စူနေလိုက်တာ ယုရယ်''

အောင်တစ်ယောက် ထုံတာတော့ သေချာ၏။ သူမ အရိပ်ပြလျှင် အောင်က အကောင်မြင်မှာ မဟုတ်။ ဖော်ဖော့ကို ပြောခဲ့သည့် စကားများအတွက် ဆက်စပ်ယူပြီး အောင် ... တွေးသည့်ပုံ မပေါ်။

''အခုနေ ... အောင်က သိပ်ချောတတ်တာ မဟုတ်ဘူးနော်၊ တော်ကြာ အဲဒီနှုတ်ခမ်းကြီးက အမြဲစူနေရင် ခက်လိမ့်မယ်''

''ဖြစ်တော့လည်း ကောင်းတာပဲ''

''မကောင်းဘူး ယုရဲ့၊ တော်ကြာ ယုကို နှုတ်ခမ်းစူမလေးလို့ ခေါ်ကြ၊ နောက်ကြမှာပေါ့''

''အဲဒီလို ခေါ်ကြတာမှ ကောင်းသေးတယ်၊ အောင့်ကြောင့် နှုတ်ခမ်းစူနေရတာ၊ အောင့်ကြောင့် ဒေါသထွက် နေရတာကို အောင် မသိဟန်ဆောင်နေတာလား''

''ဟော့ဗျာ၊ အောင်က ဘာများ အပြစ်တွေ လုပ်မိလို့လဲ ယုရယ်''

www.burmeseclassic.com

www.burmeseclassic.com



အောင့်စကားကြောင့်ပင် နှုတ်ခမ်းစူခြင်း ပျက်စီးသွားရ၏။ ဒါဆို ဇော်ဇော်က တမင်လိမ်ညာပြောခြင်းပေါ့။

*

"အောင့်ကို မေးမယ်၊ မှန်မှန်ဖြေနော်"

"ဖြေမှာပေါ့ ယုရဲ့"

"အခုမေးမယ့်စကားက အရေးကြီးတယ်နော်"

"ကဲပါ၊ မေးမယ့်မေးခွန်းကိုသာ မြန်မြန်မေးစမ်းပါ၊ အောင်ကလည်း အဲဒီမေးခွန်းကို သိချင်လှပြီ"

သူမရှေ့မှောက်မှာ ရှိနေသော အောင်တစ်ယောက်ကတော့ ကလေးလေးနှယ် ရိုးသားကြနေပြန်၏။

"ဇော်ဇော်ကို အောင် သိတယ်နော်၊ ပြီးတော့ ယုနောက်ကို အသည်းအသန် လိုက်နေတာကိုလည်း အောင် သိတယ်နော်"

နှုတ်မှ အောင် မဖြေတော့။ ပြဿနာ၏ တစ်စွန်းတစ်စကို အောင်ရိပ်မိသွားပုံရသည်။ ခေါင်းညိတ်အပြမှာပင် ချိုသာနေသော





အောင့်မျက်နှာလေး အနေပျက်သွားသည်ကို တွေ့၏။

ဒါဆိုရင်တော့ ဇော်ဇော်ကို အောင် ပြောတာ သေချာသွားပြန်၏။

"ဒီရက်ပိုင်းမှာ အောင်နဲ့ ဇော်ဇော် စကားပြောဖြစ်သေးလား"

"ပြောဖြစ်တယ် ယု"

တကယ့်ကို မျက်နှာငယ်လေး ဖြစ်နေသော အောင်။

အခုအချိန်မှာတော့ သူမ နှုတ်ခမ်းစူခြင်းနှင့် ဒေါသဖြစ်နေခြင်းများကို အောင်တစ်ယောက် ရိပ်စားမိလောက်ပြီ။

"အောင့်မှာ အပြစ်ရှိတယ်ဆိုတာ သိလား"

"ဘာအပြစ်လဲ ယု"

"ဘာအပြစ်ရမှာလဲ အောင်၊ ယုကို မကာကွယ်ပေးနိုင်တဲ့ အပြစ်ပေါ့အောင်၊ ဇော်ဇော်လို လူတစ်ယောက်လက်ထဲကို ပါသွားဖို့ ကာကွယ်ပေးတဲ့ အပြစ်ပေါ့"

သူမ စကားတွေ၊ စွဲချက်တွေကြောင့်ပင် မျက်နှာငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရှာသော အောင်တစ်ယောက် ပြုံးရှာလေ၏။

အောင့်အပြုံးတွေက, ဖြူစင်သော ကလေးငယ်တစ်ဦး၏ အပြုံးနှယ် ဖြစ်နေ၏။

"အပြစ်လို့ဆိုလည်း ခံရမှာပဲ ယု"

"ဝန်ခံပေမယ့် ယု မကျေနပ်နိုင်ဘူး အောင်၊ ယုကတော့ အောင့်ကိုယုံပြီး ဇော်ဇော့်ကို ပြောလိုက်တော့ အခုတော့ အလကား နေရင်း ယုစကားတွေက အလကားဖြစ်သွားခဲ့တယ်"

"အောင် ရှင်းပြပါဦးမယ် ယု၊ ယု ဘာတွေပြောခဲ့သလဲဆို တာကို အောင်မသိဘူး ဇော်ဇော်ပြောတဲ့ စကားကိုပဲ အောင်ပြောပြ မယ်၊ ဇော်ဇော်က အောင့်ကို လာမေးတယ်၊ ယုနဲ့အောင်က ချစ်သူ တွေလားတဲ့၊ တကယ်လို့ ဟုတ်ခဲ့ရင် သူ့အနေနဲ့ ရှေ့ဆက်တိုးဖို့ မလိုဘူးတဲ့၊ အောင်ကလည်း တကယ့်အမှန်အတိုင်းပဲ ဖြေလိုက်ပါ တယ်၊ ယုနဲ့အောင်က ချစ်သူတွေမှ မဟုတ်ကြဘဲ"

"ဇော်ဇော့်စကားအတိုင်း ရှေ့ဆက်တိုးလို့ ယု ပါသွားခဲ့ရင် အောင်က ဒီတိုင်းကြည့်နေမှာလား။ ဒါဆိုရင်တော့ ဇော်ဇော့်ကို





အခု ချက်ချင်း ယု အဖြေသွားပေးလိုက်တော့မယ်"

စိတ်ထဲမှာ ဘာကြောင့်ရယ်မသိ၊ ဒေါသက ပိုဖြစ်သွား၏။

နေရာမှ ချက်ချင်း ထရပ်တော့ အောင်က လက်လှမ်းဆွဲ သည်။

"နေပါဦး ယုရယ်၊ အောင့်ကို မကျေနပ်တဲ့စိတ်နဲ့တော့ ဇော်ဇော့်ချစ်သူဘဝကို ယု အရောက်မခံချင်ပါနဲ့"

"ရောက်တော့ကော ဘာဖြစ်လဲ အောင်၊ စကားအရာနဲ့ တောင် အကာအကွယ်ပေးမခံရတဲ့ ယုဘဝက ဘာထူးမှာမို့လဲ"

"ယုရယ်၊ ဒီကိစ္စက အလွယ်တကူ ပြောလို့ဖြစ်ကြတဲ့ကိစ္စ တွေမှ မဟုတ်ဘဲကွာ"

ခြေလှမ်းတွေကို ရှေ့မဆက်ဖြစ်သော်လည်း နေရာမှာပင် ပေရပ်နေဖြစ်သည်။

ရင်ထဲမှာတော့ ကြည့်ရင်း ကြည့်ရင်းက အောင့်အတွက် ဒေါသတွေ ဖြစ်တည်ရသည်ပဲ။

❋



www.burmeseclassic.com

www.burmeseclassic.com



"အောင်တို့ ယောကျ်ားတွေက အလကားပါ"

"ဘာကြောင့်လဲ ယု"

"အောင့်ကိုတော့ ယုက ခင်လိုက်ရတာ၊ ယုအတွက်ကျ တော့ စကားနဲ့တောင် အကာကွယ်မပေးနိုင်ဘူး အင်းလေ၊ အောင် က . . . အောင့်ဖေဖေရဲ့သားဆိုတော့ အဲဒီသွေးတော့ နည်းနည်းပါ တော့မှာပေါ့"

သူမ, ပြောလိုက်သောစကားသည် အတော်လေးထိ ရောက်သွားပုံရသည်။ အောင်တစ်ယောက် ထိုင်နေရင်းက မတ်တတ်ထရပ် လေ၏။

"အဲဒီစကားနဲ့တော့ အနိုင်မယူချင်နဲ့ ယုရာ"

"ယုက အမှန်ပြောတာ၊ အောင်ဒေါသဖြစ်လည်း ယု မတတ်နိုင်ဘူး အောင်ကြောင့် ယုဒေါသတွေ ဖြစ်နေတာ၊ အခုနိ အထိပဲ"

"တော်တော့ ယုရာ"

"ပြောသင့်ရင်တော့ ပြောမှာပဲ အောင်၊ အောင်မဟုတ်ရင်





မနာနဲ့ပေါ့"

"ယု မကောင်းဘူး တကယ်မကောင်းတာ"

သူမရှေ့ကပင် အောင် ထွက်သွား၏။

အောင့်ကို ဒီတိုင်းလွှတ်ပေးလိုက်သည်။

ဒါမှ အောင် သိသွားမည်။ သူမနှင့် အောင်တို့ ပထမဆုံး အကြိမ်အဖြစ် စိတ်ဆိုးစိတ်ကောက်ကြခြင်း ဖြစ်၏။

ဒီအရသာလေးကို ရင်ထဲမှာ ကြည်နူးသလိုလိုရှိသော ကြောင့်ပင် စစ်ပြေငြိမ်း စေ့စပ်ဖို့ မကြိုးစားဖြစ်ခဲ့ခြင်း ဖြစ်၏။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



# ၉

"နှင်နဲ့ အောင်မင်းဦးက ဘာဖြစ်ကြတာလဲ ယု၊ အခေါ် အပြောတွေက အေးစက်စက်နဲ့"

"စိတ်ကောက်ကြတာနေမှာပေ့ါ ယဉ်ယဉ်အေးရာ"

သုံးလေးရက်လောက်ကြာတော့ အိဖြူတို့ကပင် မေးယူလာခဲ့၏။

သူမနှင့် အောင်တို့ တကယ်ပင် စိတ်ကောက်ဖြစ်ကြသည်။ အောင့်ဘက်က အလျှော့ပေးချင်ပုံ ရှိသော်လည်း မှတ်လောက်သား လောက်ဖြစ်အောင်ဆိုပြီး တင်းခံနေပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မင်းဦး လာနေတယ် ယု"

ယဉ်ယဉ်အေး မပြောခင်ကပင် သူမ မြင်သည်။

အောင်ကတော့ သူမတို့ဝိုင်းမှာ ဝင်ထိုင်၏။

အိဖြူနှင့် ယဉ်ယဉ်အေးတို့ကတော့ အတန်းတက်ဖို့ ပြင်သည်။

ကျသင့်ငွေကို အိဖြူကပင် ရှင်း၏။

အောင်လုပ်ပုံကို ... ကြည့်ဦး။

သူများတွေ ရှင်းပြီးလင်းပြီးမှ လက်ဖက်ရည်တစ်ခွက် မှာသောက်၏။

"အိဖြူတို့ သွားရင် သွားကြလေ၊ ကျွန်တော်တော့ လက်ဖက်ရည်တစ်ခွက် သောက်လိုက်ဦးမယ်"

"သောက်လေ အောင်မင်းဦး၊ ငါတို့ စောင့်ပေးဆို စောင့်ပေးမယ်"

အောင်က သူ့မျက်နှာရိပ်ကိုကြည့်ပြီးမှ ဖြေလိုက်၏။

"စောင့်မနေပါနဲ့၊ အိဖြူတို့ သွားနှင့်ကြပါ"





"အတန်းမတက်ဘူးလား အောင်မင်းဦး"

ယဉ်ယဉ်အေးအမေးကို အောင် ခေါင်းခါပြသည်။

စိတ်ရှုပ်သောဟန်ဖြင့် အိဖြူ ပြောတော့၏။

"ဒါဆိုလည်း ငါနဲ့ ယဉ်ယဉ်အေး သွားနှင့်တော့မယ်၊ ယုကလည်း အတန်းတက်ရတာ စိတ်မပါဘူး ပြောနေတာ၊ နင်တို့နှစ်ယောက် ကျန်ခဲ့ကြပေတော့"

"ယု လိုက်ရင် လိုက်သွားလေ"

အိဖြူတို့ မတ်တပ်ရပ်ပေမယ့် သူမက ... ဟန်မပြင်သေးပေ။

ယဉ်ယဉ်အေးက အောင့်ကို မျက်စိမှိတ်ပြလိုက်သည်။

ယဉ်ယဉ်အေးတို့ ထွက်သွားတော့မှ အောင် မေးသည်။

"ယုက ဘာလို့ လိုက်မသွားတာလဲ"

ဘာမှမဖြေဘဲ အဝေးသို့ ငေးနေဖြစ်သည်။

အောင်လည်း ငြိမ်သွား၏။

စားသောက်ဆိုင်တန်းမှာလည်း စောစောကလောက် လူ



www.burmeseclassic.com

www.burmeseclassic.com



မစည်ကားတော့ပေ။

အောင် သက်ပြင်းချသံကို အတိုင်းသား ကြားနေရသည်။

⁂

"အောင့်ကို စိတ်ကောက်နေတာလား"

ဒီလိုကျတော့လည်း သိသားပဲ . . . ဟု စိတ်ထဲမှာ ကြိတ်ပြုံးမိသေးသည်။

"အောင့်ကို စကားမပြောချင်လောက်အောင် ဖြစ်နေပြီလား ယု၊ အောင်ကတော့ ယုကို ပြောစရာတွေ ရှိနေတယ်၊ ဒီအကြောင်းတွေကို ပြောပြစရာလူဆိုလို့ ယုတစ်ယောက်ပဲ ရှိတာလေ၊ ယုက သူစိမ်းဆန်ပြနေတော့ ဘာပြောလို့ ပြောရမှန်း မသိအောင် အောင် မသိတော့ဘူး"

"ဘာအကြောင်းပြောမှာလဲ"

အောင့်မျက်နှာလေး အိုစာသွားခြင်းကြောင့် ကရုဏာဖြစ်





သွားမိသည်။

ဒီလောက်တော့ အလျှော့ပေးတာ မလွန်ပါဘူး . . . ဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ဖြစ်ပြန်သည်။

"မေမေတို့အကြောင်း"

အောင်ပြောပြမည့် အကြောင်းအရာကြောင့်ပင် စိတ်ကောက်ခြင်းတို့ လွင့်စင်သွားကုန်၏။

"သူတို့တွေ ဘာထပ်ဖြစ်ကြလို့လဲ အောင်"

"လွန်ခဲ့တဲ့ သုံးရက်လောက်က ဖေဖေ အိမ်ရောက်လာတယ်ယု၊ ဖေဖေတို့တစ်တွေ တရားဝင်လမ်းခွဲလိုက်ကြပြီ၊ နောက်တစ်ခေါက် ဖေဖေ အိမ်ကို လာမှာ မဟုတ်တော့ဘူး"

"ဟုတ်လား"

"ဟုတ်တယ် ယု၊ ဒီစကားကို မေမေကစပြီး တောင်းဆိုတာ"

"အောင့်ဖေဖေက ဘာပြောလဲ အောင်"

"ဖေဖေဗန်တီးတဲ့ ဓာတ်လမ်းလေ၊ မေမေ့ဆီက ခိုက်ဆဲ



www.burmeseclassic.com

www.burmeseclassic.com



ဆယ်သိန်းတောင်းတယ်၊ ဟိုမိန်းမဆီမှာပဲ အပြီးနေတော့မှာတဲ့၊ အဲဒီအတွက် တောင်းတာ၊ မေမေက မေးတယ်၊ ရှင် အဲဒီမိန်းမကို တကယ်ချစ်တာလားတဲ့''

''အဲဒီတော့ အောင့်ဖေဖေက ဘာပြောလဲ''

စိတ်ဝင်စားစရာတော့ ကောင်းနေ၏။

အောင့်ဖေဖေတောင်းသော ငွေဆယ်သိန်းကို အောင်တို့ ဘယ်လိုပေးကြသည်ထက် အောင့်ဖေဖေ စကားကို ကြားချင်လှ၏။

''အောင်တို့ မောင်နှမတွေက အခန်းထဲမှာ ရောက်နေကြတာလေ၊ ဖေဖေက ခေါင်းညိတ်ပြတယ် ထင်တာပဲ၊ မေမေက ပြောတယ်၊ ဒါဆိုလည်း ပြီးတာပါပဲတဲ့၊ အောင်တို့နဲ့ နောက်မပတ်သက်ဖို့ အရေးကြီးတယ်၊ အမေနဲ့သားသမီးတွေ ပြဿနာဖြစ်မှာကို မလိုလားဆုံးပဲလို့ မေမေ ပြောတယ်၊ ရက်ချိန်းကို တစ်ပတ်ခွာချိန်းလိုက်တယ်၊ ရက်ချိန်းပြည့်တဲ့နေ့မှာ အောင်တို့က ငွေဆယ်သိန်းလက်ထဲ ထည့်ရမယ်၊ ဖေဖေကတော့ ဂုာရားဝင်ပြတ်စဲပြီး မပတ်သက်ပါဘူးဆိုတဲ့ သဘောမျိုး စာချုပ်စာတမ်းနဲ့ လုပ်ပေးရ





မယ်လို့ သဘောတူ လိုက်တယ်''

''အောင်တို့ ငွေဆယ်သိန်းပေးဖို့ အခက်အခဲရှိမှာပေါ့၊ မေမေတို့ကို ပြောပေးရမလား အောင်''

''ဒီနေ့ပဲ ပိုက်ဆံပြေလည်သွားပြီ ယု၊ ညီမလေးတို့ သုံးယောက်ပေါင်းမှာရှိတဲ့ ရွှေတွေကို ရောင်းပစ်လိုက်တယ်၊ ပြီးတော့ အိမ်နဲ့ခြံကို အပေါင်ထားလိုက်တယ်လေ''

ဒီလိုလုပ်လိုက်တာ တစ်မျိုးတော့ ဇာတ်လမ်းဆုံးသွားတာပေါ့ . . . ဟု တွေးလိုက်မိသည်။

ငွေရေးကြေးရေး အကြပ်အတည်းကတော့ အောင့်ခေါင်းပေါ် ပုံကျမှာ သေချာနေ၏။

✻

''ဒီအတိုင်းဆိုရင်တော့ အောင် အလုပ်တွေကို ပိုလုပ်ရပြီး အရမ်းပင်ပန်းတော့မှာပေါ့နော်''



www.burmeseclassic.com

www.burmeseclassic.com



"ကဲတရားပေါ့ ယုရယ်၊ အောင်ဖြေသာပါတယ်၊ အောင့်အနားမှာ ယုရှိနေတာပဲ၊ အောင့်ခံစားမှု မှန်သမျှကို ယုက နားလည်ပေးနေတာပဲ မဟုတ်လား"

"အောင့်အပေါ် စိတ်ကောက်ပြေသွားပြီ သိလားအောင်"

အောင်ကတော့ သူမကို စိုက်ကြည့်နေပြန်၏။

အောင့်နှုတ်မှ တီးတိုးရေရွတ်သံသည် ရင်ထဲအထိ ရောက်လာခဲ့သည်ပဲ။

"ယုရယ်"

တစ်ခုခုကို ဆက်ပြောဖို့ ပြင်ပြီးမှ . . . အောင်တစ်ယောက် နှုတ်အ,သွားခဲ့ပြန်သည်။

"အောင် ဘာပြောမလို့လဲဟင်"

"မပြောတော့ပါဘူး ယုရာ၊ ခံစားနားလည်ပေးဖော်ရတဲ့ ယုတစ်ယောက် အောင့်အနားမှာ ရှိနေတာပဲ အရာရာ ပြီးပြည့်စုံနေပါပြီ"

"ဒါဆို . . နောက်တစ်ခါ ဘယ်ကိစ္စဖြစ်ဖြစ် ယုကို အကာ



ကွယ်ပေးရမယ်နော် အောင်"

"အကာကွယ်ပေးရုံတင် မဟုတ်ဘူး ယု၊ ယု မကြိုက်တာကို အောင် ဘာမှ မလုပ်တော့ဘူး ယု"

"ဘာလဲ အောင်"

"အောင်လေ ယုကို တစ်ဘဝလုံး ချစ်နေချင်တယ် သိလား"

မထင်ထားသော အခြေအနေများ ကြားရသည်မို့ ရှက်သွေးဖြာသွားမိသည်။

အောင့်နှုတ်မှ ဖွင့်ဟလာခဲ့ပြီဆိုတော့ အဖြေတစ်ခုခုကို သူမ, ပြန်ပေးဖို့ လိုအပ်ပြီပဲလေ။

*

"ခေါင်းမော့ပါဦး ယုရယ်၊ အောင့်ကို ဘာမှပြန်မပြောတော့ ဘူးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



အောင့်လက်က သူမ မေးဖျားကို ကိုင်ပြီး ခေါင်းမော့နိုင်းနေ၏။

အောင်နှင့်အကြည့်ဆုံရင်းက စကားနာထိုးလိုက်မိသည်။

"ဒါဆိုရင် ဇော်ဇော် မေးတုန်းက ဘာလို့ မဖြေလိုက်ရတာလဲ၊ ယုမှာတော့ မိန်းကလေးဖြစ်နေပြီး ဇော်ဇော့်ကို ပြောလိုက်ရတာ ရှက်ဖို့တောင် ကောင်းနေပြီ၊ အဲဒါကြောင့် အောင့်ကို ယု စိတ်ကောက်ပြနေတာ"

အောင့်အရယ်အပြုံးကို မြင်ရသည်။

ကြည်နူးခြင်းများဖြင့် ရင်သည် အတိုင်းအဆမရှိ။

"အိမြူတို့ ပြောပြလို့ အောင်သိပြီးပြီး ယု၊ ဇော်ဇော်က အဲဒီ ပုံစံမျိုးနဲ့ မေးတာ မဟုတ်ဘူးလေ၊ ယုက အဲဒီလို ဖြေမယ်လို့လည်း မထင်ဘူး၊ အောင်ပြောလိုက်လို့ ယုနား ပြန်ရောက်ပြီး စိတ်ကောက်မှာလည်း စိုးရသေးတယ် ယု၊ ပြီးတော့ ကိုယ့်ချစ်သူကို ချစ်တယ်ဆိုတဲ့ စကားကို သူစိမ်းတွေကို ဦးဦးဖျားဖျား ဘယ်ပြောရက်ပါ့မလဲ၊ ပြောကြေးဆိုရင် ယုကိုပဲ ဦးဦးဖျားဖျား အောင်





ပြောမှာပေါ့၊ အခု အောင် ပြောပြီလေ ယု"

"မဖြေချင်ဘူး၊ သိနေတဲ့ အဖြေကို ဘာကြောင့်ရအောင် တောင်းနေရတာလဲ အောင်"

"ဝမ်းသာလိုက်တာ ယုရယ်၊ ဒီတစ်သက်လုံးပေါ့၊ ယုက စပြီး မချစ်ခဲ့တော့ရင်တောင် အောင်ကတော့ သေသည်အထိ ယုကို ရင်ထဲမှာ အမြဲထားတော့မှာ သိလား"

"သူကပဲ ပြောတယ် ရှိရသေး၊ ယုက အောင့်ကို ဘာလို့ မချစ်ရမှာလဲ၊ ခွဲရမှာလဲ အောင်"

"အဆုံးစွန်ထိ တွေးပြီးမှ ယုကို ချစ်ခဲ့တာပါ ယုရယ်"

သူမ သတိထားမိချိန်မှာတော့ အောင်နှင့်သူမတို့သည် ချစ်သူတွေ အလိုလို ဖြစ်နေပြီးပြီလေ။

ဒါကို အောင်လည်း သိသည်။

သူမလည်း သိသည်ပဲ။

မကြာခင်မှာ တစ်လောကလုံး သိကြတော့မည်ကိုစွပဲလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (နှစ်)

www.burmeseclassic.com





# ၁

''ကိုအောင့်ဖေဖေက အခု ဘယ်ရောက်နေလဲဟင်''

ကျိုက်ထီးရိုး သာမည ဘုရားဖူးကား လိုက်ရင်းကပင် ခင်မြတ်ဝေနှင့် ရင်းနှီးဖြစ်၏။

ခင်မြတ်ဝေတို့၏ ကင်မွန်းစခန်းတွင် ဖွင့်လှစ်ထားသော 'ကင်မွန်းရိပ်' စားသောက်ဆိုင်မှာ သူတို့ဘုရားဖူးတွေ စုရပ်အဖြစ်ထား၏။

'ကင်မွန်းရိပ်' သည် မုဆိုးတောင်သို့ သွားရာလမ်းတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဆိုင်ခွဲတစ်ခု ရှိသည်။

''မန္တလေးဘက်လိုလို မူဆယ်ဘက်လိုလို ပြောင်းသွားကြတယ် ပြောတယ် ခင်မြတ်ဝေ''

တကယ်တော့ ခင်မြတ်ဝေတို့မိသားစုနှင့် ရင်းနှီးနေဖြစ်သည်မှာ ကြာပြီဖြစ်သော်လည်း သူ့အကြောင်းကိုယ့်အကြောင်း အေးအေးဆေးဆေး စကားမပြောဖြစ်ပေ။

ကျိုက်ထီးရိုးဆံတော်ရှင်ကို ဖြတ်သွားဖြတ်လာ လုပ်နေသော်လည်း တစ်ခါတလေမှ တောင်ပေါ်တက်ဖြစ်ခဲ့သည်။

အခုလည်း ခင်မြတ်ဝေ တောင်ပေါ်ဆိုင်မှာ ရှိနေသောကြောင့်ပင် ဘုရားဖူးတွေနှင့်အတူ တောင်ပေါ်မှာ ညအိပ်ဖြစ်သည်။ မနက်အလင်းမှာ ကင်ပွန်းချောင်ကို ခင်မြတ်ဝေ ပြန်ဆင်းတော့ သူတို့နှင့်အတူတူပင်။

ကားနှင့်သက်သောင့်သက်သာ ဆင်းလို့ရသော်လည်း လမ်း လျှောက်ပြီး ဆင်းချင်သည်ဆိုသော ခင်မြတ်ဝေ၏ဆန္ဒကို သူလိုက် လျှောဖြစ်ခဲ့၏။



အချိန်တွေ ရနေသောကြောင့် သူ့ဘဝအကြောင်းကို ခင်မြတ်ဝေ မေးသည်။

သူကလည်း သူ့ဘဝအကြောင်းကိုသာမက ယုနှင့်ပတ်သက်သည်တို့ကိုလည်း ပြောပြဖြစ်သည်။

''ဒါဆို အလတ်မ ,က ဒုတိယနှစ် တက်နေပြီပေါ့''

'ဟုတ်တယ် အငယ်မလေး,က,တော့ ဆယ်တန်းဖြေထားတယ်၊ သူပါ အောင်ရင်တော့ ကိုအောင့်အတွက် တာဝန်ပိုလာဟာပေါ့''

သူ ဘွဲ့ရသည့်အချိန်မှာတော့ သူအလုပ်ဝင်နေသည့် 'သောင်းဒီပါ' ဘုရားဖူးယာဉ်ပို့ဆောင်ရေးသည် နာမည်ရလာ၏။ သူ့အတွက်လည်း ပိုက်ဆံပိုရလာသလို တာဝန်ယူရမှုတွေကလည်း များလာခဲ့၏။

''ကိုအောင်နဲ့ မမယုတို့ရော၊ ဘယ်တော့လောက် လက်ထပ် ဖြစ်မှာလဲဟင်''

ခင်မြတ်ဝေစကားကိုတော့ ပြန်ဖြေဖို့ တော်တော်ခက်ခဲ

www.burmeseclassic.com

www.burmeseclassic.com



သွား၏။

ဒီစကားကို ခင်မြတ်ဝေတစ်ယောက်တည်း မေးဖြစ်ခြင်း တော့ မဟုတ်။

သူနှင့်ယုအကြောင်းကို သိကြသူတိုင်းက မေးကြမြန်းကြ သည်။

"ယုကို ချစ်တယ် မြတ်နိုးတယ်ဆိုတာတော့ အမှန်ပဲ ခင် မြတ်ဝေ၊ အဲဒီစိတ်တွေကြောင့်ပဲ ယုကို ကိုယ့်ဘဝထဲ ဆွဲခေါ်ဖို့ အင် အားတွေ မရှိဘူး ဖြစ်နေတယ်၊ ကိုအောင့်အခြေအနေကို ခင်မြတ်ဝေ သိနေတာပဲ၊ မနှစ်ကမှ သူဌေးဆီက ယူထားတဲ့ အကြွေးတွေ ကျေတယ်၊ ညီမလေးနှစ်ယောက်ကိုလည်း ... ကိုအောင့်လိုပဲ တက္ကသိုလ်ပညာကို ဆက်တက်စေချင်သေးတယ်၊ ယုနဲ့လက်ထပ်ဖို့ ကိစ္စကို တွေးတိုင်း ကိုအောင် အိပ်မပျော်ဘူး၊ ဒီလိုနဲ့ပဲ လက်ထပ်ဖို့ ကိစ္စက ကိုအောင်နဲ့ မဆိုင်တော့သလို ဖြစ်လာတာပဲ ခင်မြတ်ဝေရယ်"

ဖိုးပြုန်မိုတောင်နားရောက်တော့ ချွေးစို့နေပြီ။





အဆင်းမို့ တော်သေးသည် ... ဟု ဆိုရမည်။

ကားလမ်းပေါက်စကတည်းက ခြေကျင်လမ်းဟောင်းမှ တက်သူ မောင်းသူတို့ ခြောက်ကပ်ကပ် ဖြစ်သွား၏။

"မမယုကရော၊ လက်ထပ်ဖို့ကိစ္စကို မပြောဘူးလားဟင်"

ခင်မြတ်ဝေ မေးသော စကားကို ကြားရသည်။

ချက်ချင်း မဖြေမိ။ တောင်ပေါ်တက်မည့် ချွေးသံ့ရွှဲရွှဲ လူငယ်အုပ်စုက သူ့ကို မေးသည်နှင့် သွားတိုက်ဆိုင်နေ၏။

ခင်မြတ်ဝေအမေးကို မဖြေအားသေးဘဲ လူအုပ် အုပ်စု အမေးကို အရင်ပြန်ဖြေလိုက်၏။

"အစ်ကိုကြီး ... ရောက်ခါနီးပြီလား"

"ကြိုးစားပြီးတက် ညီလေးရေ၊ သိပ်မလိုတော့ပါဘူး"

မေးသူကပင် နေရာမှာ ထိုင်ချလိုက်သည်။

ပါလာသော အခေါ်ခင်ယောက် နှစ်ယောက်ကတော့ ကားနှင့် မတက်ရကောင်းလားဟု ဦးဆောင်သူကို အပြစ်တင်စကား ပြောနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



※

ဖိုးပြန်တောင် လေ့ကားထစ်များအဆုံးမှာပင် သူနှင့် ခင်မြတ်ဝေတို့ ခဏနားကြသည်။ တက်ကြသူတွေတော့ မသိ။ အဆင်းမှာပင် ဖိုးပြန်တောင်က မောဟိုက်သွားစေသည်။

''ခင်မြတ်ဝေလည်း ခြေကျင်နဲ့မဆင်းတာကြာလို့ ဆင်းမိတာ၊ မောတော့ မောတယ်နော် ကိုအောင်''

''ကားလမ်းတွေမပေါက်ခင်တုန်းက ဒီလိုပဲ တက်ကြဆင်းကြတာပဲ မဟုတ်လား ခင်မြတ်ဝေရယ်၊ ကိုအောင်နဲ့ယုနဲ့ အတူတူ ဟိုတုန်းက ခြေကျင်ပဲတက်ဖြစ်ကြတာ''

''ဟိုတုန်းကတော့ တက်တဲ့ဆင်းတဲ့သူတွေက နည်းတာမှ မဟုတ်တဲ့ ကိုအောင်ရာ၊ ဈေးဆိုင်တွေကလည်း အဆက်ပြတ်တာ မဟုတ်ဘူး။ ညဖက်တောင် မီးတုတ်ကိုင်ပြီး တက်ကြဆင်းကြသေးတာပဲ၊ အခုထက် ပျော်စရာကောင်းတော့ မောလို့ မောကြမှန်း မသိ ဘူးလေ''

ခင်မြတ်ဝေကတော့ နောက်ကြောင်းများအေးစွာဖြင့်





ခြေကျင် ဆင်းချင်သူ။ ခင်မြတ်ဝေဆန္ဒကို ဖြည့်ပေးချင်၍သာ သူမ ကန့်ကွက်ခဲ့ခြင်း ဖြစ်၏။ ပြီးတော့ နှစ်ယောက်တည်း ဒီခရီးကို လာခဲ့ ပြီးမှ . . . လူတွေ တစ်မျိုးထင်ကြမည်လားဟု ခင်မြတ်ဝေ အတွက် တွေးပူရသေး၏။

လမ်းဆက်လျှောက်ရင်းကပင် သစ်ခွပင်တွေကို တွေ့၏။ ရောင်းနေသူက လူမမယ် ကလေးလေးသုံးယောက်။

အပွင့်တွေပွင့်လုလုဖြစ်နေသော သစ်ခွသုံးပင်ကို ယု အတွက် ဝယ်ဖို့ပြင်ဆင်လိုက်၏။

သူ့ကိုယ်စား ခင်မြတ်ဝေကပင် ဈေးဆစ်ပြီး သစ်ခွပင်တွေ ကို ဝယ်ပေးပြန်၏။

''သစ်ခွပင်တွေကို ယုက အရမ်းသဘောကျတာ ခင်မြတ် ဝေရဲ့၊ ဒီသစ်ခွတွေ ယုဆီမှာ မရှိသေးဘူး''

''တည့်တည့်ပဲ ခင်မြတ်ဝေ မေးတော့မယ်နော်၊ ကိုအောင်''

''ဘာလဲ ခင်မြတ်ဝေရဲ့''



www.burmeseclassic.com

www.burmeseclassic.com



''တခြား မဟုတ်ပါဘူး၊ လက်ထပ်ဖို့ကိစ္စကို မမယုက မေး သလားဆိုတာလေ၊ ကိုအောင် အခုထိ အဖြေမပေးသေးဘူးနော်''

သူ့ဝေဒနာကို ခင်မြတ်ဝေ တစ်ဆွဲပေးပြန်၏။

ခင်မြတ်ဝေ သိချင်နေမှတော့ ပြောပြဖို့တာဝန် သူ့မှာ ရှိနေ ပြီလေ။

''ပြောပြပါ့မယ် ခင်မြတ်ဝေ၊ ဥပမာ တစ်ခုပေးရရင်တော့ ခုနက ချာတိတ်တွေ မေးတာနဲ့ ကိုအောင် ဖြေတဲ့စကားလိုပါပဲ၊ ရောက်လုပြီလားလို့ ပင်ပန်းတဲ့စိတ်နဲ့ မေးတဲ့သူက မေးလိုက်ရတာ၊ ခရီးအရမ်းဝေးသေးတယ်ဆိုတာကို သူတို့စိတ်ထဲက သိနေမှာပဲ၊ ဒီ အတိုင်းပဲ၊ ဆင်းလာတဲ့သူကလည်း ကရုဏာစိတ်၊ အားပေးတဲ့ စိတ်နဲ့ ရောက်ခါနီးပြီလို့သာ ဖြေလိုက်ရတာလေ၊ မေးသူရော ဖြေသူပါ အားလုံးကို သိနေကြတာလေ၊

ဒီတိုင်းပဲ ခင်မြတ်ဝေ ... လက်ထပ်ဖို့ကိစ္စကို ယုပတ်ဝန်းကျင်ကလည်း ယုကို မေးကောင်းမေးကြမယ်၊ ကိုအောင့်ပတ်ဝန်း





ကျင်ကလည်း မေးကြမှာပဲ၊

ဒါပေမဲ့ ကိုအောင်တို့ ကာယကံရှင်နှစ်ယောက်ကတော့ ဒီမေးခွန်းကို မေ့ထားကြတယ်၊ အထူးသဖြင့် ကိုအောင့်ကို ညာတာပြီး ယု လုံးဝ စကားမဟခဲ့ဘူး ခင်မြတ်ဝေ၊ ကိုအောင်ကလည်း ဘယ်လာပြောရက်မေးရက်မှာလဲ''

''စိတ်မကောင်းစရာပါပဲ ကိုအောင်ရာ၊ ခင်မြတ်ဝေတို့ကတော့ ကိုအောင်နဲ့ မမယု စိတ်ချမ်းသာစွာနဲ့ ပေါင်းရပါစေလို့ပဲ ဆုတောင်းပေးရုံသာ တတ်နိုင်တာ၊ ကိုအောင်နဲ့မမယုတို့ ချစ်လမ်း ခရီးက သာယာမလိုလိုနဲ့ ခလုတ်ကန်သင်းတွေ ပြည့်နှက်နေသလိုပဲ နော်''

ကံကြမ္မာအလှည့်အပြောင်းကတော့ အခုချိန်ထိ နှစ်ယောက်ဝေးရဖို့ မဖန်လာသေးပေ။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ကြုံလာရမည်မှာ မလွဲပေ။ ယုကလည်း ပညာစုံနေပြီ။ သူကလည်း ပညာစုံနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနေနှင့် က ပြဿနာမဟုတ်သော်လည်း ယုအတွက်ကြတော့ ပြဿနာ ရှိနေ၏။

ယုအသိုင်းအဝန်းက ယု ဒီလိုနေတာ ထိုင်တာကို အမြဲ တမ်း ကြည့်နေနိုင်မှာ မဟုတ်တာ သေချာ၏။

* * *



## ၂

ဆိုင်ရောက်တော့ ဘုရားဖူးတွေပင် ဆိုင်မှာတချို့ ရောက် နေကြပြီ ဖြစ်၏။

ဆိုင်မှ ကောင်မလေးများကတော့ သူ့နှင့်ခင်မြတ်ဝေကို ကြည့်ပြီး တီးတိုးပြောနေကြသည်။

ခင်မြတ်ဝေ၏ မေမေကတော့ သူတို့နှစ်ယောက်ကို ဘာမှ မပြောပေ။

"သမီးတို့ အစောကြီးကတည်းက ဆင်းခဲ့ကြတာ မေမေ



www.burmeseclassic.com

www.burmeseclassic.com



သမီးက ခြေကျင်ဆင်းချင်လို့ တမင်ဆင်းကြတာ''

''မောင်အောင်မင်းဦးရေ့ မင်းညီမကို အလိုသိပ်မလိုက်နဲ့ မင်းက အလုပ်တွေ ရှိသေးတာ မဟုတ်လား''

''ရပါတယ် ဒေါ်ဒေါ်ရဲ့''

''ရပါတယ် လုပ်မနေနဲ့၊ ခဏနားပြီး မင်း ရေမိုးချိုးတော့ ဘုရားပွဲတွေတောင် စုံနေပြီ၊ တော်ကြာ ကားတွေရောက်လာရင် မင်း ရန်ကုန်ပြန်ဆင်းရမှာ မဟုတ်လား''

''ဟုတ်ကဲ့ ဒေါ်ဒေါ်''

သူတို့ကားသမားတွေနှင့် စားသောက်ဆိုင်က မိတ်ဆွေ စီးပွားဖက်တွေလို ဖြစ်နေကြသည် ဆိုသော်လည်း သူနှင့်ခင်မြတ်ဝေ တို့မိသားစု ဆက်ဆံရေးကတော့ အတော်လေးကို နွေးထွေးမှုရှိ

လုပ်ငန်းသဘောအရပါမကဘဲ သံယောဇဉ်တွေဖြင့် ဆက် ဆံဖြစ်နေကြခြင်း ဖြစ်သည်။

*





''ဆရာကတော့ အရမ်းစွံတာပဲနော်၊ အလုပ်လုပ်နေရင်း က တစ်ယောက်ရှိတယ်၊ ရန်ကုန်ပြန်ရောက်တော့လည်း တစ်ယောက်က အသင့်''

''မင်း ဘာသိလို့လဲ၊ ဒီမနက်တောင်မှ နှစ်ယောက် အတူတူ ခြေကျင်ဆင်းခဲ့ကြတာကွ၊ အဘွားကြီးက ဆူခြင်းမာန်ခြင်း ရှိတဲ့ အပြင် သဘောတောင်ကျနေသေးတာ၊ ကံကောင်းချက် ကတော့ ဘယ်သူမှ လိုက်မမီဘူး''

သူ့တပည့်လေးတွေနှင့် ကားဆရာတို့၏ အပြောင်အ နောက်စကားများကို သူ မသာယာချင်။

ခင်မြတ်ဝေနှင့် ပတ်သက်ပြီး ထိခိုက်ငြိစွန်းနေသည့် စကားတွေမို့ သူငြိမ်ခံနေလို့ မဖြစ်ပေ။

အလုပ်ထဲမှလူတွေ နောက်ပြောင်လေတိုင်း ဘယ်တော့ ဖြစ်ဖြစ် ပြန်လည်ပြီး ချေပစကား ပြောစမြဲပင်။

''ခင်မြတ်ဝေနဲ့ ပတ်သက်ပြီး မနောက်ကြပါနဲ့ကွာ၊ ယခု



www.burmeseclassic.com

www.burmeseclassic.com



နောက်ချင်ရင်နောက်၊ ခင်မြတ်ဝေနဲ့ ငါက မောင်နှမလို ခင်
မင်ကြတာပါ၊ ငါ့အတွက်ကတော့ ပြဿနာမရှိပေမယ့် ခင်မြတ်
အတွက် မကောင်းဘူးလေ''

''ဆရာကလည်း ယောက်ျားကောင်း မောင်းမတစ်ထော
ဆိုတဲ့စကားပုံ ရှိနေတာပဲ၊ ပတ်ဝန်းကျင်ကို ဘာမှဂရုစိုက်မနေ
ဆရာ''

''မဟုတ်ဘူးကွ၊ လူဆိုတာက တစ်ခုတော့ ခံယူ
ရှိရတယ်၊ သွေးနဲ့ကိုယ် သားနဲ့ကိုယ် တည်ဆောက်ထားကြ
ဆိုပေမယ့် နေရာတကာတိုင်းမှာ စိတ်လွတ်လက်လွတ်နေ
မဖြစ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်သလိုပဲ ကို
ဆက်နွယ်တဲ့ သံ ယောဇဉ်အသိုင်းအဝန်းအပေါ်မှာလည်း တ
ထားတတ်ရတယ်၊ ဒီလိုစိတ်ထားမျိုးတွေ မရှိကြဘူးဆို
ဘယ်လောက်ပဲ ခေတ်မီ တိုးတက် တိုးတက် ပတ်ဝန်းကျင်ကော
ဆိုတာ ဖြစ်လာမှာ မဟုတ်ဘူး၊ လူတွေရဲ့ အတွေးအခေါ်
ပြီးစလွယ်ဆန်လာတာနဲ့အမျှ ခံယူချက်တွေကို မစောင့်စည်းနိုင်





နဲ့အမျှ ပတ်ဝန်းကျင်ကောင်းတွေ လျော့နည်းလာမယ်၊ ပတ်ဝန်း
ကျင်ကောင်းမရှိတဲ့ အသိုက် အမြုံတစ်ခုဟာ ဘယ်တော့ဖြစ်ဖြစ်
အမြဲနောက်ကျကျန်နေခဲ့မှာပဲ''

သူ့စကားတွေကိုတော့ သူ့လူတွေက ခွန်းတုံ့မပြန်ကြပေ။

ခင်မြတ်ဝေနှင့် ပတ်သက်လာရင်တော့ ဘယ်လိုနည်းနှင့်
ဖြစ်ဖြစ် သူ တုံ့ပြန်ကာကွယ်ပေးရမည်လေ။

''ကျွန်တော်တို့ကတော့ အမြဲမြင်တွေ့နေရလို့လား
သိဘူး၊ ရန်ကုန်က သူဌေးသမီးနဲ့စာရင် ခင်မြတ်ဝေနဲ့ပဲ ဆရာ့ကို
ဖြစ်စေချင်တယ်၊ ခင်မြတ်ဝေက ဆရာ့အပေါ် သံယောဇဉ်ရှိသလို
အသိုက်အဝန်းကလည်း ဘာမှပြောစရာ မရှိဘူး၊ ဆရာရဲ့ယုက
ရာဘဝထဲကို တကယ်တမ်းကျတော့ ဝင်လာဖို့ အတော်ခက်မှာ

အပြောင်အနောက်စကားတွေပြီးလေတိုင်း သူနှင့်ပတ်
သက်ရာ လူတွေက ယုကို အဝေးမှာထားပြီး ခင်မြတ်ဝေကိုပင်
သာထိုးထိုး ပြောကြဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားတွေ မှန်နေပြန်တော့လည်း မလှုပ်သာမလူးသာ

"ယုနဲ့အပိုင်းက တစ်ပိုင်းပါ၊ ခင်မြတ်ဝေကိုတော့ သူ ဘာသာ လွတ်လွတ်လပ်လပ် နေစေချင်တယ်၊ ကြာလာရင် ဒီကိစ္စ တွေက သူ့အလိုလို ပြီးဆုံးသွားမှာပါ၊ သံယောဇဉ်တစ်ခုတည်းနဲ့ ခင်မြတ်ဝေကို ဆက်ဆံချင်တယ်၊ ချစ်ခြင်းတို့ အိမ်ထောင်ဘဝတို့ တော့ မရောထွေးချင်ဘူး၊ မင်းတို့ပတ်ဝန်းကျင်က ဘာပဲပြောပြော လိပ်ပြာသန့်သန့်နဲ့ ငါ ခင်မြတ်ဝေကို ခင်ဖြစ်နေမှာပဲ"

"ကျွန်တော်တို့ လူကဲခတ်မညံ့ဘူး ဆရာ၊ မမယု ဆရာတို့ အကြောင်းကို ခင်မြတ်ဝေက အမြဲလိုလို စူးစမ်းနေ နော်၊ ဆရာနဲ့ မမယုတို့ တစ်ခုခု အတိမ်းအစောင်း ဖြစ်တာ ဆရာ့ကို နှစ်သိမ့်ဖို့ စောင့်နေတဲ့သဘောပဲ"

သူ့စိတ်တွေကို မြှောက်ပင့်စေသောစကား၊ သွေးထိုး သောစကား ... ဟု သူ နားလည်ထား၏။

"ငါကလည်း ခင်မြတ်ဝေအခြေအနေကို စောင့်ကြည့် တာ၊ သူ့မိဘကပဲဖြစ်ဖြစ် သူကိုယ်တိုင်ကပဲဖြစ်ဖြစ် တစ်ယော





ယောက်နဲ့ သဘောတူပြီဆိုတာနဲ့ မဖြစ်ဖြစ်အောင် ငါက ပံ့ပိုးပေး ဖြစ်မှာ"

"အဲဒီတစ်ယောက်ယောက်က တခြားလူတော့ ဖြစ်လာမှာ မဟုတ်ဘူး ဆရာ၊ ဆရာပဲ ဖြစ်နေမှာပဲ၊ ခင်မြတ်ဝေရဲ့ စိတ်ထဲမှာ ရော သူ့အသိုက်အဝန်းမှာပါ ဆရာကလွဲပြီး ဘယ်တစ်ယောက် ယောက်ကမှ ဝင်လာစရာအကြောင်း မရှိဘူး ဆရာ"

"တော်ကြပါတော့ကွာ၊ ကားပေါ်မှာပါလာတဲ့ ဘုရားဖူး တွေ ကြားသွားလို့ ပိုဆိုးကုန်ပါ့မယ်"

သူ့အသိုက်အဝန်းကတော့ ခင်မြတ်ဝေနှင့် သူ့ကို အမြဲလို လို အတူတွဲပြီး မြင်ကြ၏။

ယုအကြောင်းကို သိကြသော်လည်း ခင်မြတ်ဝေလို မြင် တွေ့နေကျ မဟုတ်၍ သံယောဇဉ် နည်းကြခြင်းလားတော့ မပြော တတ်ပေ။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com





# ၂

သူအိမ်ပြန်ရောက်သည်နှင့် ညီမလေးတို့နှင့် မေမေက သူ့ ကို ဆီးကြိုကြ၏။

သူ ဘယ်လောက်ပင်ပန်းပင်ပန်း . . . သူတို့ ဆီးကြိုကြသည့် မျက်နှာလေးများကြောင့်ပင် အမြဲအမောပြေ ပင်ပန်းရကျိုးနပ်သည်။

''ကိုကို ဘာတွေပါလဲဟင်''

''ငါကတော့ နည်းနည်းပါးပါးပဲ ဝယ်ဖြစ်တာပါ၊ ပင်မြတ်



www.burmeseclassic.com

www.burmeseclassic.com



ဝေက ညည်းတို့အတွက် အဆင်ဆန်းဆန်းလေးတွေ ထည့်ပေးလိုက်တယ်၊ ပြီးတော့ မေမေ့အတွက် သွေးဆေးရယ်၊ ပျားရည်ရယ်ပါ ထည့်ပေးလိုက်တယ်''

''အေးကွယ်၊ ခင်မြတ်ဝေတို့ မိသားစုကတော့ အားနာစရာ ကောင်းနေပြီ၊ မေမေတို့ ဘုရားဖူးသွားကြတုန်းကလည်း လိုလေသေး မရှိဘဲ၊ သားပြန်ရောက်တဲ့အခါတိုင်းလည်း တစ်ခုမဟုတ်တစ်ခု အမြဲထည့်ပေးနေကျပဲ၊ ဒါနဲ့ ခင်မြတ်ဝေမေမေ ဆေးခန်းပြဖို့ ဘယ်လိုအခြေအနေ ရှိလဲ''

''မိုးကျလောက်မှဖြစ်မယ် ထင်တယ် မေမေ''

''အဲဒီအခါကျရင်တော့ မေမေတို့အိမ်မှာပဲ သူတို့သားအမိ တည်းပါစေနော်၊ မေမေက မှာတယ်ဆိုတာလည်း သားပြောဦး။ အား နာပြီး တခြားနေရာမှာ တည်းနေဦးမယ်''

''ပြောလိုက်မှာပါ မေမေ၊ သူတို့ကလည်း သားတို့ဆီမှာ တည်းပြီး ဆေးခန်းပြကြမှာပါ၊ တခြားဘယ်မှာမှ တည်းမှာ မဟုတ်ပါဘူး''





သူနှင့်မေမေတို့ စကားပြောနေစဉ်မှာပင် ဥမ္မာဦးက ယုအကြောင်း ဖြတ်ပြော၏။

''ကိုကိုရေ . . . မမယုကတော့ အမြဲလိုလို အိမ်ကိုလာတယ်၊ မနေ့ကတောင် ကိုကိုပြန်ရောက်မလားဆိုပြီး တစ်နေ့လုံး နီးပါး စောင့်နေရှာတယ်''

''ဟုတ်တယ် သားရဲ့''

''ဒီနေ့ရော လာဦးမယ်လို့ ပြောသွားသေးလား မေမေ''

''လာမယ်လို့တော့ ပြောတယ် သား''

မေမေနှင့်ဥမ္မာဦးတို့ကတော့ ဣန္ဒြေရသည်။

ကလျာဦးကတော့ ဟန်တပြင်ပြင်ဖြစ်နေသောကြောင့် သူကပင် ပြောလိုက်ရသည်။

''ညီမလေး ကလျာကရော . . . ဘာပြောချင်လို့လဲ''

''ပြောတော့ ပြောချင်တယ်''

မေမေနှင့်ဥမ္မာတို့ကို မျက်ရိပ်ပြပြီး ကလျာ မဝံ့မရဲ ပြုံးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဥမ္မာကလည်း ကလျာကို ဝင်ဟန့်၏။

"အလကား ကိုကို၊ ဒီကောင်မလေးက သူ့စိတ်ထဲရှိတာကို ပြောချင်နေတာ"

"ကဲ . . . ကလျာ ပြောချင်တာကို ပြောပါစေ ဥမ္မာရယ်၊ ဒါမှ သူစိတ်ကျေနပ်နိုင်မှာပေါ့၊ ကဲ . . . ပြော ညီမလေး"

သူ့ခွင့်ပြုစကားကြောင့်ပင် မေမေနှင့် ဥမ္မာတို့ သက်ပြင်းချကြ၏။

ကလျာကတော့ မျက်နှာလေးရွှင်ပြသွားသည်။

"မမယုနဲ့ပတ်သက်တဲ့အကြောင်းပဲ ကိုကို"

"ဒီကလေးမလေးကတော့"

မေမေက ဟန့်ချင်သော်လည်း သူ့ရှေ့မို့ ရှေ့မဆက်သာ။

သူ့ကွယ်ရာမှာတော့ ကလျာဦး အဆူပူကြိမ်းမောင်းခံရမှာ မလွဲပေ။

"ပြောပါစေ မေမေရယ်၊ ယုနဲ့ ပတ်သက်တယ်ဆိုတော့ ဘာ အကြောင်းမို့လို့လဲ ညီမလေး"





"မမယုကို လူကြီးတစ်ယောက်နဲ့ တတွဲတွဲ တွေ့နေရတယ်၊ မမယုနဲ့ အတော်ခင်တာ၊ အင်္ဂလန်မှာ အလုပ်လုပ်နေတာတဲ့၊ အခုမှ ပြန်ရောက်လာတာ၊ အဲဒီလို တတွဲတွဲတွေ့ရတော့ ညီမလေးစိတ်ထဲမှာ တစ်မျိုးပဲ ကိုကို"

"အလကား သူထင်ရာကို လျှောက်ပြောနေတာပါ၊ သူ့ကို သမီးလေးယု ပြောပြထားပြီးသားပါ၊ အဲဒီတင်မောင်စိုး ဆိုတာကို သား ကြားဖူးမှာပါ၊ မင်းဖေဖေ ကုမ္ပဏီမှာ ရှိကတည်းက ရှိနေတဲ့ သူ၊ ယုဖေဖေ့အကူအညီကြောင့်ပဲ နိုင်ငံခြားထွက်သွားဖြစ်တာ၊ မင်း ဖေဖေလိုပဲ ယုက တင်မောင်စိုးကို ခင်ကြမင်ကြတာ၊ အခုမှ ခင်ကြ တာ မဟုတ်ဘူးလေ"

ကိုတင်မောင်စိုးအကြောင်းကိုတော့ ယုပြောပြ၍ သူလည်း သိထားသည်။

သူ့ကိုတောင် နိုင်ငံခြားသွားပြီး အလုပ်လုပ်ဖို့ ယုက ပြောနေသေး၏။

"ဟုတ်တယ် ညီမလေးရဲ့၊ ကိုတင်မောင်စိုးက ယုကို



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးတစ်ယောက်လို သံယောဇဉ်ဖြစ်နေတာပါ။ ဒါကို ကိုကိုသိပ်ပါတယ်။ ညီမလေးက အစိုးရိမ်ကြီးနေတာပါ''

''တကယ်ဖြစ်လာမှာ စိုးလို့ ကိုကို့ အဲဒီလူနဲ့ ယှဉ်လိုက်ရင် မမယုမိဘတွေက ကိုကို့ကို မဲသာကြတော့မှာ မဟုတ်ဘူး၊ ကိုကို ကျွန်ရစ်ဖြစ်နေမှာစိုးလို့ သတိပေးတာပါ''

ကလျာကတော့ ပြောချင်ရာပြောပြီး သူတို့ရှေ့မှ ထွက်သွား၏

ဉမ္မာဦးကလည်း ကလျာကိုဆူဖို့ နောက်မှ လိုက်သွားသည်။

မေမေတစ်ယောက်သာ သူ့အနားမှာ ကျန်ရစ်ခဲ့သည်ပဲ။

✳

''သား နားတော့မလား''

''ရပါတယ် မေမေ၊ ဘာပြောစရာရှိလို့လဲ''





မေမေက သူ့ကို စာနာသောအကြည့်ဖြင့် ကြည့်နေပြန်၏။

''ဒီလို သား . . . မေမေလည်း ပြောမယ် ပြောမယ်နဲ့ မင်းညီမတွေ မလစ်တာနဲ့ မပြောဖြစ်တာရယ်၊ ပြီးတော့ မေမေတို့ အတွက် ချည်းပဲ ကြည့်ဖြစ်နေတာကြောင့်ရယ်ဆိုရင် မမှားဘူးကွယ်၊ ဒီအချိန်မှာတော့ မေမေပြောမှ ဖြစ်တော့မယ်''

မေမေ့စကားများက သူ့နှလုံးသားကို ချိန်ရွယ်နေသလိုပင်၊ ယုနင့်ပတ်သက်ပြီဆိုတာလည်း သူ သိသည်။

လေးနက်သောအကြောင်းကိစ္စဆိုတာလည်း သူ ရိပ်စားမိ၏။

''ပြောပါ မေမေ''

''ဒီလို သား . . . သား အိမ်ထောင်ပြုသင့်နေပြီ''

''မဟုတ်သေးဘူး မေမေ''

''မေမေ့စကား မဆုံးသေးဘူး သား။ မေမေပြောတာတွေကို သား ဆုံးအောင် နားထောင်ပေးပါဦး''

မငြင်းသာတော့သည်မို့ သူ ငြိမ်နေလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ အားလုံးအတွက် လေးလေးနက်နက်ပင် ရှင်းပြရှာသည်။

"မင်းဖေဖေ အိမ်ပေါ်က ဆင်းသွားတဲ့နောက်ပိုင်း ကျောင်းတစ်ဖက်နဲ့ မိသားစုတာဝန်ကို ငါ့သားကြီး ကျေအောင်ယူခဲ့ပြီးပြီ အခုဆိုရင် အကြွေးတွေလည်း ကျေပြီ၊ မင်းညီမတွေလည်း ကျောင်းတက်ရတာ မပူရ မပင်ရဘူး။ သမီးလေးယုကလည်း မင်းအနားမှာ အမြဲလိုလို ရှိနေခဲ့တာ၊ မင်းတို့သူငယ်ချင်း မေတ္တာရှိနေတာလည်း နှစ်တွေမနည်းတော့ဘူး။ ဒီအကြောင်းတွေကို မေမေတို့လောက် အပြည့်အစုံ မသိနိုင်ရင်တောင်မှ ယုမိဘတွေ ရိပ်မိကြမှာ သေချာတယ် သား …

… ဖွင့်ည်းဥစ္စာ မရှိတာကလွဲပြီး ကျန်တဲ့အချက်တွေမှာ မင်းကို ယုမိဘတွေ သဘောကျမှာ သေချာတယ်၊ သဘောလည်း ဘုကြီးမယ်ထင်တယ်၊ မင်းညီမတွေကလည်း မေမေ့လိုပဲ ယုနဲ့မင်းကို ယှဉ်ချင်ကြပြီသား"

သူ့အတွက် ဝမ်းသာစရာစကားဆိုပေမယ့် သူ ဝမ်းမသာ



BURMESE CLASSIC .com



…း မေမေတို့သုံးယောက်မျက်နှာ ကို မြင်မိလိုက်သည်နှင့် သူ့ဆုံး…တ်ချက်တွေက မပြတ်သားနိုင်ပေ။

ဒီအဖြစ်ကလည်း တစ်ခါ မကတော့။ အမြဲလိုလိုကြုံနေ…ု ဖြစ်နေခဲ့သည်ပဲ။

"မေမေ ပြောတာတော့ လွယ်တယ် မေမေ၊ ယုကြောင့်ပဲ …မိဘတွေက သဘောတူတယ်ပဲ ထားလိုက်ပါဦး။ ယုနဲ့လက်ထပ်…က်တာနဲ့ သားမေမေတို့နဲ့ နေခွင့်ရှိတော့မှာ မဟုတ်ဘူး၊ ယုမိဘ…တွေကလည်း သူ့သမီးကို သားတို့ဆီ ထည့်ပေးလိုက်မှာ မဟုတ်ဘူး …မေ၊ ဒီအချက်က အသေအချာဆုံးပဲ၊ ဒီလိုဖြစ်တာနဲ့ မေမေတို့ …ဝန်တွေကို သား လျစ်လျူရှုရတော့မယ်၊ ဘယ်လိုထားခဲ့ပြီး …း သွားရက်မှာလဲ မေမေ၊ ညီမလေးတွေနှစ်ယောက် ပညာ…ပိုင်းတစ် စတွေ ဖြစ်မယ်၊ ပြီးတော့ မေမေ့"

"သား … မေမေတို့အပေါ် ဒီလောက်ကြီး ဇောကပ်နေ…ု သား ခံစားရလိမ့်မယ်၊ သမီးယု အိမ်ထောင်ပြုသင့်တဲ့အရွယ်ကို …ာ်တော့မှာနော်၊ သူ့မိဘတွေက ဒီအတိုင်းကြည့်နေကြမှာ



www.burmeseclassic.com

www.burmeseclassic.com



ဟောက်တူ။ မိဘချင်းကိုယ်ချင်းစာတဲ့စိတ်နဲ့ သားကို မမေပြော
နေတာ၊ သား ယုနဲ့လက်ထပ်ဖို့ကိစ္စကို အမြန်တိုင်ပင်ပါကွယ်
မမေတို့ကိစ္စ ကို မမေတို့ဘာသာ မမေတို့ ရှင်းပါ့မယ်''

မမေစကားတွေက အပြောလွယ်သလောက် လိုက်လု
ခက်နေသည်ပဲ။

ယုမိဘတွေကရော သူလိုလူမျိုးနှင့် သဘောတူဖို့ ဆို
ရာနိုင်နှုန်းပြည့် မသေချာ။

သဘောတူတယ် ထားဦး၊ ယုက နားလည်သည်ပဲထား
ယုမိဘတွေ၏ အစီအမံအောက်ကို သူရောက်သွားသည်
နှင့် မမေတို့ကို အလိုလိုပစ်ပယ်ပြီး ဖြစ်နေတော့မည်။

''အခုချိန်မှာ သားက လက်ထပ်ဖို့ပြောတာနဲ့ ဝမ်းသာ
အားရနဲ့ ယု အကောင်အထည်ဖော်မှာ၊ သားအနေနဲ့ မမေ
မျက်နှာတင် ကြည့်ရမှာ မဟုတ်ဘူး။ ယုအတွက်ကိုပါ ထည့်စဉ်း
ရမယ် မမေ၊ ယုက သားအပေါ် အများကြီး ကောင်းခဲ့တဲ့ ချစ်
ပါ၊ သား အခက်အခဲတွေကို သိလို့ လက်ထပ်ဖို့ကိစ္စကို စ





ဖြစ်တောင် ဟခဲ့တာ မဟုတ်ပါဘူး။ သားကို နားလည်ပေးပါ
မမေရယ်၊ အခုလက်ရှိ အခြေအနေနဲ့ မမေတို့ကို ပစ်မသွားနိုင်
သလို၊ ယုကိုလည်း လက်မထပ်ချင်သေးဘူး မမေ''

''အေးလေ . . . ဒါက တစ်ပိုင်းပေါ့ သားရယ်၊ မမေတို့
ကို ငဲ့ပြီး လက်မထပ်ဖြစ်မှာကိုပဲ စိုးရိမ်နေတာ၊ သားနဲ့ပတ်သက်ပြီး
မမေတို့ စိတ်ချမ်းသာခဲ့ရတာ နှစ်တွေကြာခဲ့ပြီ၊ မမေ့သဘော
သား၊ ညီမလေးတွေရဲ့ သဘောထားကို မမေ ပြောပြခဲ့ပြီးပြီ၊
သား လွတ်လွတ်လပ်လပ် ဆုံးဖြတ်ချက်ချပါ သားရယ်''

သူဆုံးဖြတ်ခဲ့ပြီးတာ အခုမှမဟုတ်။

လက်ထပ်ဖို့ကိစ္စကို စ,တွေးမိကတည်းကိုက ဆုံးဖြတ်ထား
ဖြစ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



# ၄

မေမေနှင့်စကားပြောပြီး အနားယူနေတုန်းမှာပင် ပင်ပန်းမှုကြောင့် မေ့ခနဲ အိပ်ပျော်သွားခဲ့သည်။

သူ့အခန်းထဲသို့ ကလျာဝင်လာတာကိုပင် မသိ။ သူအိပ်မောကျနေစဉ်မှာပင် ကလျာ လာနှိုးချေ၏။

''ကိုကို . . . ကိုကို''

ခေါ်သံကြားပေမယ့် အိပ်မက်လိုလို ဖြစ်နေသေးသည်။ မျက်လုံးကို တော်တော်နှင့် ဖွင့်မရ။ မရမက လှုပ်နှိုးခြင်းကြောင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဖွင့်လိုက်ရသည်။

''ကလျာပါလား''

''ကိုကိုကလည်း အိပ်မောကျနေလိုက်တာ''

''ဘာများအရေးကြီးလို့လဲ ကလျာ''

အိပ်ချင်စိတ်ကြောင့် စိတ်တိုသွားမိသည်။

''အိပ်ရေးမဝလို့ ဒေါသထွက်နေရင်လည်း ဆက်အိပ်တော့၊ ကလျာ မပြောတော့ဘူး၊ ဘယ်သူမှ မနှိုးနိုင်းပေမယ့် မမယုနဲ့ တွေ့ဖို့ လာနှိုးပေးရသေးတာ''

စောစောက ဒေါသတို့သည် ချက်ချင်း လွင့်စင်သွားသည်။ ယုရောက်နေသည်ဆိုသောကြောင့် ကမန်းကတန်း ထထိုင်လိုက်မိသည်။

''ယုရောက်နေတယ် ဟုတ်လား ကလျာ၊ အခုရော ရှိသေးလား''

''ရှိပါတယ်၊ ကိုကို အိပ်နေတာကို မမယု ထိုင်စောင့်နေတာ နာရီဝက်ရှိတော့မယ်၊ နှစ်ယောက်စလုံးကို သနားလို့ရယ်





ပြောစရာ ရှိလို့ရယ် လာနှိုးတာကိုများ''

''အေးပါဟာ၊ စိတ်မဆိုးတော့ပါဘူး၊ ဘာပြောမလို့လဲ ကလျာ''

''ဒီအိမ်ကို မမယုလာတာ ဟိုပုဂ္ဂိုလ်က လိုက်ပို့ပေးတာ၊ အပြန်ကို ဟိုပုဂ္ဂိုလ်မဲ့ လာခေါ်မှာ၊ ဒါကြောင့် ညီမလေးက လာနှိုးပေးတာ၊ မမယုရော မေမေတို့ကပါ, နှိုးခိုင်းတာ မဟုတ်ဘူး''

''ကျေးဇူးပါပဲ ညီမလေးရာ''

ကိုတင်မောင်စိုးကို လူချင်း မတွေ့ဖူး။

ကိုတင်မောင်စိုး အကြောင်းတွေကို ယုပြောပြဖူး၍သာ သူ သိထား၏။

ဒီအတိုင်းဆိုရင်တော့ မေမေတို့တွေ ပြောစကားအရ ကိုတင်မောင်စိုး မြန်မာပြည် ပြန်ရောက်နေတာ သေချာ၏။

⁂



www.burmeseclassic.com

www.burmeseclassic.com



"အောင်"

"ယု စောင့်နေတာ ကြာပြီဆို"

"ဟုတ်တယ် အောင်၊ ယု အခန်းဝကို လာကြည့်သေးတယ်၊ အောင် အိပ်မောကျနေလို့ မနှိုးဘဲ ထိုင်စောင့်နေတာ"

"နှိုးလိုက်ရောပေါ့ ယုရယ်၊ ယု မနှိုးတော့ ကလျာ လာနှိုးမှ အောင် သိရတာ"

"အောင် အိပ်ရေးဝအောင်လို့ပါ၊ ကလျာ လာနှိုးတာကို ယုတောင် မသိလိုက်ဘူး"

"အေးအေးဆေးဆေးပဲ မဟုတ်လား ယု၊ အောင် မျက်နှာသစ်ရင်း ရေချိုးလိုက်ဦးမယ်နော်၊ ယုဖို့ သစ်ခွပင်တွေတောင် ဝယ်ခဲ့သေးတယ်"

သူနှင့်ယုတို့ စကားပြောနေစဉ်မှာပင် ဧည့်ခန်းထဲသို့ မေမေနှင့်ဥမ္မာတို့ ဝင်လာကြသည်။ အချိန်ကို လှမ်းကြည့်လိုက်တော့ နေ့ လယ် နှစ်နာရီ ထိုးနေပြီ။

"သစ်ခွပင်တွေကို ညီမလေးတို့ ပြပြီးပါပြီနော်"





"ဥမ္မာရေ ... အောင့်ကို ကလျာဝင်နှိုးတာတဲ့"

"ဒီကောင်မလေးကတော့ လုပ်လိုက်ရင် ဒီလိုမျိုးချည်းပဲ"

"ဆူမနေပါနဲ့ မေမေရာ၊ ကလျာ့အကြောင်းလည်း သိသား နဲ့၊ ယု စောင့်နေတာကို အားနာလို့နေမှာပေါ့"

"သမီးလေး ယု အေးအေးဆေးဆေးနော်၊ ညနေစာ စားပြီးမှ ပြန်နော်"

"ညနေစာ မစားတော့ပါဘူး ဒေါ်ဒေါ်၊ ငါးနာရီခွဲလောက်ဆိုရင် ကိုတင်မောင်စိုး လာခေါ်မှာ၊ အောင့်ကို ညနေစာကျွေးချင်လို့လေ၊ ယုတို့ ဆိုင်မှာပဲ စားတော့မယ်"

ယုကတော့ ကိုတင်မောင်စိုးနှင့် ဆုံဖြစ်ဖို့ကို ချက်ချင်းကြိုး စားလိုက်ပုံ ဖြစ်ဟန်တူသည်။

သူကလည်း ကိုတင်မောင်စိုးနှင့် ဆုံချင်နေသည်ပဲ။

*

"ကိုတင်မောင်စိုး ပြန်ရောက်တာ ငါးရက်လောက်ရှိသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ကိုတင်မောင်စိုးက အောင့်ဖေဖေကို သိတယ်၊ ဒေါ်ဒေါ်ကို လည်း သိတယ်''

''သူ့မိဘတွေရော ယု''

''နယ်မှာလေ၊ မနက်ဖြန်ဆို နယ်ပြန်မှာ၊ ဒီမှာတော့ ယုတို့ အိမ်မှာပဲ နေတယ်၊ လကုန်ရက်လောက်ဆိုရင် သူပြန်တော့မှာ''

လကုန်ဖို့ ရက်ကို စိတ်ထဲမှနေပြီး တွက်မိသည်။

လကုန်ဖို့ ရက်နှစ်ဆယ်လောက် လိုသေးသည်ပဲ။

''ယု ညနေစာစားဖို့ ချိန်းလိုက်တာ အတော်ပဲ၊ အောင် နားတဲ့ရက်မှာ တွေ့ဖြစ်သွားတာပေါ့''

''အောင့်ကို ပြောရဦးမယ်''

ဘာများအရေးကြီးလို့ရယ် မသိ။ ယုတစ်ယောက် ခွင့်တွေ ဘာတွေ တောင်းနေပြန်၏။

''ဘာများလဲ ယု''

''တခြားမဟုတ်ဘူး အောင်၊ ကိုတင်မောင်စိုးပြန်တဲ့အခါ ယုတို့မိသားစု ဂျပန်ကို အလည်လိုက်သွားမလို့လေ၊ အားလုံးစီစဉ်





ပြီးမှ အောင့်ကို ခွင့်တောင်းသလိုများ ဖြစ်လေမလားဆိုပြီး အောင် ထင်မှာကို ယု စိုးရိမ်နေလို့ပါ''

ယုတစ်ယောက်ကတော့ သူ့ကို ချည်ပြီးတုပ်ပြီး ပြောနေ၏။

''ယုအပြင် ဘယ်သူတွေပါဦးမှာလဲ''

''ဖေဖေရော၊ မေမေပါ၊ ပါမှာ အောင်၊ ပထမတော့ အောင့်ကို တိုင်ပင်ပြီးမှ ယုလိုက်ဖို့ပါပဲ၊ သွားဖို့လာဖို့ အားချင်းစီစဉ်ရမှာဆိုတော့ အောင့်ကို တိုင်ပင်ချိန် မရလိုက်လို့လေ''

''ဒါများ ယုရယ်၊ အောင် ဘယ်လိုမှ သဘောမထားပါဘူး။ ပြီးတော့ ယုက ဟိုကို အပြီးသွားမှာမှ မဟုတ်ဘဲ၊ အလည်အပတ် သွားမယ့်ကိစ္စ မဟုတ်လား၊ အောင့်ကို မတိုင်ပင်လည်း ဖြစ်ပါတယ် ယုရဲ့''

''ကိုတင်မောင်စိုးကတော့ ဟိုမှာ အလုပ်လုပ်ဖို့ ခေါ်တယ်၊ ဖေဖေတို့ကလည်း လွှတ်ချင်တယ်၊ ဒါပေမဲ့ အောင့်ကို အကြာကြီး ခွဲနိုင်ဖို့ အဲဒီအစီအစဉ်ကိုတော့ ယု အပြတ်ငြင်းထားပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အောင်''

''ယုက သွားချင်လို့လား''

''မသွားချင်ပါဘူး အောင်ရာ၊ မြန်မာပြည်တွင်းမှာပဲ အောင် နဲ့ခွဲနေရတယ်ဆိုပေမယ့် တစ်ပတ်တစ်ခါလောက်တော့ တွေ့ရသေးတာ မဟုတ်လား၊ ယု ဟိုကိုသွားရင် အောင်နဲ့တွေ့ရတော့မှာ မဟုတ်ဘူးလေ''

''ကျေးဇူးပါပဲ ယုရာ၊ ယုသွားချင်တယ်ဆိုရင် အောင် မတားပေမယ့် စိတ်တော့ ဘယ်ကောင်းပါ့မလဲ ယုရာ၊ အောင် လည်း မတတ်သာလို့ ဒီအလုပ်လုပ်နေရတာ၊ ယုကို နေ့တိုင်း တွေ့ချင် မြင်ချင်တာပေါ့''

''အောင့်အတွက်တော့ ယုကြိုးစားထားတယ် အောင်''

''ဘာများလဲ ယု''

''အောင် ... ဟိုမှာ အလုပ်သွားလုပ်ဖို့လေ၊ အောင်သွားမယ်ဆိုရင် ကိုတင်မောင်စိုးကလည်း ကူညီဖို့ အသင့်ပဲ၊ ယု ပြောပြထားလို့ အောင့်အကြောင်းတွေကို သူသိနေပြီ''





''မဖြစ်ပါဘူး ယုရယ်၊ အဲဒီကိုသွားဖို့ ကုန်ကျစရိတ်က နည်းမှာမှ မဟုတ်တာ၊ အောင်နဲ့ ဖြစ်မယ်မထင်ဘူး''

''အောင် သွားချင်ရင် ငွေရေးကြေးရေးကိစ္စကို ယု စီစဉ်မယ်လေ၊ ဖေဖေတို့ကို ပြောရင် အဆင်ပြေနိုင်တယ် အောင်''

''နေပါစေ ယုရယ်''

''အောင်ကလဲကွာ''

ယုစေတနာကို သူသိသည်။ နားလည်လွန်း၍ ခက်နေရသေး၏။ အလုပ်ကိစ္စကို လမ်းကြောင်းလွှဲသည့်အနေဖြင့် အပြောင်းအပျက်စကား ပြောလိုက်မိသည်။

''ဒါနဲ့နေပါဦး ယု၊ ကိုတင်မောင်စိုးက အောင့်အကြောင်းတွေ သိနေပြီဆိုတော့ အောင်နဲ့ယုတို့ အကြောင်းကိုရော ပြောပြမိသေးလား''

''ဒါတော့ ဘယ်ပြောဖြစ်မလဲ အောင်ရယ်၊ သူ ရိပ်တော့ ရိပ်မိမယ် ထင်တာပဲ၊ ယုက အောင့်အကြောင်းကို ပါးစပ်က မချလောက်အောင် ပြောဖြစ်နေတာလေ''



www.burmeseclassic.com

www.burmeseclassic.com



ကလျာပြောသော စကားများကို ပြန်အမှတ်ရနေမိ၏။

ယုကိုတော့ သူအကြွင်းမဲ့ ယုံသည်။

သူကလွဲလို့ ဒီလောကမှာ ယု ခင်တွယ်ရမည့်သူ ရှိမည် မထင်။

* * *



## ၅

ကိုတင်မောင်စိုး ရောက်လာခါနီးမှာတော့ ညီမလေးတို့နှစ်ယောက် သူတို့စကားပြောသည့်နေရာသို့ ရောက်လာကြသည်။

အစောပိုင်းအချိန်များမှာတော့ . . . ညီမလေးတို့ အရိပ်အယောင်ကို မတွေ့ရပေ။

မေမေကတော့ သူ့အလုပ်နှင့်သူ ရှုပ်နေပုံရ၏။

"ကိုတင်မောင်စိုးလည်း လာခေါ်ခါနီးပြီ အောင်၊ ယုနည်းနည်းပါးပါး ပြင်လိုက်ဆင်လိုက်ဦးမယ်၊ အောင်ရော ဒီအတိုင်းပဲ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့မှာ မဟုတ်လား''

''ဒီတိုင်းပဲ လိုက်ခဲ့မယ် ယု၊ ယု လုပ်စရာရှိတာ လုပ်ေ

သူတို့အိမ်ကိုရောက်ကတည်းက ဒီနေရာမှာ ယုတ
လုံး ထိုင်နေသည်ပဲ။

ညီမလေးတို့ကတော့ ယုကို ခေါ်သွားကြသည်။

ကိုတင်မောင်စိုးနှင့် မထင်မှတ်ဘဲ ထမင်းလက်ဆုံစား
မည်။

ဘာပဲပြောပြော ကိုတင်မောင်စိုးနှင့် ယုတို့ အခြေအနေ
အကဲခတ်ခွင့်ရမည်ပဲ။

သူတစ်ယောက်တည်း ဟိုတွေးဒီတွေး လုပ်နေစဉ်မှာ
အိမ်ရှေ့မှာ ကားထိုးရပ်လာ၏။

သူတစ်ယောက်တည်း ရှိသည့်အခိုက်မို့ ကိုတင်မောင်စိုး
ညော့်ဝတ်ပြုလိုက်ရသည်။

''ကိုတင်မောင်စိုး ထင်တယ်၊ ကျွန်တော် အောင်မင်း
ပါ''





ကိုတင်မောင်စိုးကတော့ လူရည်သန့်သန့်ထဲကပင် ဖြစ်၏။ အသက်ကတော့ သုံးဆယ်သုံး၊ သုံးဆယ့်လေးဝန်းကျင် လောက်တော့ ရှိမည်ထင်သည်။

''တွေ့ရတာ ဝမ်းသာပါတယ် ကိုအောင်မင်းဦး''

''ကိုတင်မောင်စိုး ရောက်လာခါနီးလို့ ညီမလေးတွေနဲ့ အတူ အထဲဝင်သွားပါတယ်၊ ဟော . . . ပြောရင်းဆိုရင်း ယုတို့ ထွက်လာ ပါပြီ''

''ကိုတင်မောင်စိုးတောင် ရောက်လာပြီပဲ၊ ကိုတင်မောင်စိုး တို့ အချင်းချင်း မိတ်ဖွဲ့ပြီးကြပြီလား''

''ဖွဲ့ပြီးကြပါပြီ ယုရဲ့၊ ကိုယ်ကလည်း စ,တွေ့တာနဲ့ ကိုအောင်မင်းဦးပဲ ဖြစ်မှာဆိုတာ သိသလို၊ ကိုအောင်မင်းဦး ကလည်း ကိုယ့်ကို တွေ့တာနဲ့ ချက်ချင်းသိတာလေ''

''ဒါဆိုလည်း အပြင်သွားကြရုံပဲ ရှိတော့တာပေါ့''

''ဒီက ညီမလေးတို့ပါ လိုက်ခဲ့ကြပါလား''

ကိုတင်မောင်စိုးက ဥမ္မာနှင့် ကလျာတို့ကိုပါ ဖိတ်ခေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။

ဥမ္မာတို့ကတော့ လိမ္မာပါးနပ်စွာဖြင့် ငြင်းဆိုလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ဥမ္မာတို့တွေ မလိုက်တော့ပါဘူး"

"ဒါဆိုရင် သွားကြရအောင်၊ တော်ကြာ အောင် အပြန်နောက်ကျနေဦးမယ်"

အပြင်သွားဖို့ ယုကပင် စတင်ပြောလိုက်၏။

သူနှင့်ကိုတင်မောင်စိုးကတော့ အတူတူယှဉ်လျှောက်မိသား ဖြစ်နေပြန်သည်။

⁂

"ကိုယ်နဲ့ ကိုခင်ဦးနဲ့က အလုပ်လုပ်ခဲ့ဖူးတယ်၊ ဟိုကနေပြီး ကိုခင်ဦးအကြောင်းကို ကြားတော့ စိတ်မကောင်းဖြစ်မိသေးတယ် ဒီလို ဘယ်လိုဖြစ်သွားတာလဲ မသိဘူး၊ ယုဖေဖေကတော့





ဒီနေ့အထိ ကိုခင်ဦးကို တမ်းတနေတုန်းပဲ"

"ဒါကတော့ ဖေဖေ့ကံနဲ့ ကျွန်တော်တို့မိသားစုကံပဲလို့ ပြောရမလိုပဲ၊ အခုဆိုရင် ဘာသတင်းအစအနတောင်မှ ကျွန်တော်တို့ မကြားရတော့ဘူး"

"မောင်ရင် တော်တဲ့အကြောင်း မိသားစုအပေါ် ဂရုစိုက်တဲ့ အကြောင်းကိုတော့ ဒီကိုရောက်ကတည်းက ယုပြောနေတာ နေ့တိုင်းလိုလိုပဲ၊ ဒါကြောင့်ပဲ မောင်ရင့်ကို တွေ့ချင်နေတာ"

တကယ်တမ်းစကားပြောဖြစ်တော့ ကိုတင်မောင်စိုး အပြောအဆိုတွေက တကယ့်ကို လူကြီးဆန်သွား၏။

"ကိုတင်မောင်စိုး ဟိုမှာ အလုပ်လုပ်ဖို့ အောင့်ကို ပြောလိုက်ဦးလေ"

"ဟုတ်သားပဲ၊ မောင်ရင့်အတွက်ရော မောင်ရင့်မိသားစု အတွက်ပါ ဟိုမှာအလုပ်ရဖို့ ကိုယ်ကူညီမယ်လို့ ယုကို ကတိပေးထားတယ်၊ မောင်ရင့်လိုလူမျိုးကို ကူညီရကျိုးနပ်ပါတယ်"

"အခုလို ကြားရတာကိုပဲ ကျေးဇူးတင်လှပါပြီ ကိုတင် မောင်စိုး၊ ဂျပန်မှာ အလုပ်သွားလုပ်ဖို့ကိစ္စကို ယုရှေ့မှာပဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ငြင်းခဲ့ပြီးပါပြီ''

''အောင်ကလည်းကွာ၊ အားလုံးက ကူညီရကြမယ့် ကိစ္စကို''

''မဟုတ်ဘူးလေ ယု၊ လူဆိုတာက အစစအရာရာ သူများကို အားကိုးနေမှတော့ အစွမ်းအစ ပျောက်ဆုံးတတ်တယ်၊ ယုတို့ ကျေးဇူးတွေကို တမင်မျက်ကွယ်ပြုတာ မဟုတ်ပါဘူး၊ အောင့်အပေါ် ကောင်းခဲ့တဲ့ ကြည့်ခဲ့တဲ့ လက်ရှိအလုပ်ကိုလည်း ထောက်ထားရဦး မယ်လေ၊ အလုပ်ရှင်က ယုံကြည်ပြီး အောင့်ကို လွှဲထားတာ ယု အသိပဲ မဟုတ်လား။ ပြီးတော့ ရွာခြားမြေခြားမှာ အားလုံးနဲ့ခွဲပြီး နေရမှာကိုလည်း အောင် စိတ်မချတာပါတယ်လေ''

''ကဲပါလေ . . . မောင်ရင်တို့ သူငယ်ချင်းနှစ်ယောက် ဒီကိစ္စကို အေးအေးဆေးဆေး တိုင်ပင်ကြဦးပေါ့၊ အခုတော့ ပျော်ပျော်ပါးပါး စားရင်းသောက်ရင်းနဲ့ ဒီပြင့်အကြောင်း ဆက်ပြောကြတာပေါ့''

ကိုတင်မောင်စိုးကတော့ အခြေအနေကို လိမ္မာပါးနပ်စွာ ကိုင်တွယ်လိုက်၏။





ယုကတော့ သူ့ကို မကျေမနပ်ဖြစ်နေမှာ သေချာ၏။

''ကိုတင်မောင်စိုးက မနက်ဖြန် နယ်ပြန် ဖြစ်မှာလား''

''ဟုတ်တယ်လေ ယု၊ ယုတို့ လိုက်လည်ဖို့ကိစ္စတွေက သလောက်ဖြစ်နေပြီလေ၊ ကိုယ် ဒီကိုပြန်ရောက်ပြီး နှစ်ရက်သုံး လောက်နေပြီးတာနဲ့ သွားဖြစ်ကြမှာလေ''

''ဟိုမှာ ဘယ်လောက်ကြာမှာလဲ ယု''

သူနှင့်ယုတို့ ဘယ်လောက်ရင်းနှီးကြောင်းကို နိမိတ်ပြ ားဖြင့် မေးလိုက်မိသည်။

ကိုတင်မောင်စိုးကတော့ မဏ္ဍာပ်တိုင် တက်ပြသည် . . . ဟု မြင်ကတ်လေမည်လား မသိ။

''သွားတာပြန်တာနဲ့ တစ်ပတ်ဆယ်ရက်လောက်တော့ မယ်ထင်တယ်နော် ကိုတင်မောင်စိုး''

ကိုတင်မောင်စိုးကတော့ ထမင်းစားသည်ဆိုရုံ သောက် သည်။

အစားကိုတော့ အဖြစ်လောက်သာ စား၏။

''မောင်ရင် သောက်ရင်သောက်နော်၊ ကိုယ့်ကို ဘာမှအား



www.burmeseclassic.com

www.burmeseclassic.com



မနှာနဲ့''

ကိုတင်မောင်စိုး၏ ဖိတ်ခေါ်မှုကို သူက မငြင်းရဘဲ ယူ
ကိုယ်စားပြောလိုက်သည်။

''အောင်က မသောက်တတ်ဘူး ကိုတင်မောင်စိုး''

''ဒါလည်း တစ်မျိုးကောင်းတော့ ကောင်းပါတယ်''

ကိုတင်မောင်စိုးစကားက ဘာကိုရည်ရွယ်သည် ...
မသဲမကွဲ။

ယုကတော့ သူ့အတွက် အချိုရည်မှာပေးသည်။

အချိုရည်ဘူးလာချပေးတော့ ယုဖန်ခွက်ထဲသို့
တစ်ဝက် ငှဲ့ထည့်ပေးလိုက်သေး၏။

သူနှင့်ယုတို့၏အနေအထိုင်အပြောအဆိုတွေကို၊ ကို
မောင်စိုး ဂရုထားကြည့်နေတာတော့ သေချာလွန်းနေသည်။

ဒီအခြေအနေလောက်ဆိုရင်တော့ သူနှင့်ယုတို့၏ အ
အထားကို ကောင်းကောင်းကြီး သဘောပေါက်မှာသေချာနေသ
ပဲ။

⁕ ⁕ ⁕

ရွှေသမင်စာပေ

# ၆

ခင်မြတ်ဝေဆီကို သူ တစ်ခေါက်ပြန်ရောက်သွားချိန်မှာ
တော့ ယု ဂျပန်သွားတာ နှစ်ရက်မြောက်နေ့ ရှိသွားခဲ့ပြီ။

သာမညမှအပြန်တွင် ကင်းမွန်ရိပ်သာမှာပင် ဝင်နေလိုက်
၏။

ရန်ကုန်ကို ပြန်ဆင်းချင်စိတ်လည်း မရှိပေ။

''ကိုအောင်ကြည့်ရတာ တစ်မျိုးဖြစ်နေလားလို့ နေလို့ထိုင်
လို့ရော ကောင်းရဲ့လား ကိုအောင်၊ ခင်မြတ်ဝေ ကိုယ်ပူစမ်းကြည့်ပါ

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်''

သူ့အရိပ်အကဲကို ခင်မြတ်ဝေက သိနေပြန်သည်။ ခင်မြတ်ဝေအမေရှေ့မှာမို့ အနေခက်ရပြန်၏။

''ဟယ် ... ကိုယ်တွေ နွေးချင်နေတယ်၊ ကိုအောင် ဖျား ချင်နေတာ သေချာပြီ၊ ဆေးခန်းပြပါလား ကိုအောင်''

ယုတစ်ယောက် ဂျပန်လိုက်သွားတာကို ရင်ထဲမှာ ဟာနေ၏။

အလည်အပတ်ခရီးဆိုသော်လည်း ဘာကြောင့်မှန်းမသိ ... ဝေးရမည်ကို ရင်ပူမိနေပြန်သည်။

''ဟုတ်တယ် ကိုအောင်၊ အခုရက်ပိုင်းဖျားတာ နာတာ တွေက သိပ်ဖြစ်နေတာ၊ ကိုယ့်ဘာသာကိုယ် ဆေးဝယ်သောက်ရုံနဲ့ မပျောက်ဘူးကွဲ့''

''ရပါတယ် ဒေါ်ဒေါ်၊ ဆေးသောက်ပြီး နားနားနေနေ နေလိုက်ရင် သက်သာသွားမှာပါ၊ ဒီတစ်ခေါက် ရန်ကုန်ပြန် မဆင်းတော့ဘူး၊ ဒီကပဲ ခရီးသည်တွေ အဆင်ပြေအောင်





အစီအစဉ်လုပ်ပေးမှာ''

မနက်ဖြန် ရန်ကုန်ပြန်မဆင်းဖြစ်တော့ဆို၍ ခင်မြတ်ဝေ ပျော် သွားပုံရသည်။

''ဒီမှာနေမယ်ဆိုလည်း ဆိုင်အလုပ်တွေကို ဝင်မကူနဲ့၊ နားနားနေနေ နေချင်ရင် တကယ်ပဲနေနော် ကိုအောင်''

''စိတ်ချပါ ခင်မြတ်ဝေ၊ ကိုအောင် တကယ်နားချင်လို့ ဒီမှာ ကျန်ခဲ့တာပါ''

ယုကို လွမ်းလို့ ... ဟု ပြောလိုက်ချင်သည်။

ယုတစ်ယောက်ကတော့ နေရာသစ် အတွေ့အကြုံသစ် တွေနှင့် သူ့ကို မေ့ရင် မေ့လောက်ပြီ။

မဆီမဆိုင်ဖြင့် ကိုတင်မောင်စိုးနှင့်ယုကို စိတ်မချဖြစ်ရ ပြန်သည်။

ယုမိဘတွေ ပါသေးတာပဲ ဆိုသောအသိဖြင့် ဖြေသိမ့်ရ ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



*

ယုမျက်နှာ မရွှင်မပျ ဖြစ်နေသည်ကို တွေ့၏။

သူ့ကိုမြင်သော်လည်း ယု မခေါ်မပြော။

ယုအကြည့်တို့သည် ညှို့မှိုင်းနေ၏။

တစ်စုံတစ်ယောက်၏ လွှမ်းမိုးမှုအောက်တွင် ယု ကျရောက်နေသည်လား မသိ။

သူကိုယ်တိုင်ကလည်း ယုကို မြင်နေပါလျက် ခေါ်မရ၊ အော်မရ ဖြစ်နေ၏။

ယုနာမည်ကို ထပ်ခါမျှ ခေါ်ရလွန်း၍ အာခေါင်တွေပင် ခြောက်ကပ်နေလေ၏။

''ကိုအောင် ... ကိုအောင်''

''ယု ... ရေ''

''ကိုအောင် သတိရပြီလား ... ကိုယ်တွေလည်း ခြစ်ခြစ်တောက်ပူနေပါလား''

မီးရောင်အောက်ဆီမှာပင် ခင်မြတ်ဝေမျက်နှာကို မြင်တွေ့





ရသည်။

ချက်ချင်းဆိုသလိုပင် အိပ်မက်မက်နေပါလား ... ဟု သိ လိုက်ရပြန်သည်။

အသေအချာ သတိထားဖြစ်တော့မှ ခင်မြတ်ဝေ၏ လက်အစုံကို သူ ကျစ်ကျစ်ပါအောင် ဆုပ်တွယ်ထားသည်ကို သတိထားဖြစ်သည်။

ခင်မြတ်ဝေကို အားနာသွားပြီး သူ့လက်တို့ကို ရုပ်သွားလိုက်ရသည်။

သူ့နှုတ်မှလည်း ခင်မြတ်ဝေကို တောင်းပန်မိ၏။

''ဆောရီး ခင်မြတ်ဝေ၊ ကိုအောင် အိပ်မက်ဆိုးတွေ မက်နေတာ၊ ရေသောက်ချင်တယ် ခင်မြတ်ဝေ''

''ကိုအောင် အရမ်းဖျားနေတယ်၊ အခုချက်ချင်း နီးရာဆေးခန်းတစ်ခုကို ပြမှ ဖြစ်မယ် ကိုအောင်''

''ဘယ်နှစ်နာရီ ထိုးပြီလဲ ခင်မြတ်ဝေ''

''ညဆယ်နာရီထိုးခါနီးပြီ ကိုအောင်''

www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်ပြီ ဖြစ်ပေမယ့် ကင်မွန်းချောင်ကတော့ ဘုရားဖူးတွေဖြင့် စည်ကားဆူညံနေဆဲပင်။

အိပ်ရာမှ အထမှာပင် ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားမိ၏။

''ကိုအောင် သတိထား၊ ခင်မြတ်ဝေကို တွဲ၊ ဘာမှ အားနာမနေနဲ့ ကိုအောင်''

တကယ်တမ်းကျတော့ သူက ခင်မြတ်ဝေကို အမှီပြုဖို့ပင် မလိုအပ်တော့။

သူ့ကို ခင်မြတ်ဝေက တွဲခေါ်လာခဲ့၏။

သူ့ကိုတွေ့တော့ ခင်မြတ်ဝေ အမေလည်း ပျာပျာသလဲ ဖြစ်သွား၏။

အနီးဆုံး ဆေးခန်းတစ်ခုကို သွားဖို့ပင် ခင်မြတ်ဝေ အမေ ပြောလေသည်။

*





''မမယု ရန်ကုန်မှာ မရှိတော့တာနဲ့ ကိုအောင် လွမ်းဖျား ဖျားတော့တာပေါ့။ ဟုတ်လား ကိုအောင်၊ ကိုအောင့်ကို ခင်မြတ်ဝေ သတိ ထားကြည့်မိတယ်''

ဆန်ပြုတ်တိုက်ရင်းကပင် ခင်မြတ်ဝေ ပြောလာသည်။

ယုတစ်ယောက် ဂျပန်သွားလည်သည့်အကြောင်းကို သူ ပြောပြသည်နှင့် ခင်မြတ်ဝေ နောက်တော့သည်။

''ဘာများ သတိထားမိတာလဲ ခင်မြတ်ဝေ''

''တခြားမဟုတ်ပါဘူး၊ ကိစ္စတော်တော်များများမှာ ကိုအောင်က သူများတကာတွေထက် အပင်ပန်းခံနိုင်တယ်၊ စိတ်ခိုင်လွန်းတယ်၊ မမယုနဲ့ ပတ်သက်လာရင်တော့ အသေးအဖွဲလေးပဲ ဖြစ်ဖြစ် ကိုအောင် စိတ်မခိုင်ဘူး မဟုတ်လား''

ခင်မြတ်ဝေစကားကို နှုတ်ဖြင့် ဝန်မခံဘဲ ပြုံးနေလိုက်မိသည်။

ခင်မြတ်ဝေ စကားနာထိုးလည်း ခံရရုံသာ ရှိသည်ပဲ။

တကယ်လည်း ယုနှင့်ပတ်သက်ပြီး သူ အရာရာမှာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပျော့လွန်းလှသည်။

"မမယုကို ဓာတ်ပုံထဲမှာပဲ ခင်မြတ်ဝေ တွေ့ဖူးတာပါ၊ အပြင်မှာဆို ပိုချောတယ်မဟုတ်လား ကိုအောင်"

"ကိုအောင့်ကို ဒီစကားလာမေးမှတော့ ချောတယ်လို့ပဲ ပြောမှာပေါ့ ခင်မြတ်ဝေရာ၊ ဟုတ်မဟုတ်ကို ခင်မြတ်ဝေ ရန်ကုန် လိုက်လည်ဖြစ်မှ ကိုယ်တိုင်ကြည့်ပေါ့"

"ခင်မြတ်ဝေကလည်း ကိုအောင်ရဲ့မမယုကို တွေ့ချင်ပါတယ်၊ တော်ကြာ မမယုက ခင်မြတ်ဝေကို သဝန်တိုတာတွေ ဘာတွေဖြစ်နေဦးမယ်၊ ခင်မြတ်ဝေအကြောင်းကို ပြောပြထားသေးလား ဟင်"

ခင်မြတ်ဝေဆိုသော အမည်နာမကိုတော့ ညီမလေးတို့ မေမေတို့ ပြောကြဆိုကြလို့ ယုကြားဖူးတာလောက်ပဲ ရှိသည်။

သူကလည်း တကူးတက ပြောပြဖူးတာ မရှိ၊ ယုကလည်း ခင်မြတ်ဝေအကြောင်းကို မစပ်စု။

သူနှင့် ခင်မြတ်ဝေတို့ သာမန်မျှ ခင်မင်ကြသည် ... ဟု





တွက်ထားပုံရသည်။

မလိမ်မညာချင်သည့်မို့ မုသားမကင်းတကင်း ပြောလိုက်မိ ည်။

"ခင်မြတ်ဝေကိုတော့ ယုသိပါတယ်"

"သိတယ်ဆိုတာက ..."

ခင်မြတ်ဝေကတော့ မပေါ်ပေါ်အောင် စစ်နေပြန်တော့ ည်။

"ခင်မြတ်ဝေ ... ယုနဲ့ တွေ့ကြည့်လိုက်ပါ"

"ကိုအောင် သေသေချာချာ မပြောပြထားပါဘူး၊ မရှာဘူး ော် ကိုအောင်၊ ခင်မြတ်ဝေကတော့ မမယုရှေ့တွေ့ ဘာတွေ ှာင်ပြီး လက်တွန့်နေမှာ မဟုတ်ဘူး၊ ပွင့်ပွင့်လင်းလင်းပဲ ခေါ်ပြော က်ဆံမှာနော်၊ ကိုအောင်သာ ခင်မြတ်ဝေအကြောင်းကို မမယု အောင် ပြောပြထားဦး၊ တော်ကြာ ကိုအောင် ဒုက္ခတွေ့နေဦး ယ်"

"စိတ်ချပါ ခင်မြတ်ဝေရယ်၊ ခင်မြတ်ဝေသာ ယုနဲ့ တွေ့ပြီ



www.burmeseclassic.com

www.burmeseclassic.com



အောင် အရင်ကြိုးစားပါဦး''

နေရင်းထိုင်ရင်းကပင် တုတ်ကွေးဖျားကြောင့် လူမမာ
လုံးလုံး ဖြစ်ရပြန်၏။

ခင်မြတ်ဝေတို့ဆိုင်မှာ လိုသည်ထက် ပိုပြီး ရက်တွေ
သွားခဲ့သည်။ ခင်မြတ်ဝေကတော့ သူ့အပါးက မခွာတော့
တောက်လျှောက်ပြုစုနေပြန်၏။

* * *

# ၇

သူ ရန်ကုန်ပြန်ရောက်ပြီး နောက်နေ့မှာပင် ယု တစ်ယောက် ဂျပန်မှ ပြန်ရောက်လာ၏။

သူ့အပါအဝင် သူတို့တစ်မိသားစုလုံးအတွက် လက်ဆောင် ပစ္စည်းတွေကို ယုကိုယ်တိုင် လာပေး၏။

သူ့မှာကလည်း အလုပ်တွေက တန်းလန်းဖြစ်နေ၍ ယုနှင့် ခဏလေးသာ စကားပြောဖြစ်၏။

သူတို့ ခရီးသွားလုပ်ငန်းမှ ကားတစ်စီး အသစ်ထပ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာ၍ ပြင်ရဆင်ရတာရော၊ လက်ရှိကားတစ်စီး အင်ဂျင်ကိုင်နေရတာရော ပေါင်းပြီး သူပင် ကားတွေနောက် မလိုက်အားပေ။

"အောင့်အတွက်တော့ အမှတ်တရဖြစ်အောင် ဝယ်လာခဲ့တာ၊ အောင် ကြိုက်ပါ့မလား မသိဘူး"

သူ့ရှေ့မှာချထားသော ပစ္စည်းတွေကိုပင် ကိုင်မကြည့်နိုင် သူ့လက်တွေမှာ စက်ဆီတွေ ပေကျံနေသည်မို့ ယုစိတ်ကျေနပ်အောင် ပြောလိုက်ရ၏။

"ယုစိတ်ကြိုက်ဖြစ်လို့ ဝယ်လာပေးတဲ့ပစ္စည်းကို အောင်က မကြိုက်ဘဲ နေပါ့မလား ယုရာ၊ အောင်က ယုကို ပြန်ပြီး အားနာနေတာ၊ အခုတောင် လမ်းကြုံတာနဲ့ အိမ်ကို ခဏဝင်ဖြစ်လို့ ယုနဲ့တွေ့ရတာ၊ မဟုတ်ရင် တွေ့မှာမဟုတ်ဘူး၊ ကားတစ်စီးပျက်လို့ ပြင်တာရယ်၊ ကားသစ်ကို ပြင်ရဆင်ရတာတွေနဲ့ လုံးချာလိုက်နေတာပဲ၊ ဒီ ကားတွေပြီးမှပဲ ယုနဲ့အေးအေး ဆေးဆေး တွေ့ဖြစ်တော့မှာ"

သူကတော့ ပါလာသောသူများကြောင့် နောက်ဆံငင်နေရ၏။

ဝပ်ရှော့မှ အလုပ်သမားနှစ်ယောက်ကတော့ ကားပေါ်မှာ ထိုင်စောင့်နေရှာ၏။

ပစ္စည်းလို၍ ထွက်ဝယ်နိုက်မို့ အိမ်ကို ခဏဝင်ဖြစ်ရင်းက ယုနှင့် ဆုံခြင်းဖြစ်၏။

ယုကတော့ တွေ့တုန်းအခိုက်မှာပင် အလွမ်းသယ်နေပြန်သည်။

"ယု . . . ဂျပန်မှာ ရောက်နေတုန်း အောင် နယ်မှာ များ သေးတယ်ဆို"

"ဟုတ်တယ် . . . ယု၊ သူများတွေ အမြင်မှာတော့ ရာသီများလို့ ထင်ကြတာ၊ အောင်ကတော့ တွေးမိပါတယ်၊ ယုကို လွမ်းလို့များ လွမ်းဖျားလို့လေ"

"ရေခြားမြေခြားရောက်နေတာဆိုတော့ ယုကလည်း အောင့်ကို လွမ်းတာပါပဲ"

"ဒါဆိုရင် ကျေပြီပေါ့ ယုရာ"



ရွှေသမင်စာပေ
ရွှေသမင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



ယုနှင့်စကားကောင်းနေတုန်းမှာပင် ဝပ်ရှော့မှ အလုပ်သမားလေးတွေက ကြာလို့ထင်သည်။ ကားဟွန်းတီးပြီး ခေါ်နေ၏။

"ကားဟွန်းတီးနေတယ်၊ အောင် ကြာနေလို့များလား မသိဘူး"

"ဟုတ်မယ် ယု၊ အောင်က ခဏဆိုပြီး ဆင်းလာခဲ့တာ၊ နောက်မှ အေးအေးဆေးဆေးတွေ့မယ် ယုရာ၊ အောင် အားပြီဆိုတာနဲ့ ယုဆီ ဖုန်းဆက်လိုက်မယ်"

"ကောင်းပြီ အောင်"

မေမေတို့ ညီမလေးတို့ကိုပင် နှုတ်ဆက်မနေတော့ဘဲ အိမ်ပေါ်မှ ဆင်းလာခဲ့၏။

*

ကားအသစ်ကိစ္စကတော့ အားလုံးပြီးစီးသွား၏။

ကားဟောင်းကိုပြင်တာ လက်စအနည်းငယ်သာ ကျန်





တော့၏။

ဝပ်ရှော့သမားတွေက ပြီးချင်သလို သူကလည်း ပို၍ပြီးချင်၏။

ကားနောက်ကို မလိုက်ခင် တစ်ရက်လောက်တော့ ယုနှင့်တွေ့ချင်သေး၏။

ကားပြင်တာကို ကြည့်နေဆဲမှာပင် ယုတို့အိမ်မှကား ဝပ်ရှော့ထဲ ဝင်လာသည်ကို တွေ့၏။

ယုများ ဝပ်ရှော့ကို စုံစမ်းပြီး လိုက်လာသလား . . . ဟု ထင်မိထင်ရာ ထင်လိုက်မိသည်။

တကယ်တမ်းကျတော့ ကားပေါ်မှ ဆင်းလာသူမှာ ယု မဟုတ်။

ယုဖေဖေ ဖြစ်နေ၏။ ကားကိစ္စတစ်ခုခုကြောင့် ဝပ်ရှော့ လာသည် . . . ဟု တွေးလိုက်မိသည်။

ယုဖေဖေက အနီးစပ်ဆုံး အလုပ်သမားတစ်ယောက်ကို မေးနေ၏။ အလုပ်သမားက သူ့ရှိရာသို့ လက်ညှိုးထိုးပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေရာမှနေပြီး ယုဖေဖေရှိရာသို့ သူလျှောက်လာဖြစ်သည်။

"ဘာလဲ ဦး ... ကားပျက်လို့ လာပြင်တာလား။ ဒီဝပ်ရှော့ ကတော့ မဆိုးပါဘူး"

ယုဖေဖေကို တွေ့တွေ့ချင်းမှာပင် သူပြောလိုက်သည်။ တကယ်တမ်းကျတော့ သူထင်သလို မဟုတ်။

"မဟုတ်ဘူး မောင်အောင်မင်းဦး၊ ဒီဝပ်ရှော့မှာ မင်းရှိ တယ်ဆိုလို့ ဦးလာခဲ့တာ"

ယုဖေဖေစကားက အဆန်းအပြား ဖြစ်နေသည်။ သူ့ ဘာကြောင့် တကူးတက လာတွေ့ရပါလိမ့် ... ဟု စဉ်းစား အောင် ဖြစ်နေမိသည်။

"ဘာကိစ္စရှိလို့လဲ ဦး၊ ကျွန်တော် ဘာအကူညီများ ပေး မလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ နာရီဝက်၊ တစ်နာရီလောက် ဦးကို အချိန်ပေးလို့ ဖြစ်မလား"

ဒီလောက်တော့ ရသည်ပဲ။

ရွှေအမင်စာပေ



ချက်ချင်းဆိုသလိုပင် သူ ပြောလိုက်သည်။

"ရပါတယ် ဦး၊ ကားပြင်တာက ကျွန်တော်လုပ်ရတာမှ မဟုတ်ဘဲ၊ ဝပ်ရှော့က လူတွေ လုပ်ကြတာ၊ ကျွန်တော်က ကြည့်ပေး ရုံပဲလေ"

"ဒါဆိုရင် ဒီအနီးအနားက ဆိုင်တစ်ဆိုင်မှာ ဦးတို့နှစ်ယောက် နည်းနည်းဆွေးနွေးကြရအောင်"

ဆွေးနွေးကြရအောင်ဆိုသော စကားအဓိပ္ပာယ်ကြောင့်ပင် သူ့စိတ်ထဲမှာ ထင့်သွားရသည်။

ယုဖေဖေက သူ့ရှိရာသို့ တကူးတက ရောက်လာသည်။ ပြီးတော့ သူနှင့်နှစ်ယောက်ချင်း ဆွေးနွေးဖို့ ပြောသည်။


ယုနှင့်ပတ်သက်ပြီး တစ်ခုခု ထူးပြီဆိုတာကို သူ သဘောပေါက်လိုက်သည်။

❋ ❋ ❋

ရွှေအမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



# ၈

"သမီးကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးတယ်ဆိုတာထက် မောင်အောင်မင်းဦးကို အကူအညီတောင်းချင်တယ်ဆိုတာက ပို သဘာဝကျလိမ့်မယ်လို့ ဦးထင်တယ်လေ"

သူ့မျက်နှာကို ရဲရဲမကြည့်ဘဲ ယုဖေဖေ ပြောနေ၏။

ဘာအကြောင်းဆိုတာကိုတော့ ရေရေရာရာ မသိရသေးပေ။

ယုဖေဖေ အနေမခက်စေရန်အတွက် သူကပင် စကားလမ်းခင်းပေးမိလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စဆိုတာကိုသာ ပြောပါဦး၊ ကျွန်တော်တို့တစ်တွေက သူစိမ်းတွေမှ မဟုတ်တဲ ဦးရယ်၊ ယုအတွက်ပဲဖြစ်ဖြစ်၊ ဦးတို့မိသားစုအတွက်ပဲ ဖြစ်ဖြစ် ဘာမဆို ကျွန်တော် အကူအညီပေးဖို့ အသင့်ပါပဲဦး"

"ပြောရမှာတော့ ခက်ခက်ခဲခဲပဲ၊ မြေနိမ့်ရာ လှံစိုက်သလို ဖြစ်မှာစိုးတာရယ်၊ သမီးအိမ်ထောင်ရေးကိစ္စကို ဖခင်ဖြစ်သူက ပြောရတယ်ဆိုတာရယ်ကြောင့် မျက်နှာတော့ ပူတယ်"

ယုအိမ်ထောင်ရေးကိစ္စဆိုမှတော့ သူနှင့်ပတ်သက်နေတာ သေချာနေ၏။

သူ့ကို အကူအညီတောင်းမည်ဟုလည်း ယုဖေဖေ ပြောသေးသည်။

ရင်ထဲမှာ စိုးရိမ်ကြောင့်ကျမှုဖြစ်ပေမယ့် အကျိုးအကြောင်းကိုတော့ သိချင်နေပြန်၏။

"ပြောပါ ဦး၊ မပြောမဖြစ်တဲ့ကိစ္စဆိုတာကို ကျွန်တော် နားလည်ပေးပါတယ်၊ ပြဿနာတစ်ခုခုဖြစ်နေပြီဆိုတာကို





ကျွန်တော် ရေးရေး သဘောပေါက်ပါတယ်၊ ကျွန်တော်နဲ့ဆို အသေအချာ ဆွေးနွေးမှုဖြစ်မယ့်ကိစ္စ မဟုတ်လား ဦး"

"ဟုတ်တယ် မောင်အောင်မင်းဦး။ ယုနဲ့ မောင်အောင်မင်း ဦးတို့ သံယောဇဉ်ကို ဦးရိပ်မိပါတယ်၊ သူများချစ်ခြင်းကို မစာမနာ ခွဲရာရောက်မှာကိုလည်း ဦးသိပါတယ်၊ ဒါပေမဲ့ကွယ် မိဘတစ်ယောက်အနေနဲ့ ဦးတောင်းပန်ချင်ပါတယ်"

ယုနှင့်ဝေးရဖို့ ဖန်လာပြီဆိုတာကို ချက်ချင်း သဘောပေါက် သွား၏။

ယုဖေဖေတစ်ယောက် ရိုးသားစွာပင် စကားတွေတစ်ဆို့သွားပြန်၏။

"ကျွန်တော် ပြောခဲ့ပြီးပါပြီ ဦး၊ ယုအတွက် ဦးတို့အတွက် ကျွန်တော် ဘာလုပ်ပေးရ၊ ပေးရဆိုတာကို"

"အေးကွယ်၊ မောင်အောင်မင်းဦးရဲ့ ဝါသနာကြောင့်ပဲ ဦး စိတ်မကောင်းဖြစ်ရတာ အမှန်ပဲ၊ ယုကို အိမ်ထောင်ပြုပေးချင်ပြီ တကယ်လို့များ မောင်တင်မောင်စိုးသာ ယုမေမေကို မပြောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာဆိုရင် မောင်အောင်မင်းဦးနဲ့သမီးတို့ကြားမှာ အနှောင့်အယှက် ဖြစ်မှာ မဟုတ်ဘူး။ မောင်တင်မောင်စိုးက သမီးယုကို လက်ထပ်ဖို့ ပြောလာတယ်၊ တကယ်တော့ မောင်တင်မောင်စိုးက သမီး ငယ်ငယ်တုန်းက ခင်ခဲ့မင်ခဲ့ကြတာ၊ မင်းဖေဖေနဲ့ အတူတူပဲပေါ့''

''ဒါတွေကို ကျွန်တော် သိပါတယ် ဦး၊ ဦးတို့ ဘာဖြစ်ချင်လဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ ဦး''

ယုနှင့်ခွဲရဖို့က သေချာသလောက် ရှိသွားပြီလေ။

ရင်နာနာနှင့် စကားတွေ ပြောနေရပေမယ့် မနည်းဟန်ဆောင်ထားရ၏။

သူ့မျက်နှာကို အကဲခတ်ကြည့်ပါက ယုဖေဖေ သိသာမြင်သာမှာပါလေ။

※

''ဒီစကားကြားရလို့ ကျေးဇူးတင်သလို စိတ်မကောင်းဖြစ်





မိတာ အမှန်ပဲ၊ သမီးကို ဖျောင်းဖျနိုင်တာ မောင်အောင်မင်းဦးပဲ ရှိတယ်၊ မောင်အောင်မင်းဦးရဲ့စကားကို သမီး နားထောင်မှာ သေချာတယ်၊ မောင်အောင်မင်းဦးကို သမီးက ကရုဏာကြီးလွန်းတယ်၊ မောင်တင်မောင်စိုးနဲ့သမီးတို့ လက်ထပ်ဖြစ်ဖို့ကိစ္စမှာ ဦးတို့ထက် မောင်အောင်မင်းဦးက ပိုအဓိက ကျနေတယ်လေ''

ချစ်လျက်နှင့် ယုကို စွန့်လွှတ်ဖို့ အနုနည်းဖြင့် ယုဖေဖေ တောင်းဆိုနေလေပြီ။

ဒီအခြေအနေကို ရင်ကွဲခံပြီး သူ လိုက်လျောရတော့မည်ပေါ့။

''ယုကို ချစ်တယ်ဆိုတာ ယု အသိုက်အဝန်းကို မက်ခဲ့လို့ မဟုတ်ဘူး၊ ယုနှလုံးသားရဲ့ နားလည်တတ်မှု၊ စာနာတတ်မှုကို ချစ်ခဲ့ မြတ်နိုးခဲ့တာ၊ ယုအတွက်ဆိုရင် ဘယ်အချိန်မှာဖြစ်ဖြစ် ဘာမဆို ပြန်ပေးဆပ်ဖို့ ကျွန်တော် ဆုံးဖြတ်ထားပါတယ် ဦး၊ ယုဘဝကို ဘယ်တော့မှ မနစ်မွန်းစေရဘူး၊ ဒါကြောင့်ပဲ လက်ထပ်ဖို့ ကိစ္စကို ဒီနေ့ ဒီအချိန်အထိ ကျွန်တော်မတောင်းဆိုခဲ့ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဦးတို့သိသလို ယုကလည်း သိနေတယ်၊ မောင်တင်မောင်စိုးနဲ့ လက်ထပ်ဖို့ကိစ္စကို ဦးတို့ ပြောရင်၊ မင်းအကြောင်းကို ယု ပထမ ဆုံးပြောမှာ သေချာတယ်၊ မောင်အောင်မင်းဦးဘက်က လက်ထပ်ဖို့ မတောင်းဆိုခဲ့ရင် ကျောနိုင်းပြီး စွန့်လွှတ်ခဲ့ရင် ယုနဲ့ မောင်တင်မောင်စိုးတို့ လက်ထပ်ဖြစ်မှာ သေချာတယ်၊ ပထမဆုံး သမီးက မင်းကို ဦးစားပေးလိမ့်မယ်၊ မင်းဆီက ရေရေရာရာ မရှိတော့ဘူးဆိုမှ မိဘတွေရဲ့ဆန္ဒကို ယု ဒုတိယဦးစားပေးမှာ သေချာတယ်"

ယုဖေဖေကတော့ ရင်ကွဲနာကျစေမည့် စကားတွေဖြင့် သူ့ကို ချည်နှောင်နေပြန်၏။

ရင်ထဲမှာ ငိုနေရပေမယ့် ယုအတွက်မို့ သူ့ဆုံးဖြတ်ချက်တွေက နောက်ဆံငင်ခြင်း မရှိပြန်။

ယု နားလည်လိမ့်မည် . . . ဟု သူ ထင်မိသည်လေ။

"စိတ်ချပါဦး၊ ဒီရက်ပိုင်းမှာ ကျွန်တော်နဲ့ယု တွေ့ဖြစ်မှာပါ၊ တွေ့တဲ့အခါမှာလည်း လက်ထပ်ဖို့ကိစ္စကို ယု ပြောမှာသေချာတယ်၊





ကျွန်တော် နားထောင်ပေးပါ့မယ်၊ တစ်လလောက်တော့ ကျွန်တော့်ကို အချိန်ပေးပါဦး၊ အခုပြော၊ အခုချက်ချင်းကြီးတော့ ရက်စက်ပြဖို့ ကျွန်တော် အင်အားမရှိတာ အမှန်ပါပဲ"

"အေးပါကွယ်၊ ယုအတွက် မင်းအနစ်နာခံသလို၊ ဦးတို့ စိတ်ချမ်းသာဖို့အတွက် မင်းဆုံးဖြတ်တာ မှန်မြတ်ပါတယ်၊ သာဓု လည်း ခေါ်ပါတယ်၊ မင်းကတော့ ဦးတို့ ထင်ထားတာထက် ပိုပြီး သဘောထားပြည့်နေပါတယ်"

ကျွန်တော့်ရင်ထဲမှာ မီးတောက်နေပြီ . . . ဟု အော်ဟစ်ပြီး ပြောလိုက်ချင်သည်။

ချစ်သူစွန့်လွှတ်ရလို့ ဘယ်ဝတ္ထုကများ မဟာသူရဲကောင်းဘွဲ့ ပေးတာကို ခံချင်မှာလဲ။

ကံကြမ္မာအရ ဘဝပေးအခြေအနေတွေကြောင့်သာ နားလည်စွာဖြင့် ကျောခိုင်းရမည့်အပြင်ပါပဲလေ။

※



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ကူညီတဲ့အတွက် မင်းလိုတာ မှန်သမျှကို ဦးတို့ ဘက်က အားလုံးဖြည့်ဆည်းပေးမယ်"

"မလိုပါဘူး ဦးရယ်၊ ချစ်သူအတွက် မျက်ရည်တွေကျပြီး ရလာမယ့် အခွင့်အရေးမျိုးကို ကျွန်တော် ဘာမှ မတပ်မက်ဘူး ဦး ဒီစကားပြောတာကိုက ကျွန်တော့်စေတနာ အရောင်ခံ ပေးသလိုမျိုး ဖြစ်နေပါပြီ"

ကရုဏာဒေါသကြောင့်ပင် အသံကျယ်လောင်သွား ပြောလိုက်မိပြီးမှ ယုဖေဖေကို အားနာသွားရသည်။

ဒီစကားလောက်တော့ သူ့မှာ ပြန်ပြောဖို့ အခွင့်အရေး သည်ပဲလေ . . . ဟု ဖြေတွေးတွေးမိပြန်သည်။

"အေးပါကွယ်၊ ဦးတောင်းပန်ပါတယ်၊ မောင်အောင်မင်း ခေါင်းမညိတ်ရင်တော့ သမီးက ဦးတို့ဆန္ဒကို လိုက်လျောမှာပါ"

"စိတ်ချပါဦး၊ လက်ထပ်ဖို့ကိစ္စကို ဟိုတုန်းကတည်း ယု အတွက် စဉ်းစားပြီး ကျွန်တော် စိတ်ကူးမယဉ်ဖြစ်ခဲ့ပါ ကျွန်တော့် ဘဝနဲ့ ယုဘဝက အများကြီး ကွာခြားတယ်ဆိုတာ





နားလည်ပါတယ်၊ ဒီဘဝမှာ ယုကို ချစ်ခွင့်ရခဲ့တာကိုပဲ ကျွန်တော် ကျေနပ်ပါ့မယ်"

ယုဖေဖေရှေ့မှာ ဒီစကားမျိုးတွေပြောလို့ ထွက်ပေမယ့် ယု ရှေ့မှာတော့ ဒီလိုလွယ်လွယ် ပြောထွက်မှာ မဟုတ်ပေ။

ရင်ကွဲကွဲကြေမှတော့ ရင်တွေက မနိုင်ခံ့။

တစ်ခုပဲ ကံကောင်းတာရှိ၏။

ချစ်ကြသူချင်း နားလည်စွာဖြင့် ကျောခိုင်းလမ်းခွဲကြရမည့် အဖြစ်ပါလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



# ၉

"လက်ထပ်ဖို့ကိစ္စကို ယု မပြောချင်ဘူး အောင်၊ ပူလည်း မပူဆာချင်ဘူး၊ အခုအခြေအနေမှာတော့ မပြောမဖြစ်လို့ အောင့်ကို ပြောရတာ"

စာရေးရင်းကပင် ယုပြောခဲ့သော စကားသံတွေကို ကြား ယောင်မိသည်။

စာတစ်လုံးသည် အသည်းဆတ်ဆတ်ခါမျှ နာကျင်နေ ခဲ့၏။

"ကိုတင်မောင်စိုးနဲ့ ယုကို လက်ထပ်ပေးဖို့ စီစဉ်ကြတယ် ... အောင်၊ ယုအရွယ်က အိမ်ထောင်ပြုသင့်ပြီတဲ့၊ မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာလည်း ဟုတ်ပါတယ် အောင်၊ အောင့်ကို . . . သနားလို့ အောင့်ကို . . . နားပူနားဆာ လုပ်သလိုမျိုး ဖြစ်မှာစိုးလို့ ယု . . . ရေငုံနှုတ်ပိတ်နေခဲ့တာ၊ အခုအခြေအနေမှာတော့ ယုပြောရမယ့် အချိန်မို့ ပြောတာပါ အောင်၊ မေမေတို့က အောင့်ကို ထည့်စဉ်းစား ပေးကြပါတယ်၊ ယုကို အချိန် တစ်လပေးတယ် အောင်၊ ယုနဲ့ အောင်တို့ကိစ္စ အဆင်မပြေရင်တော့ ကိုတင်မောင်စိုးကို ယု . . . လက်ထပ်ရတော့မှာ''

ကြားခဲ့စဉ်ကလည်း ရင်မချိခဲ့။

အခုအချိန်မှာလည်း ရင်မချိဆဲပါလေ။

နောက်နှစ်ရက်ဆိုရင် တစ်လပြည့်တော့မည်ပဲ။

တစ်လ မပြည့်ခင်၊ ယုမိဘတွေကို အကြောင်းမပြန်ခင် တစ်ရက်အလိုမှာ သူ့ကို အဖြေပေးဖို့ ယု တဖွဖွ ပြောသည်။

''အခုချက်ချင်းကြီး အောင် စီစဉ်ဖို့ မလိုသေးဘူး၊ အောင် စဉ်းစားမယ်ဆိုတာ သဘာဝကျပါတယ်၊ တကယ်လို့ ယုနဲ့လက်ထပ် ဖြစ်ရင် အောင်က ယုတို့ အိမ်မှာပဲ လိုက်နေရမှာလို့ . . . ဖေဖေတို့





က ပြောတယ်၊ အောင့်မိဘတွေ ညီမတွေကို . . . အရင်လို ရင်အုပ် ကြာ စောင့်ရှောက်လို့ရမှာ မဟုတ်ဘူးလို့လည်း ပြောတယ် . . . အောင်၊ အနည်းအကျဉ်းလောက်ပဲ အောင် . . . ထောက်ပံ့နိုင် တော့မှာ''

ကြိုးတွေ အထပ်ထပ်ချည်၊ မြားအစင်းပေါင်းများစွာ ချိန် ယ်ပြီး သူ့နှလုံးသားကို ဇာတ်သိမ်းခိုင်းနေပြီ။

ကံကြမ္မာ၏ အစီရင်က မထင်မှတ်တဲ့ ခက်ထန်ကြမ်းတမ်း ွန်းပါပြီကော။

''အောင် စီစဉ်စရာရှိတာ စီစဉ်လေ၊ တစ်လနီးပါးအချိန်ရ နေတာပဲ၊ အောင့်မေမေနဲ့ ညီမလေးတို့ သဘောကိုလည်း မေးမြန်း ကြည့်ဦးပေါ့ အောင်၊ အောင် စိတ်ညစ်နေပြီလား၊ အဲဒီလိုကြီး ငိုင်ငိုင် မနေပါနဲ့ အောင်ရယ်''

ချစ်သူ၏ အကြင်နာစကား၊ ကရုဏာတရားတို့ကြောင့်ပင် ကျ်ရည်များစွာ စီးဆင်းရသည်။

ချစ်သူဖတ်ဖို့ ရေးနေသော စာသားတွေက ချစ်သူအတွက်



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်နစ်နာစေမည့် စကားလုံးတွေပါပဲလေ။

နားလည်ခြင်းတွေကြောင့်သာ ရှုံးသွပ်မသွားခဲ့ကြတာပါ။

ဘယ်ဘဝ ဝဋ်ကြွေးတွေကြောင့် နားလည်စွာဖြင့် ရှင်ကွဲကွဲရ ပါလိမ့်။

ရေးလက်စစာကို အဆုံးသတ်ရန်မှာတော့ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားရပြန်၏။

※

"ကိုအောင် ငိုနေတယ် ဟုတ်လား၊ ကိုအောင် ငိုနေတာကို ခင်မြတ်ဝေ မကြည့်ရက်ပါဘူး"

သူ့အနားမှာ ခင်မြတ်ဝေ ရောက်နေတာ ကြာပြီလား မကြာသေးဘူးလား ဆိုတာကို သူ မတွေးချင်တော့ပေ။

ခင်မြတ်ဝေကတော့ သူ့မျက်ရည်တွေကို သုတ်ပေးရှာ၏။ မိန်းမသားတစ်ယောက်ရှေ့မှာမို့ မျက်ရည်ဆက်မကျဖို့ ...





စိတ်ထိန်းလိုက်သည်။

"ခင်မြတ်ဝေ ဖတ်ကြည့်ဦးလေ၊ ဒီနေ့ကားကြုံနဲ့ ဒီစာကို ပေးလိုက်မှာ၊ မနက်ဖြန်ဆို ယုလက်ထဲကို ဒီစာရောက်ပြီ၊ နောက်နေ့ ကူးတာနဲ့ ကိုတင်မောင်စိုးနဲ့ လက်ထပ်ဖို့ကိစ္စကို ယု ခေါင်းညိတ်ရတော့မှာလေ"

ရေးထားသောစာကို သူပေးဖတ်ပေမယ့် ခင်မြတ်ဝေက ချက်ချင်း ဂရုမစိုက်ထား။

သူ့ဝမ်းနည်းခြင်းကိုသာ ခင်မြတ်ဝေ ဂရုထားနေပြန်၏။

"စိတ်မကောင်းစရာ၊ ကြေကွဲစရာကတော့ တစ်ပိုင်းပေါ့ ကိုအောင်၊ ကိုအောင် ဒီတိုင်းနေလို့မှ မရတာ၊ အအိပ်ပျက်၊ အစားပျက်ဖြစ်တာများရင် ကိုယ်ကျိုးနည်းကုန်မယ် ကိုအောင်၊ မမယုကို စွန့်လွှတ်တာလည်း မတန်တော့သလို၊ ကိုအောင့်အိမ်အတွက်လည်း ဘာမှအကျိုးရှိလာတော့မှာ မဟုတ်ဘူး၊ ဆုံးဖြတ်ချက်ချပြီးမှတော့ ကိုယ့်အတွက်ရော၊ ကိုယ့်ပတ်ဝန်းကျင်အတွက်ပါ အကောင်းဆုံး ဖြစ်အောင် ကိုအောင် လုပ်ရမယ်လေ၊ ကိုအောင် ပြောနေကျ



www.burmeseclassic.com

www.burmeseclassic.com



စကား ရှိတယ်မဟုတ်လား။ ကောင်းသော ပတ်ဝန်းကျင်ကို လူတိုင်း တည်ဆောက်နိုင်စွမ်းရှိရမယ် ဆိုတာလေ''

ခင်မြတ်ဝေကတော့ သူ့အတွက်နှစ်သိမ့်စကား ပြောနေပြန်၏။

ဒီရက်တွေမှာတော့ လွတ်လွတ်လပ်လပ်ဖြင့် သူ ခံစားနေချင်သေး၏။

"ကိုအောင် နားလည်တယ် ခင်မြတ်ဝေ၊ ကိုအောင် ဆက်လျှောက်ရမယ့် လမ်းအတွက် ကိုအောင် သိတယ်၊ ယုဖတ်ဖို့ ရေးထားတဲ့ စာကို ခင်မြတ်ဝေ ဖတ်ကြည့်ပါဦးလား''

"ဖတ်ကြည့်ပေးမယ် ကိုအောင်၊ စိတ်ညစ်ညူးစရာ၊ ကြေကွဲစရာ စကားလုံးတွေ ဖြစ်နေပေမယ့် ခင်မြတ်ဝေ ဖတ်ကြည့်ပေးမှာပါ၊ ခင်မြတ်ဝေရင်ထဲမှာလည်း ဘယ်ကောင်းပါ့မလဲ ... ကိုအောင် ရယ်''

ပြောရင်းကပင် စာရွက်ကို ခင်မြတ်ဝေ လှမ်းယူ၏။

ခင်မြတ်ဝေမျက်နှာကို အသေအချာ ကြည့်မိသည်။





စာမဖတ်မီကပင် ခင်မြတ်ဝေတစ်ယောက် မျက်ရည်များကို ပုတ်ခပ်ထုတ်နေရသည်ပဲ။

မငိုမိစေဖို့ ဘယ်အချိန်ကတည်းက ခင်မြတ်ဝေ ကြိုးစားခဲ့ပါသလဲကွယ်။

ယု

အကြင်နာမဲ့စကားကို ပြောတဲ့ချစ်သူကို နားလည်ပေး စေချင်တယ်။

စကားတွေအများကြီး ပြောချင်ပေမယ့် ပြောမထွက်ဘူး ယုရယ်။

အမုန်းဆိုတာ၊ နာကြည်းခြင်းဆိုတာ အောင်နဲ့ ယုကြားမှာ ဟိုတုန်းကတည်းကလည်း မရှိဘူး၊ နောက်နောင်ဘဝ များမှာလည်း ရှိကြမယ် မထင်ဘူး ယု၊ အောင့်ပေါ် တစ်လျှောက်လုံး နားလည်ခဲ့တဲ့ ယုအနေနဲ့ သံသရာ တစ်ခုလုံး အထိ နားလည်ပေးစမ်းပါကွယ်၊ အောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်ဆိုရင် ကိုတင်မောင်ဇိုးကို လက်ထပ်လိုက်ပါ။

အောင့်ကို မချစ်ဘူး၊ နာကြည်းတယ်ဆိုရင်တော့ ကိုတင်မောင်ဇိုးနဲ့

လက်ထပ်ဖို့ကိစ္စကို ယု ငြင်းလိုက်ပေါ့။

ယုတစ်ယောက် ကိုတင်မောင်ဇိုးကို လက်ထပ်မယ်လို့ အောင်ယုံတယ်။

ဘာဖြစ်လို့လဲဆိုတော့ ယုက အောင့်ကို ချစ်လို့ပေါ့၊ မနာကြည်းလို့ပေါ့။

ယု အမြဲတမ်း နားလည်ထတ်တဲ့

အောင်





စာဆုံးသွားတော့ ခင်မြတ်ဝေ မျက်ရည်တစ်ပေါက်ကျသည်ကို မြင်၏။

သူ့ကို စကား ချက်ချင်းမပြောအားသေးဘဲ လက်မိုးဖြင့် မျက်ရည်ကို ခင်မြတ်ဝေ သုတ်၏။

"ခင်မြတ်ဝေတောင် ဒီစာဖတ်ပြီး မျက်ရည်ကျသေးတာပဲ မမယုဆိုရင်တော့ ပိုဆိုးမှာပေါ့ ကိုအောင်"

"လူ့အသက်ဆုံးရှုံးရလို့ ကျတဲ့မျက်ရည် ချစ်သူခင်သူချင်း ကွဲကွာရလို့ကျတဲ့ မျက်ရည်တွေကို ကမ္ဘာမြေပြင်က လက်ခံနိုင်စွမ်း မရှိရင် သိပ်ကောင်းမှာပဲ ခင်မြတ်ဝေ၊ အခုတော့ ကိုအောင်တို့ရဲ့ ကမ္ဘာမြေပြင်ဟာ အဲဒီမျက်ရည်တွေနဲ့ တစ်ချိန်ချိန်မှာ ပြည့်လျှံမနေမလား မသိဘူး"

မိုးပြုံးပြုံးရင်းက ပြောလိုက်သောစကားကြောင့် ခင်မြတ်ဝေ အံ့သြသွားမည်လား၊ သူ့စိတ်တွေကို မှုမှန်ခြင်း မရှိတော့ဘူး ... ဟု



www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်ဝေ ယူဆသွားမည်လားလေ။

"အထုပ်အပိုးတွေ ပြင်ထားပါလား ကိုအောင်၊ ဒီကနေ ကိုအောင် ဘယ်သွားဦးမလို့လဲ"

"ကိုအောင် ခွင့်တစ်လယူထားပြီးပြီ ခင်မြတ်ဝေ၊ လောလောဆယ်တော့ မော်လမြိုင် အရင်သွားမယ်၊ ပြီးမှ စိတ်ကူးတည့်ရာကို သွားမယ်၊ တစ်လပြည့်မှ ပြန်လာပြီး အလုပ်ပြန်ဆင်းမယ်"

"ကိုအောင် အဲဒီလို သွားတာကို ခင်မြတ်ဝေ ခွင့်မပြုချင်တာ အမှန်ပဲ၊ သွားချင်လို့ စိတ်ပြေလက်ပျောက်ဖြစ်ချင်လို့ဆိုရင်တော့ ကိုအောင်သွားတဲ့နောက်ကို ခင်မြတ်ဝေပါ လိုက်ခဲ့မယ်၊ ကိုအောင် တစ်ယောက်တည်းသွားမှာဆိုရင် အအိပ်ပျက် အစားပျက်နဲ့ အဲဒီတစ်လအတွင်းမှာ တစ်ခုခုဖြစ်သွားလိမ့်မယ်"

"မလိုက်ပါနဲ့ ခင်မြတ်ဝေ၊ ခင်မြတ်ဝေမှာ အလုပ်တွေရှိနေတယ်လေ၊ ကိုအောင်က ဒီတစ်လအတွင်းမှာ လေလွင့်မယ့်သူပဲ ခင်မြတ်ဝေ"

"မေမေကလည်း ပြောတယ် ကိုအောင်၊ ကိုအောင် တစ်နေရာရာကို ထွက်သွားမယ်ဆိုတာနဲ့ ခင်မြတ်ဝေကို လိုက်သွားတဲ့၊ မေမေကလည်း ခွင့်ပြုထားတယ်၊ ကိုအောင် ခေါ်ခေါ်မခေါ်ခေါ် ခင်မြတ်ဝေကတော့ နောက်က လိုက်နေမှာပဲ ကိုအောင်"

ဒီခရီးကို သူတစ်ယောက်တည်း လေလွင့်ချင်တာ အမှန်ပင်။ အခုတော့ ခင်မြတ်ဝေက နောက်တော်ပါးဆီက လိုက်ပါဦးမည်တဲ့။ မလိုက်နှင့်တားလည်း ခင်မြတ်ဝေ၏ခြေလှမ်းတွေက ရပ်တန့်သွားမည် မဟုတ်ပေ။ ခင်မြတ်ဝေကလည်း သူ့အရိပ်အခြည်ကိုကြည့်ဖို့ ဆုံးဖြတ် ထားပုံရသည်။

အခုအခြေအနေမှာတော့ ဘာဆိုတာမှ သူ မတားဆီးချင်။

အရာအားလုံး ပျက်စီးသွားပြီးမှတော့ ဘယ်အတွက်ကိုမှ မငဲ့ကွက်၊ မတွယ်ဖက်ချင်တော့ပေ။

* * *







www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း

# (သုံး)

www.burmeseclassic.com

www.burmeseclassic.com





# ၁

သောင်းဒီပါ ခရီးသွားနှင့် ဘုရားဖူးလုပ်ငန်းပိုင်ရှင်ဖြစ်သူ ဦးသောင်းဌွေးနှင့် သူ့ ခွေးနွေးဖြစ်သည်။

ခွေးနွေးဖြစ်သည့် အကြောင်းအရာကတော့ ခင်မြတ်ဝေတို့ပိုက်ဆံဖြင့် ကားတစ်စီးဝယ်ဖြစ်ပြီး ခရီးသွားလုပ်ငန်းတွင် အကျိုးတူ ပူးပေါင်းပါဝင်ဖို့ပဲ ဖြစ်၏။

"ဒီကိစ္စက ဘာအခက်အခဲရှိမှာလဲ မောင်အောင်မင်းဦးရယ်၊ မင်းရဲ့မိတ်ဆွေအကျိုးစီးပွားအတွက် ဦးတို့ ကူညီရမှာပေါ့၊ မင်းအနေနဲ့ကလည်း ဦးတို့အလုပ်မှာ ဟိုတုန်းကတည်းက ကြိုးကြောင်



www.burmeseclassic.com

www.burmeseclassic.com



ပေးလာတဲ့သူ မဟုတ်လား။ ပြီးတော့ ခင်မြတ်ဝေဆိုတာကလည်း မင်းနဲ့လက်ထပ်ဖို့ စီစဉ်ထားတဲ့ မိန်းကလေးပဲ၊ ဒီတော့ မင်းရဲ့ အကျိုးစီးပွားဆိုလည်း မမှားဘူးလေ၊ ဦးတို့အနေနဲ့ လက်ခံကြည်ဖြူ ရမှာပေါ့''

''ကျေးဇူးပါပဲ ဆရာရယ်၊ သူတို့ကလည်း စုထားဆောင်းထားတဲ့ ပိုက်ဆံလေးတွေနဲ့ လုပ်ငန်းတစ်ခု လုပ်ချင်နေတာလေ ကျွန်တော့်ကို တိုင်ပင်ထားတာ ကြာပါပြီ''

''မင်းအနေနဲ့ လုပ်ပေးသင့်ပါတယ်၊ ဒါနဲ့ မင်းနဲ့ခင်မြတ်ဝေတို့ ဘယ်တော့လောက် မင်္ဂလာဆောင် ဖြစ်ကြမှာလဲ''

''ဝါမဝင်ခင်ရော့ ဖြစ်လိမ့်မယ် ထင်တယ် ဆရာ''

''ကောင်းပါတယ်ကွာ၊ မင်းတို့ချင်း အခုလို ဘဝတစ်သက်တာ လက်တွဲဖြစ်သွားကော နှစ်ဦးနှစ်ဖက်လုံးအတွက် မင်္ဂလာရှိနေမှာ ပဲ''

တကယ်တမ်းကျတော့ ခင်မြတ်ဝေနှင့်ကိစ္စကို မေမေနှင့် ခင်မြတ်ဝေ မေမေတို့က မဖြစ်ဖြစ်အောင် စီစဉ်ခဲ့ကြခြင်း ဖြစ်သည်။





သူနှင့်ခင်မြတ်ဝေတို့က ဒီအကြောင်းတွေကို သိနေကြသော်လည်း နှစ်ယောက်ချင်း မဆွေးနွေးဖြစ်ကြပေ။

ခင်မြတ်ဝေဘက်က မိန်းကလေးမို့ ထားဦးတော့။

သူ့အနေနှင့်တော့ ယုနှင့်ပတ်သက်ခဲ့ဖူး၍ အမြဲလိပ်ပြာမလုံ ဖြစ်ခဲ့ရသည်။

''ခင်မြတ်ဝေတို့ ရန်ကုန်ရောက်နေတယ်ဆို''

''ဟုတ်တယ် ဆရာ''

''ဘာလဲ မင်္ဂလာကိစ္စပဲလား''

''အခု ကျွန်တော် ပြောတဲ့ကားကိစ္စလည်း ပါတယ် ဆရာ''

ဆရာနှင့်အလုပ်ကိစ္စပြောပြီး သူပြန်ထွက်ခဲ့သည်။

အပြင်ဘက်မှာတော့ မိုးရိပ်မိုးယောင်တို့ အနည်းငယ် အုံ့မှိုင်းနေ၏။

သကြံန်လွန်ကတည်းက မိုးက ရောက်နှင့်သလို ဖြစ်ခဲ့၏။ ဒီနှစ် မိုးဦးစောမည့် အရိပ်အယောင်ပါပဲလေ။

✳



www.burmeseclassic.com

www.burmeseclassic.com



ဆရာထံမှ ခွင့်ပြုချက်ရယူပြီးသည်နှင့် ခင်မြတ်ဝေကို ဝင်ခေါ်သည်။

ဘဏ်မှာငွေထုတ်ပြီး ကားအရောင်းအဝယ်စာချုပ်ချုပ်ဖို့ အတူသွားကြ၏။

ဘဏ်မှအထွက် ကားပေါ်မှာပင် ခင်မြတ်ဝေ ပြောသည်။

"အရောင်းအဝယ်စာချုပ်ကို ကိုအောင့်နာမည်နဲ့ပဲ ချုပ်နော်"

"မဟုတ်တာပဲ ခင်မြတ်ဝေ"

"မေမေတို့ကလည်း ကိုအောင့်နာမည်နဲ့ချုပ်ဖို့ ပြောလိုက်တယ်"

"ဘယ်ဖြစ်မလဲ ခင်မြတ်ဝေရဲ့၊ ကိုအောင့်နာမည်နဲ့ ချုပ်ရင် ကိုအောင်က ပိုင်ရှင်ဖြစ်သွားမှာပေါ့၊ တကယ်တော့ ဒီကားကို ခင်မြတ်ဝေတို့ ပိုင်တာပဲဥစ္စာ"

"ဒီအခြေအနေရောက်နေတာတောင် ကိုအောင့်စကားက သူ့စိမ်းဆန်လိုက်တာ"

ခင်မြတ်ဝေမျက်နှာလေး ယော်သွားသည်ကို သူ မြင်ရတော့





ိတ်ထဲမှာ မကောင်း။

ခင်မြတ်ဝေ နားလည်အောင်တော့ သူ ရှင်းပြလိုက်သည်။

"အခုကိစ္စက သူစိမ်းဆန်တာနဲ့ မဆိုင်ဘူး ခင်မြတ်ဝေ၊ င်မြတ်ဝေနာမည်နဲ့ ကား ချုပ်ချုပ်ရမှာ၊ အလုပ်ကိစ္စက အလုပ်ကိစ္စ ်လေ"

"တစ်ဘဝလုံးနဲ့ ယောက်အတူတူ နေသွားကြတော့မှာပဲ၊ ိုအောင်က အိမ်ထောင်ဦးစီး ဖြစ်တော့မှာလေ"

"ခင်မြတ်ဝေနာမည်နဲ့ပဲ ချုပ်ပါကွယ်၊ ခင်မြတ်ဝေပစ္စည်း ာ ကိုအောင့်ပစ္စည်းပဲ မဟုတ်လား၊ ခင်မြတ်ဝေ ကျေနပ်ပါကွယ်"

သူ့ကို ပထမဦးစားပေးသည်ဆိုတာ သူသိသည်။

အခုကိစ္စမှာတော့ သူဝင်ပြီး မစွက်ဖက်သင့် ... ဟု ်င်၏။

"ပြောမရတော့လည်း ကိုအောင့် သဘောပါပဲ"

"ဒါနဲ့ ... ဒေါ်ဒေါ်တို့က ကျိုက်ထိုကို ဘယ်တော့ပြန်မှာ ် ခင်မြတ်ဝေ"

တချုပ်ကိစ္စကို စကားလမ်းကြောင်းလွှဲသည့်အနေဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်မိသည်။

"မင်္ဂလာရက် သတ်မှတ်ပြီးတာနဲ့ တစ်ရက်နှစ်ရက်နေပြီး ပြန်မှာ ကိုအောင်၊ ခင်မြတ်ဝေကတော့ ကျန်ခဲ့ဦးမယ်၊ ညီမလေးတွေကလည်း နေခဲ့စေချင်ကြတယ်လေ။ ကို ... နဲ့မှ ခင်မြတ်ဝေ အတူတူပြန်မယ်"

မကြာခင်ကာလမှာ ခင်မြတ်ဝေနှင့် သူတို့ မင်္ဂလာဆောင် ဖြစ်ကြတော့မည်။

သူ မင်္ဂလာဆောင်သည်ကို ဖိုးသဲ ... ဘာပြောမည် မသိ။

ကိုတင်မောင်စိုးနှင့်ယုတို့ လက်ထပ်ဖြစ်တာ တစ်နှစ်နီးပါး ရှိပြီ ဖြစ်သလို ယုတစ်ယောက် ဂျပန်ကို လိုက်သွားတာလည်း တစ်နှစ်နီးပါး ရှိတော့မည်။

အခုချိန်ဆို ... သူ့အိမ်သူ့ရာနှင့်မို့ အားလုံးကို ယု ... မေ့မေ့ပျောက်ပျောက် ဖြစ်လောက်ပြီထင်၏။

* * *





## ၂

"မင်္ဂလာရက်ကို ဝါဝင်ခါနီးမှ ကပ်ပြီး မသတ်မှတ်ချင်ဘူး။ ရှေ့လထဲမှာဆို မကောင်းဘူးလား။ ရက်ကောင်းနဲ့တိုက်တဲ့ ပိတ်ရက် တစ်နေ့နေ့ကို ရွေးကြရအောင်"

မင်္ဂလာကိစ္စပြောတော့ သူရော ခင်မြတ်ဝေပါ ရှိ၏။ မေမေ ကတော့ ဦးစီးဦးဆောင်ဖြင့် အတက်ကြွဆုံး ဖြစ်နေ၏။

မေမေ့စကားကို ခင်မြတ်ဝေမေမေကလည်း မကန့်ကွက်။

"ကျွန်မအနေနဲ့ကတော့ မနက်ဖြန် သဘက်ခါလောက် ထလုပ် ချင်တာ၊ ကလေးတွေဆန္ဒကလည်း ရှိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်ဝေမေမေကတော့ သူနှင့်ခင်မြတ်ဝေကို ကြည့်ရင်း ပြော၏။

မေမေက သူ့ကို ဦးတည်ပြီး မေး၏။

"သားတို့ဆန္ဒကရော၊ မေမေတို့ ဖြစ်ချင်တာတွေပဲ လုပ်သလိုဖြစ်မှာ စိုးရတယ်၊ ကဲ . . . ပြော သား"

"လူကြီးတွေရဲ့ သဘောအတိုင်းပဲ မဟုတ်လား ခင်မြတ်ဝေ"

သူ့အနေနှင့်လည်း ခင်မြတ်ဝေကို တိုင်တည်သလိုနှင့် မေး လိုက်သည်။ ခင်မြတ်ဝေကလည်း ခေါင်းညိတ်ပြသည်။

"ကဲပါလေ . . . ဒါဆိုရင်တော့ ပြက္ခဒိန်ကြည့်ပြီး ရက်ရွေးကြရုံပဲ ရှိတော့တာပေါ့"

မင်္ဂလာကိစ္စကို အပြီးအပြတ်ဆွေးနွေးကြ၏။

မနက်ဖြန်ဆိုရင် ခင်မြတ်ဝေမေမေ ကျိုက်ထိုပြန်တော့မည်လေ။

ရွှေလနှစ်ဆယ်ရက် တနင်္ဂနွေနေ့ကို မင်္ဂလာရက်အဖြစ် သတ်မှတ်လိုက်ကြ၏။





ကျိုက်ထိုတရားရုံးမှာပင် လက်မှတ်ထိုးပြီး ကျိုက်ထိုမှာပင် မင်္ဂလာဆောင်ဖို့ အတည်ပြုလိုက်ကြသည်။

စိတ်ထဲမှနေပြီး မင်္ဂလာဆောင်မည့်ရက်ကို တွက်ကြည့်လိုက်သည်။

ဒီနေ့မှ ရေတွက်ကြည့်ရင် နှစ်ဆယ့်ငါးရက်သာ လိုတော့သည်ပဲလေ။

*

ခင်မြတ်ဝေမေမေ ကျိုက်ထို ပြန်သွားသော်လည်း မင်္ဂလာဝတ်စုံကိစ္စ၊ အသုံးအဆောင်ပစ္စည်းတွေဝယ်ဖို့ ဆိုပြီး ခင်မြတ်ဝေ ကျန်ခဲ့၏။

သူ့ညီမတွေကတော့ ခင်မြတ်ဝေနှင့် အတွဲညီနေ၏။

ဒီနေ့အထိ ခင်မြတ်ဝေနှင့်သူ စကားကောင်းကောင်းမပြောဖြစ်သေးပေ။ ခင်မြတ်ဝေကလည်း မင်္ဂလာကိစ္စနှင့်ပတ်သက်ပြီး သူ့ ညီမတွေ အမေတွေနှင့် လုံးချာလိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ခင်မြတ်ဝေတို့ ဝယ်လိုက်သော ကားတစ်စီးကို ပြင်ရဆင်ရသည်နှင့် အချိန်တွေ ကုန်နေခဲ့၏။

သူတို့နှစ်ယောက် ကျိုက်ထို မပြန်ခင်တစ်ရက်အလိုမှာပင် စကားကောင်းကောင်းပြောဖြစ်ကြသည်။

ရွှေတိဂုံဘုရားကို ခင်မြတ်ဝေနှင့် နှစ်ယောက်တည်း သွားဖြစ်ကြသည်။

"ဆုတောင်းတာ ကြာလိုက်တာ ခင်မြတ်ဝေရယ်၊ တော်ကြာ ဘုရားက တောင်းတဲ့ဆုတွေ များနေလို့ ဘာပြန်ပေးလို့ ပေးရမှန်း မသိ ဖြစ်နေပါဦးမယ်"

ဘုရားကို ဝတ်ပြုပြီး အထမှာပင် သူ နောက်လိုက်မိသည်။

"ခင်မြတ်ဝေက မိန်းကလေးလေ၊ ဆုတွေ တောင်းရတာပေါ့ ကိုအောင်"

"ကိုအောင့်အတွက်ရော တောင်းတဲ့ဆုထဲမှာ ပါလား"

"ထိပ်ဆုံးကပေါ့ ကိုအောင်"

"ယုံပါတယ်၊ ကိုအောင်က တမင်နောက်နေတာပါ"

လှပသော ခင်မြတ်ဝေ၏ မျက်စောင်းအစုံက ရင်ကို အေး





ချမ်းသွားစေသည်ပဲ။

လူရှင်းသောစောင်းတန်းတွင် အတူယှဉ်ထိုင်ရင်းက စကားတွေ ပြောဖြစ်ကြပြန်သည်။

"မမယု မင်္ဂလာဆောင်တာရော၊ ဂျပန်လိုက်သွားတာရော ဆယ်လလထဲ ရောက်နေပြီနော်၊ မမယုနဲ့ ပတ်သက်ပြီး သာကြောင်း မာကြောင်းတောင် ကိုအောင် မကြားမိဘူးလားဟင်"

မေ့ပျောက်ထားသော အနာဟောင်းကို ခင်မြတ်ဝေ တမင်ဆွလေသည်မလား မသိ။

သူ့စိတ်ကို အကဲစမ်းကြည့်တာလည်း ဖြစ်နိုင်သည်လေ။

"ပြီးခဲ့တဲ့ တစ်လနှစ်လလောက်တုန်းက ထင်တာပဲ၊ ညီမလေးတို့ ပြောသံဆိုသံတော့ ကြားမိလိုက်တယ်၊ ဒီလောက်ပါပဲ ခင်မြတ်ဝေ"

"မမယုအကြောင်းကို၊ ကိုအောင် မပြောတာ ငါးလလောက် ရှိသွားပြီ ထင်တယ်နော်၊ တကယ်ပဲ မမယုကို ကိုအောင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်ဝေအနေဖြင့် သူ့ကို မမေးသင့်သောစကား ...

ဟု သူထင်သည်။ သူ့ရင်ထဲမှာ ယုနှင့်ပတ်သက်ပြီး ကြွင်းကျန်ရစ်သမျှတွေကို ခင်မြတ်ဝေ သိချင်နေပုံရသည်။

ချက်ချင်းဖြေဖို့ ခက်နေ၏။ သက်ပြင်းရှည်ကို သူ မှုတ်ထုတ်တော့ ခင်မြတ်ဝေက ...။

"ဘာလဲ ကိုအောင် ... ပြောဖို့ ခက်နေလို့လား"

"ယုနဲ့ကိုအောင်က ဒဏ်ရာဒဏ်ချက်မှ မရှိဘဲ နားလည်စွာနဲ့ ခွဲခဲ့ကြတာလေ၊ သတိရသလားလို့ မေးရင် ရတယ်လို့ ကိုအောင် အမှန်အတိုင်း ဖြေရမယ်၊ ခဏပါပဲ၊ ရတဲ့အခိုက်အတန့်မှာပဲ ဖျောက်ဖျက်ပစ်လိုက်ပါတယ်၊ ယုလည်း သူ့အိမ်ထောင်နဲ့သူ ဖြစ်နေပြီလေ၊ နောက်ဆိုရင် ခဏတစ်ဖြုတ်တောင် သတိရဖြစ်ဖို့ မလွယ်တော့ဘူး၊ ကိုအောင့်နံဘေးမှာ ခင်မြတ်ဝေတစ်ယောက်လုံး ရှိနေတော့မှာ မဟုတ်လား"

"ခင်မြတ်ဝေ အမှန်အတိုင်း ပြောရမလား ကိုအောင်"

ခင်မြတ်ဝေ အကြည့်များက ပကတိ ရှင်းသန့်နေ၏။





"ပြောလေ ခင်မြတ်ဝေ"

"မမယုကို သတိရလို့ ခင်မြတ်ဝေ့ ကန့်ကွက်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုအောင့်အပေါ် နားလည်ပေးခဲ့ လို့ပဲ၊ တစ်ခုပဲ စိုးရိမ်တာရှိတယ် ကိုအောင်"

ခင်မြတ်ဝေအကြည့်များမှာ တကယ်ပင်ကြောင့်ကြမှုတို့ ယှက်သန်းနေပြန်၏။

"ဘာများလဲ ခင်မြတ်ဝေ"

"နားလည်စွာနဲ့ ခွဲခဲ့ကြတဲ့ ကိုအောင်တို့နှစ်ယောက် ဒီဘဝမှာ ပြန်တွေ့ဖြစ်ကြမှာကိုပဲ"

"ခင်မြတ်ဝေရယ် ... ဒီကိစ္စက မဖြစ်နိုင်တဲ့ကိစ္စပဲ၊ ယုလည်း သူ့အိမ်ထောင်နဲ့သူ ဖြစ်နေပြီ၊ သားတွေသမီးတွေနဲ့တောင် ဖြစ်ရင် ဖြစ်နေမှာ၊ ကိုအောင်ရော ဘာထူးသေးလို့လဲ"

ပြောရင်းကပင် ခင်မြတ်ဝေ ပခုံးကို အသာလှမ်းဖက်လိုက်၏။

"ဘုရားရင်ပြင်မှာနော် ကိုအောင်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်ဝေ၏ တားမြစ်ခြင်းစကားကြောင့်ပင် သူ့လက်အစုံကို ရုပ်သိမ်းလိုက်ရသည်။

ခင်မြတ်ဝေကတော့ သူ့မျက်နှာကို ငေးမောကြည့်နေဆဲပင်။

"အချစ်ဆိုတာကို ကိုအောင့်ဘဝမှာတော့ နားလည်ခြင်း၊ စာနာခြင်းတွေနဲ့ သီကုံးဖွဲ့နှံ့ထားတာလို့ ပြောချင်တာပဲ၊ အဲဒီချစ်ခြင်းက ပေးဆပ်တဲ့သူအဖို့ရော၊ ခံယူတဲ့သူအဖို့ပါ နွေးထွေးအေးမြခြင်း ဖြစ်စေပါတယ် ခင်မြတ်ဝေ"

"ကိုအောင့်ဆီက ဘာကတိမှ ဒီနေ့အထိ မတောင်းရသေးဘူး၊ မှတ်မှတ်ရရ ဒီနေ့တော့ ဒီရင်ပြင်ပေါ်မှာပဲ ကတိတစ်ခု တောင်းချင်တယ် ကိုအောင်၊ ကတိစကားဆိုတာ ပြောတဲ့နေရာ ဒေသပေါ်မှာလည်း တည်တယ်လို့ ခင်မြတ်ဝေ ထင်တယ်"

ခင်မြတ်ဝေအကြည့်တို့က စူးရှလေးနက်နေဆဲပင်။

ရင်ထဲမှ လှိုက်တက်လာသော သံနေသံထားဖြင့် ခင်မြတ်ဝေ ပြောလေ၏။

"ခင်မြတ်ဝေကို ဘာအကြောင်းနဲ့ဖြစ်ဖြစ် ဒီဘဝမှာ မခွဲ





သွားပါဘူးဆိုတဲ့ ကတိပေး"

ခင်မြတ်ဝေစကားကြောင့်ပင် ဖြူနုသော လက်အစုံကို ဆုပ်ကိုင်မိလိုက်ပြန်သည်။ ဒီအခါတော့ ခင်မြတ်ဝေ မငြင်း။

သူကလည်း ယုယမြတ်နိုးစွာဖြင့် ဆုပ်နယ်ထားမိ၏။

"ဒီဘဝတစ်ခုတည်းတင်မကဘူး ခင်မြတ်ဝေ၊ နောင်ဘဝတွေအထိ ကိုအောင် ပေးရဲပါတယ်"

ဝမ်းသာအားရသော ပီတိအဟုန်ကြောင့်ပင် ခင်မြတ်ဝေ ဦးခေါင်းလေး သူ့ပခုံးထက်ပေါ်သို့ ယိုင်ကျလာခဲ့၏။

ရွှေတိဂုံစေတီတော်ပေါ်မှ ဆည်းလည်းသံတို့သည် နှစ်ဦးရင်ကို အေးမြကြည်လင်စေသည်ပဲ။


ဒီဘဝမှာတော့ ယုနှင့်မပေါင်းဖက်ရပေမယ့် ခင်မြတ်ဝေနှင့်တော့ တစ်ဘဝလုံး ပေါင်းဖက်သွားရမှာ သေချာနေသည်လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com





# ၂၃

ကျိုက်ထိုမှာ သုံးရက်လောက်နေပြီး ထုံးစံအတိုင်း ရန်ကုန်ပြန်ဆင်းဖို့ သူပြင်ရသည်။ သူပြန်ခါနီးကျမှ ခင်မြတ်ဝေ ပြောသည်။

"ဒီတစ်ခေါက် ကိုအောင် ပြန်တာကို ရင်ထဲမှာ တစ်မျိုးဖြစ်တာ အမှန်ပဲ ကိုအောင်၊ ဒီလို သွားတာ ပြန်တာက ဖြစ်နေကျဆိုပေမယ့် စိတ်ထဲမှာ လေးနေသလိုမျိုးပဲ"

သူ့အတွက် နောက်ဆံတင်းစေသော စကားဆိုတာ သူသိသည်။

ခင်မြတ်ဝေ စိတ်ကျေနပ်အောင် သူပြောလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်မြတ်ဝေက ကိုအောင်ရဲ့ဇနီးတစ်ပိုင်း ဖြစ်နေပြီပဲ၊ လက်မှတ်ထိုးဖို့၊ မင်္ဂလာဆောင်ဖို့က ရက်ပိုင်းပဲ လိုတော့တာ မဟုတ်လား၊ ကိုအောင်နဲ့အတူတူ လိုက်ရင်လိုက်ခဲ့ပေါ့"

ဒီလိုကျပြန်တော့လည်း မဟုတ်ပြန်။ ခင်မြတ်ဝေကတော့ သူ့အကြောင်းပြချက်တွေနှင့်သူ ပိတ်မိနေသလိုမျိုး ဖြစ်နေပြန်၏။

"ခင်မြတ်ဝေကို အကဲပိုတယ်လို့ ပြောကြမယ် ကိုအောင်၊ နယ်မှာက တစ်မျိုးလေ၊ ဒီမှာလည်း မင်္ဂလာကိစ္စနဲ့ပတ်သက်ပြီး လုပ်စရာတွေ ရှိသေးတယ်၊ ဖိတ်စာတွေရလို့ ဖိတ်စာဝေပြီးမှ ခင်မြတ်ဝေ ရန်ကုန်ဆင်းခဲ့တော့မယ်၊ အပြန်ကျတော့ ညီမလေးတို့ မေမေတို့နဲ့ အတူတူ ပြန်ဖြစ်ကြတာပေါ့ ကိုအောင်"

ပတ်ဝန်းကျင်ကို သူတစ်ချက် အကဲခတ်ကြည့်လိုက်သည်။

လူသူရှင်းသောကြောင့်ပင် ခင်မြတ်ဝေ၏ နဖူးပြင်ကို သူ တစ်ချက်နမ်းလိုက်၏။

သူ့အယုအယကြောင့်ပင် ခင်မြတ်ဝေ ကျေနပ်သွားလေ ၏။





"ကျေးဇူးပါပဲ ကိုအောင်"

"ကိုအောင်ကိုတော့ သတိရနေမယ် မဟုတ်လား ခင်မြတ်ဝေ"

"ပြောစရာစကားလား ကိုအောင်ရယ်၊ သတိရခြင်းဆိုတာ ခင်မြတ်ဝေတို့ကြားမှာ အခါမလပ်ရှိနေခြင်းမျိုး မဟုတ်လား"

သူတို့နှစ်ယောက် မခွဲနိုင်မခွာနိုင်ဖြစ်နေကြပုံကို သူ့တပည့်လေးတွေ ရောက်လာပြီး နောက်ပြောင်ကြပြန်၏။

"ကဲ မြန်မြန်နှုတ်ဆက်ကြနော်၊ တော်ကြာ ကားပေါ်မှာ ထိုင်စောင့်နေတဲ့ ခရီးသည်တွေက ကျိန်ဆဲမေတ္တာပို့နေကြဦးမယ်"

"အေးပါကွာ ... အခု လာတော့မှာပါ"

ပြောရင်းကပင် သူ့ခြေလှမ်းတွေကို ပြင်လိုက်သည်။

"ကိုအောင်"

ခင်မြတ်ဝေခေါ်သံကြောင့်ပင် နောက်ဆံငင်သွားရ၏။

သူရပ်နေဆဲမှာပင် သူ့ညာလက်ကို ခင်မြတ်ဝေ လှမ်းဆွဲ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့လက်ဖမိုးလေးကို ခင်မြတ်ဝေ ယုယစွာ နမ်းရှိုက်လေ၏။

✻

ကားဂိတ်မရောက်ခင်မှာပင် လမ်းမှာဖြတ်ဆင်းပြီး ကားငှားကာ အိမ်သို့တန်းပြန်လာခဲ့သည်။

သူ အိမ်ပြန်ရောက်တော့ မိသားစုတွေ စုံစုံလင်လင်ရှိနေကြ၏။ မောမောပန်းပန်းနှင့် ခရီးဝေးမှ ပြန်ရောက်ဖြစ်လေတိုင်း သူ့မိသားစုမျက်နှာတွေကို မြင်ရသည်နှင့် အမောတွေပြေသွားရတာချည်းပင်။

မေမေနှင့်ညီမလေးဥမ္မာကတော့ သူအမောပြေစေရန် ရေခပ်သူ ခပ်ပေး၊ ခရီးဆောင်အိတ်ကို ယူသူယူ။ ပြုနေကျအတိုင်း လုပ်ပေးကြ၏။

ညီမငယ် ကလျာဦးကတော့ သူ့အနားမှာရပ်ရင်း အားလုံး





၏အရိပ်အခြည်ကို ကြည့်နေ၏။

ဒီပုံစံအတိုင်းဆိုရင်တော့ ညီမငယ် ကလျာဦးမှာ ပြောစရာစကားတစ်ခုခု ရှိနေတာ သေချာနေ၏။

"ကလျာ ငြိမ်နေပါလား၊ ကိုကို့ကို ဘာများ ပြောစရာရှိလို့လဲ ကလျာ"

"အရေးကြီးတဲ့စကား ကိုကိုရ"

ကလျာဦးစကားကြောင့်ပင် မေမေနှင့်ဥမ္မာတို့ မျက်နှာကွက်ခနဲ ပျက်သွားကြ၏။

မေမေကတော့ ထုံးစံအတိုင်း ကလျာပြောမည်ကို ဝင်ဟန့်လိုက်သေးသည်။

"အလကားပါကွာ၊ အေးအေးဆေးဆေး ပြောလည်းရတဲ့ ကိစ္စပါ"

"သူပြောချင်တာကို ပြောပါစေ မေမေရယ်"

သူခွင့်ပေးပေမယ့် ကလျာဦး ပြောခွင့်မရလိုက်ပေ။

ဥမ္မာဦးကပင် စကားကိုပိတ်ပြီး ဦးငင်မအောင် ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"အလကား ကိုကို၊ ဘာမှအရေးကြီးတာ မဟုတ်ဘူး။ မမယု ပြန်ရောက်နေတဲ့အကြောင်းကို ပြောမလို့ ကိုကို"

"ယု ပြန်ရောက်နေတယ် ဟုတ်လား"

"ဟုတ်တယ် ကိုကို၊ မနေ့က ပြန်ရောက်တာ၊ ရောက်ရောက်ချင်း အိမ်ကိုလာသွားတယ် ကိုကို"

ကလျာဦးကတော့ စကားတွေ ပြောချင်နေသည့်ပုံ ရ၏။

ယုကို မမြင်ရ မတွေ့ရတာ ကြာပြီဆိုတော့ ရင်ထဲမှာ အနည်းငယ်လှုပ်ရှားမိသေး၏။

သူလည်း သူ့ဘဝနှင့်သူ၊ ကိုယ်လည်း ကိုယ့်ဘဝနှင့်ကိုယ် ဖြစ်တော့မှာပါလားဆိုသော အတွေးကြောင့်ပင် နေသာသွားရသည်။

"ကဲပါကွယ်၊ မင်းကိုကို့ ခရီးပန်းလာတာ နားနားနေနေ နေပါစေဦး။ သား နားလိုက်၊ ကဲ ကလေးမလေးတွေ မေမေနဲ့ချက်ဖို့ ပြုတ်ဖို့ ဝိုင်းကူကြဦး"





မေမေကတော့ ပါးနပ်စွာပင် သူ့အနားမှ ညီမနှစ်ယောက်ကို ခေါ်ထုတ်သွား၏။

ကလျာဦးက တော်တော်နှင့် မလိုက်သွားချင်။

သူနှင့်စကားပြောချင်သေးတာ သေချာနေသည်။

ဥမ္မာဦးက အတင်းဆွဲခေါ်ရ၏။

"လာပါ ကလျာရယ်၊ နင့်ကို မေမေ ခေါ်တာ နည်းတောင် နည်းသေးတယ်"

ယုပြန်ရောက်နေတာ တစ်ခုခုများ ထူးခြားမှု ရှိနေပြီလားမသိ။

ယုကို တွေ့မြင်ချင်သေးသည်။ ဖြူစင်သော သံယောဇဉ် အငွေ့အသက်တို့ဖြင့် ယုနှင့် ဆုံချင်သေးသည်။

ယုတစ်ယောက် ဝ,နေသလား၊ ပိန်သွားသလား . . . ဟု သူ တွေးမြင်ကြည့်မိသည်။


အချိန်ကာလ မကြာသေးသော်လည်း ဝေဒနာအားလုံးကို ယုတစ်ယောက် ကုစားလို့ ရလောက်ပြီ ထင်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၄

သူ အိပ်ရာမှ နိုးလာတော့ တစ်အိမ်လုံး တိတ်ဆိတ်နေ၏။ အိပ်ရာမှ အကြောင်းမဲ့ နိုးလာခြင်းတော့ မဟုတ်။ အိပ်မက်ထဲမှာ ယုနှင့် တွေ့ဖြစ်သည်။ သူအိမ်ထောင်ပြုတော့မည့်အကြောင်းကို ပြောပြမိသည်။

ယုက အလွယ်တကူခွင့်မပြု၍ အိပ်မက်ထဲမှာပင် သူ ... တော်တော်ဖျောင်းဖျခဲ့ရသေးသည်။

အိပ်ခန်းထဲမှ အထွက်မှာပင် မျက်နှာချင်းဆိုင် ဖြစ်၏။

"သား နိုးလာပြီလား၊ ရေမိုးချိုးလိုက်လေ သား" မေမေ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းပြင်ပေးထားမယ်''

တစ်အိမ်လုံး တိတ်ဆိတ်နေမှတော့ ညီမလေးနှစ်ယောက် အပြင်သွားကြသည့်ပုံ ပေါက်နေ၏။ ညီမလေးတို့ အသံကို မကြားရသဖြင့် သူမေးလိုက်သည်။

''ညီမလေးတို့ရော မေမေ''

''သူ့သူငယ်ချင်းတွေဆီ သွားကြသလား မသိဘူး''

မေမေ အဖြေက ရေရာခြင်းမရှိ။

တစ်စုံတစ်ခုမှားယွင်းနေတာတော့ အရမ်းကို သေချာသည်။ ညီမလေးတို့နှင့် ပတ်သက်ပြီး ဒီလောက်ထိ ပြီးစလွယ် မေမေ ပြုမည်မထင်။

ရေချိုးခြင်းကို စိတ်အနှောင့်အယှက် များစွာဖြင့် ပြုလိုက်ရသည်။

အဝတ်အစားလဲပြီး ထမင်းဝိုင်းသို့ သူထွက်လာခဲ့သည်။

''ယုတစ်ယောက် ပိန်လား ဝ,လား မေမေ''

ထမင်းစားရင်းကပင် မေမေ့ကို မေးလိုက်သည်။





မေမေ့ပုံစံက ယုနှင့်ပတ်သက်ပြီး အားတက်သရော မရှိတာတော့ သေချာနေသည်။

''ထမင်းစားပါဦး သား၊ ပြီးမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့''

မေမေ့မျက်နှာက အတည်ပေါက်ကြီးလို ဖြစ်နေတော့ ဘာမှ ထပ်မမေးတော့ဘဲ ထမင်းပြီးအောင် စားလိုက်ရသည်။

ယုနဲ့မျှား စကားများကြလေသလားဟု တောင်တောင်မြောက်မြောက်တွေ တွေးမိနေပြန်သည်လေ။

✲

''မနေ့က ယုရောက်လာတော့ မေမေတို့အားလုံး အံ့သြသွားကြတာအမှန်ပဲ သား၊ မနေ့ကဘဲ ယုပြန်ရောက်လာတာတဲ့၊ ပြန် ရောက်ရောက်ချင်းမှာ မေမေတို့ဆီ လာခဲ့တာ၊ မေမေတို့ဆီဆိုတာ ထက် သားကိုတွေ့ချင်လို့ ယုလာခဲ့တာပဲ''



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာအရိပ်အကဲကို မေမေ ကြည့်သေး၏။ ယုနှင့် ပတ်သက်ပြီး ခံစားမှုတွေများ ထင်ဟပ်နေဦးမလား . . . ဟု မေမေ စူးစမ်းပုံရသည်။

''ဟိုမှာနေတော့ ယု ဝ,လာမှာပဲနော်၊ အသားလည်း ပိုဖြူ လာတယ် မဟုတ်လား မေမေ''

သူတို့ထက် ဦးသီဥတုအေးတော့ ယုတစ်ယောက် အသားတွေ ဖြူပြီး ဝ,လာမှာပဲ . . . ဟု အထင်ရှိပြီး မေးလိုက်ခြင်း ဖြစ်သည်။

''အရင်ထက် နည်းနည်းပိန်သွားတယ်၊ အသားတော့ အရင်ထက် ဖြူလာတယ်''

မေမေ့စကားတွေက ယုနှင့်ပတ်သက်ပြီး တစ်ခုခု လိုနေမှန်း သိသာနေ၏။

''ဒီအိမ်ကို လာတာ ကိုတင်မောင်စိုးရော ပါလာသေးလား မေမေ''

သူ့အမေးကို မေမေ ချက်ချင်း မဖြေ။





စိတ်လက်မပါစွာဖြင့် ခဏနေကြာမှ မေမေ ဖြေ၏။

''မပါဘူး သား''

''ယုက သူ့မိဘတွေဆီ အလည်လာတာပဲလားမှ မသိတာ၊ ကိုတင်မောင်စိုးရော ပါလာရဲ့လား''

''ဂျပန်ကနေ အပြီးပြန်လာခဲ့တာ သား။ မောင်တင်မောင် စိုး ပါမလာဘူး''

ယုတို့အိမ်ထောင်ရေး အဆင်မပြေဖြစ်ပြီဆိုတာ သူ ရိပ်မိ သည်။ ဒီကိစ္စကြောင့်ပင် မေမေတို့အားလုံး တစ်မျိုးတမည် ဖြစ်နေ ကြသည်ထင်၏။

''သူတို့အိမ်ထောင်ရေးများ အဆင်မပြေဖြစ်လို့များလား မေမေ''

''မဟုတ်ဘူး သား၊ ယုတစ်ယောက် အိမ်ထောင်ရေးက မကောင်းရှာဘူး၊ ဂျပန်မှာ မောင်တင်မောင်စိုး ဆုံးသွားရှာတာ''

''ဗျာ . . . ကိုတင်မောင်စိုး ဆုံးပြီ ဟုတ်လား''

''ဟုတ်တယ် သား။ မေမေတို့လည်း ယုပြောမှ . . .''



www.burmeseclassic.com

www.burmeseclassic.com



ယုအတွက် သူ စိတ်မကောင်းပေ။

ယုကတော့ အိမ်ထောင်ရေးကံ မကောင်းရှာ။ သူကတော့ ခင်မြတ်ဝေနှင့် လက်ထပ်တော့မည့်ဆဲဆဲ ဖြစ်နေ၏။

မဆီမဆိုင်ဖြင့် သူနှင့်ခင်မြတ်ဝေတို့ ရှေ့ရေးကို တွေးမိပြန်၏။

''ယု ထပ်လာဦးမယ်လို့ ပြောသွားသေးလား မေမေ''

''ပြောမသွားလည်း ယုက ရောက်လာမှာပဲ သား''

မေမေပြောတော့ ဟုတ်တော့ ဟုတ်သည်။ ယု တစ်ယောက် အချိန်မရွေး သူတို့အိမ်သို့ ရောက်လာနိုင်သည်ပဲ။

မေမေ့ကို ကြည့်ရတာ တစ်ခုခုဖြစ်နေပုံရသည်။ ပြီးတော့ သူ့ကို တစ်စုံတစ်ခုပြောဖို့ အခက်တွေ့နေပုံလည်းရ၏။

''မေမေ ဘာများ ပြောချင်နေလို့လဲ''

''ဒီလိုသား။ ဒီကိစ္စက မပြောလို့လည်း မပြီးဘူး။ ယုနဲ့သားတို့ အခြေအနေကို မေမေတို့က အသိဆုံးပဲ၊ ဒီအကြောင်းကို ပြောချင်လို့ ကလျာတို့ ညီအစ်မကိုတောင် အပြင်သွားခိုင်းထားတာ၊





အခုအချိန်မှာ ယုက လွတ်လပ်တဲ့သူ ဖြစ်သွားပြီ၊ ယုကို မြင်ပြီး သား စိတ်လည်သွားမှာကို မေမေတို့ စိုးရိမ်တာအမှန်ပဲ၊ မေမေတို့ စိုးရိမ်သလိုမျိုး ဖြစ်လာခဲ့ရင်တော့ မျက်နှာပျက်တာကလွဲပြီး မေမေတို့လည်း ဘာမှတတ်နိုင်ကြမှာ မဟုတ်ဘူး''

မေမေဆိုလိုသည့်သဘောကို အခုမှပင် သူ သဘောပေါက် သွားတော့၏။

ယုဝင်လာ၍ ခင်မြတ်ဝေနှင့်ကိစ္စ ပျက်မည့်ကို မေမေ စိုးရိမ် နေပုံရ၏။

ဒီကိစ္စက ဖြစ်လာနိုင်သည်လား၊ သူကိုယ်တိုင်ကလည်း ဝေခွဲလို့ မရ။

ယုနှင့်မျက်နှာချင်းဆိုင်ဖြစ်လျှင် ဘာတွေဖြစ်လာနိုင်သည် ... ဟု သူကိုယ်တိုင်ကပင် မတွေးဆတတ်သေးပေ။

''သားမင်္ဂလာဆောင်မယ့်ကိစ္စကို ယုသိသွားပြီလား မေမေ''

''မေမေတို့ ဘယ်လို ပြောထွက်ကြမှာလဲ သားရယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ ယုက ယောက်ျားဆုံးထားတဲ့အချိန်လေ၊ ဒီအကြောင်း ပြောလိုက်ရင် ဘာအဓိပ္ပာယ်တွေ ဖြစ်သွားမလဲဆိုတာကို သား တွေးကြည့်ပေါ့''

ယုကိုတော့ သူ အရမ်းတွေ့ချင်နေမိသည်။ ယု အားငယ် နေမည်ကို သူသိ၏။ ယုကို အားပေးစကားတွေ ပြောချင်သည်လေ။

''မပြောဖြစ်တာလည်း တစ်မျိုးကောင်းတယ် မေမေ၊ သူ့ အလိုလို သိသွားတာက တစ်မျိုးပေါ့၊ သားမင်္ဂလာဆောင် ယုရှိနေ တော့ တစ်မျိုး ကောင်းသွားတာပေါ့''

''ယုကို မတွေ့လို့ မင်းပြောတဲ့ စကားပါ၊ တကယ်တမ်း အနေနဲ့ ဆုံးဖြတ်ရင် ဒီစကားမျိုး ပြောထွက်မိမလား သားရယ်''

မေမေ့စကားက သူ့နှလုံးသားကို မြားတစ်စင်းနှယ် အရှိန် ပြင်းပြင်းနှင့် ထိုးဖောက်ထွက်သွားသလို ခံစားလိုက်ရ၏။

မေမေ မေးခွန်းနှင့်ပင် သူ့ကိုယ်သူ ပြန်မေးမိပြန်၏။

သူကိုယ်တိုင်ပင် တိတိကျကျ အဖြေပေးဖို့ ခက်ခဲပြီကောလေ။

* * *



၉

ညနေစောင်းလောက်မှာ ညီမလေးတို့နှစ်ယောက် ပြန် ရောက်လာကြ၏။

သူကတော့ ယုအလာကို မျှော်နေဖြစ်၏။

ကလျာတို့ ပြန်ရောက်လာပြီး သိပ်မကြာခင်မှာပင် အိမ် ရှေ့သို့ ကားတစ်စီးရောက်လာ၏။

သူမျှော်ကြည့်နေစဉ်မှာပင် ကလျာ ပြောသည်။

''မမယု ရောက်လာပြီ ကိုကို''

မျှော်နေတုန်းကလိုမျိုး မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ယုနှင့်တွေ့ရမည့်ဆိုတော့ ရင်သည် အလိုလို အခုန်မြန်လာပြန်၏။

ယုကို ရင်ဆိုင်ဖို့ ဘာကြောင့်များ အင်အားတွေ မဲ့သွားရပါလိမ့်။

မဆီမဆိုင်ဖြင့် ခင်မြတ်ဝေမျက်နှာလေးကို မြင်ယောင်မိပြန်သည်လေ။

''ယုရောက်လာပြီ မဟုတ်လား သား''

''ဟုတ်တယ် မေမေ''

ယုတစ်ယောက် အိမ်ပေါ်သို့ လှမ်းတက်လာ၏။

သူ့ကိုတွေ့တော့ ယု ဝမ်းသာသွားပုံရသည်။

မေမေတို့ ညီမလေးတို့က သူ့အပါးမှ ဖယ်ခွာမသွားကြပေ။

သူနှင့်ယုတို့ တွေ့ဆုံခြင်းအတွက် အနားမှာနေပေးကောင်းမည် . . . ဟု ကိုယ်စီတွေးထားကြသည်လား မပြောတတ်

''အောင် ဝ.လာတယ်နော်''





''ယုကတော့ နည်းနည်းပိန်သွားတယ်''

''ဟုတ်တယ် အောင်၊ အောင်လည်း ဒေါ်ဒေါ်တို့ ပြောပြထားလို့ သိပြီးလောက်ရောပေါ့၊ ကိုတင်မောင်စိုး ဆုံးသွားတဲ့ သောကကြောင့်ပဲဆိုပါတော့၊ ဒါကြောင့် ယုပိန်ချင်သလိုလို ဖြစ်သွားတာ''

''ကြားကြားချင်းမှာပဲ အောင် စိတ်မကောင်းဖြစ်မိတာ အမှန်ပဲ၊ ကံတရားပဲပေါ့ ယုရယ်၊ ကိုယ်နဲ့ ဒီအချိန်အခါအထိပဲ ရေစက်ပါတယ်လို့ အောက်မေ့လိုက်ပါ''

''ဒီလိုပဲ ဖြေရမှာပေါ့ အောင်''

သူနှင့်ယုတို့၏ စကားအပြောအဆို အနေအထိုင်တွေက အရင်တုန်းကလို မဟုတ်မှန်း အရမ်းသိသာနေ၏။

အရင်တုန်းကဆို ယုရောက်လာသည်နှင့် အနီးအပါးမှာ ဘယ်သူမှ မရှိကြတော့ပေ။

တစ်နည်းနည်းဖြင့် အကြောင်းပြပြီး သူတို့နှစ်ယောက်နားမှ ခွာသွားနေကြဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ထိုနယ် မဟုတ်ပြန်။

မေမေတို့ ညီမလေးတို့က ဘာစကားမှ မပြောဘဲ အနားမှာ ဝိုင်းထိုင်နေကြ၏။

စကားပြောရတာ မလွတ်လပ်မှန်း ယု သဘောပေါက်ပုံရသည်။

ခဏကြာတော့ အပြင်သွားဖို့ ယုကပင် တောင်းဆိုလာ၏။

"အောင် အားတယ် မဟုတ်လား"

"အားပါတယ် ယု"

"ဒါဆို ယုနဲ့ အပြင်ခဏ လိုက်ခဲ့ပါလား အောင်"

ယုတစ်ယောက် သူ့ကိုခေါ်ရင်းကပင် အားလုံး၏မျက်နှာကို အကဲခတ်နေ၏။

သူ့အနေနှင့်ကလည်း ... မေမေကဖြစ်ဖြစ်၊ ညီမလေးတစ်ယောက်ယောက်ကပဲဖြစ်ဖြစ် အကြောင်းကိစ္စတစ်ခုခု ပြောပြီး တားလေမည်လား ... ဟု စိုးရိမ်နေရ၏။

"ရတယ်လေ ယု"





"အောင် အဝတ်အစားလဲဦးမှာလား"

"မလဲတော့ပါဘူး"

"အောင့်ကို အပြင်ခဏ ခေါ်သွားဦးမယ်နော် ဒေါ်ဒေါ်"

"အေးပါကွယ်"

မေမေ့လေသံက မတတ်သာ၍ ခွင့်ပြုရသည့် လေသံပေါက်နေ၏။

ညီမလေးနှစ်ယောက်ကတော့ ယု မမြင်အောင် ခေါင်းခါသည်ကို တွေ့သည်။

အခြေအနေအရပ်ရပ်ကြောင့်ပင် သူ့ရင်တွေ တင်းကျပ်လာရသည်လေ။

✻

"ယု အိမ်ထောင်ပြုသွားတာရယ်၊ ပြီးတော့ အိမ်ထောင်ပျက် သွားပြီဆိုတဲ့ အသိက ပတ်ဝန်းကျင်ကို တော်တော်လွှမ်းမိုး



www.burmeseclassic.com

www.burmeseclassic.com



သွားတာ ပဲနော်''

အအေးဆိုင်ထဲမှာ ထိုင်ရုံရှိသေးသည် ယုကတော့ အခြေအနေတွေကို မကျေမနပ်ဖြင့် စကားနာထိုးနေ၏။

''ယု စိတ်ထင်လို့ပါ ယုရယ်''

''စိတ်ထင်တာ မဟုတ်ဘူး အောင်၊ ဒေါ်ဒေါ်တို့ အောင့်ညီမလေးတို့ အကြည့်တွေရယ်၊ ပြီးတော့ အောင်ကိုယ်တိုင်က အေး စက်စက် ဆက်ဆံနေတာတွေကို ကြည့်ပြီး ယုပြောရတာ''

ယုပြောသလိုပင် ဖြစ်နေခဲ့ပြီလား မသိ။

ဖြစ်တော့ ဖြစ်နိုင်သည် ... ဟု သူတွေးမိသည်။

ခင်မြတ်ဝေသာ သူ့ဘဝထဲသို့ ရောက်မလာပါက အခု အခြေအနေပါ သူအပါအဝင်အားလုံးက အခုလို အခြေအနေမျိုး ဆက်ဆံကြမှာ မဟုတ်တာတော့ သေချာ၏။

ယုနားလည်အောင် ပြောပြချင်သော်လည်း ပြောမထွက်ပြန်။

အခုလို အချိန်မျိုးမှာ သူ အိမ်ထောင်ပြုတော့မည်ဆိုသော





အကြောင်းကို ပြောလိုက်ရင် ယု အခံရပိုခက်မှာ သေချာသလောက် ရှိသည်။

''ကဲပါ ယုရယ် ... ယု ကျေနပ်အောင်၊ ယု စိတ်ချမ်းသာအောင် ဘယ်လိုနေပေးရမလဲ''

''ယု ဘာမှ မတောင်းဆိုပါဘူး အောင်ရဲ့၊ ယုကတော့ အရင်အတိုင်းပါပဲလို့ စိတ်က ထင်နေတာ၊ လောက သဘာဝကို ယုပြောနေတာပါ။ ဒါတွေက ဓမ္မတာတွေပါပဲ အောင်''

ယုတစ်ယောက် တကယ်ပဲ ရင့်ကျက်နေသည်လား၊ ဒါမှမဟုတ် ခံစားမှုတွေကြောင့်ပဲ တမင်ရွဲ့ပြောနေသည်လား မကွဲမပြား။

''ယု ဘာလုပ်မယ်လို့ စိတ်ကူးထားလဲ''

စကားလမ်းကြောင်း ပြောင်းဖို့ ရည်ရွယ်ချက်ဖြင့် သူမေးလိုက်သည်။

ယု၏အကြည့်များကြောင့်ပင် တစ်ခုခုများ မှားယွင်းသွားပြီလား ... ဟု စိုးရိမ်မိသည်။

''ဘာလုပ်ရမှာလဲ အောင်၊ ကိုတင်မောင်စိုး ဆုံးသွားလို့



www.burmeseclassic.com

www.burmeseclassic.com



ယုက တစ်ခုလပ်ဖြစ်နေပြီပဲ၊ အရင်ဘဝနဲ့တော့ အများကြီး ကွာသွားတယ် အောင်၊ မေမေတို့နဲ့ ဒီအတိုင်းပဲ ဆက်နေသွားရုံပေါ့။ မဟုတ်ဘူးလား။ အောင်က ဘယ်လိုနေစေချင်လို့လဲ''

''မဟုတ်ပါဘူး ယုရဲ့၊ ဂျပန်ကို ပြန်သွားဦးမလားလို့ မေးကြည့်တာပါ''

''ဟိုကို လိုက်သွားရတယ် ဆိုတာကလည်း ယောင်နောက် ဆံထုံးပါကိစ္စပဲလေ၊ ဂျပန်မှာ ကိုတင်မောင်စိုးမှ မရှိတော့ပဲ၊ ပြန်သွားလို့ ဘယ်ဖြစ်တော့မလဲ အောင်''

''အောင်တို့လည်း ရှိနေတာပဲ ယုရယ်၊ အရင်လို ပျော်ပျော် ရွှင်ရွှင်နဲ့ နေသွားကြတာပေါ့''

''အရင်လိုတဲ့လား အောင်ရယ်၊ တကယ်ပဲ အောင် နေရဲတဲ့ သတ္တိရှိလို့လား''

ယုစကားကြောင့်ပင် သူ ရင်ထိတ်သွားရသည်။

''အဖြေခက်လည်း မဖြေပါနဲ့ အောင်ရယ်၊ ယုက တမင် အောင့်ကို စ,နေတာပါ၊ အောင့်စိတ်ကို ယု သိနေတာပဲ၊ အောင့်ကို





မြင်ရတာ ယု စိတ်ညစ်တာတွေ ပျောက်သွားသလိုပဲ အောင်၊ ယုကတော့ အောင်နဲ့တွေ့ဖို့ အမြဲကြိုးစားနေရမှာပဲ၊ ပတ်ဝန်းကျင်က နားလည်လာတဲ့အထိ ယု ကြိုးစားနေပြရလိမ့်မယ် ထင်တယ် အောင်''

ယုအရယ်အပြုံးတို့သည် ပေါ့ပါးသွက်လက်နေပြန်၏။

ယုကို ဒီလိုပဲ သူမြင်နေတာ အမှန်ပင်။

သူကြုံတွေ့နေရသော အဖြစ်အပျက်များကို မတွေးချင်တော့ပေ။

နောက်ဆုံးလေးရက်လောက်ဆိုရင်တော့ ခင်မြတ်ဝေ ရန်ကုန် လိုက်လာပေလိမ့်မည်။

ပြီးရင် . . . ကျိုက်ထိုပြန်ပြီး လက်မှတ်ထိုး၊ မင်္ဂလာပွဲ ကျင်းပတော့မည်။ ဒါတွေကို ပြောထွက်ဖို့ဆိုတာ သူ့မှာ အင်အားတို့ မရှိသည်ပဲ . . .။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



# ၆

ယုနှင့်ပထမအကြိမ် အပြင်ထွက်တာကို မေမေတို့မပြော

ဒုတိယရက်ကျတော့လည်း ယုက အိမ်မှာ စကားမပြော

ဘဲ အပြင်ခေါ်ထုတ်ပြန်သည်။

တတိယမြောက်ရက်မှာတော့ အပြန်ခရီးမှာပင် ထပ်ဆုံကြ

ဖို့ ယုက ချိန်းပြန်သည်။

ခင်မြတ်ဝေ ရောက်မလာခင်အထိတော့ ယု စိတ်ချမ်းသာ

မှုကို သူပေးရင်း အကျိုးအကြောင်း ပြောပြမည် ...ဟု သူ

စိတ်ကူးကာ ခေါင်းညိတ်ဖြစ်သည်။

နေ့တိုင်း အပြင်သွားနေကျ ဖြစ်သော်လည်း ဒီနေ့ကျတော့



www.burmeseclassic.com

www.burmeseclassic.com



ယုနှင့်ချိန်းထားဖြစ်သည်ဆိုသောအသိကြောင့် နောက်ကျောမလုံချင် ဖြစ်မိသည်။

"ဘယ်သွားမလို့လဲ သား"

မေမေ မေးစဉ်မှာပင် ညီမလေးနှစ်ယောက်လည်း ရှိနေကြ၏။

"အပြင်သွားမလို့ မေမေ"

"အပြင်သွားမယ်ဆိုတာ မေမေတို့ သိပါတယ်၊ ဘာလဲ သား ယုနဲ့ ချိန်းထားတယ် မဟုတ်လား။ သား မလိမ်တတ်ဘူး ဆိုတာ မေမေတို့ သိတယ်"

"ဟုတ်တယ် မေမေ"

"မနက်ဖြန်ဆို မမခင်မြတ်ဝေ ရောက်လာတော့မှာနော် ကိုကို"

ဥမ္မာ့စကားကြောင့်ပင် ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားရသည်။

သူက နိုးကြောင်နိုးဝှက် လုပ်နေရသည့်ဘဝကိုများ





ရောက်နေပြီလား။

"ယုနဲ့ သွားတွေ့တာက ကိစ္စမရှိဘူး။ ခင်မြတ်ဝေနဲ့ လက်ထပ်ဖြစ်မယ်ဆိုတာကိုတော့ သား ပြောပြသင့်ပြီလို့ မေမေ ထင်တယ်"

ကလျာဦးကတော့ ကရုဏာမကင်းစွာဖြင့် သူ့ကိုကြည့်နေ၏။

ယုအတွက်၊ ပြီးတော့ သူ့ဂုဏ်သိက္ခာအတွက်ပင် မေမေ့အား ပြောလိုက်မိသည်။

"စိတ်ချပါ မေမေ၊ သားဖွင့်ပြောဖို့ ကြိုးစားနေလို့ ယုနဲ့ တွေ့နေရတာပါ။ ဒီကိစ္စအတွက် မေမေတို့ စိတ်အေးပါ"

သူ့စကားက ပြတ်တောက်နေမှာ သေချာ၏။

ဘာရယ်ကြောင့်တော့ မသိ။

သူ့ရင်ထဲမှာ အကြိတ်အခဲ ဖြစ်မိတာတော့ အမှန်ပင်။

ယုနှင့်သူ့ကို ပတ်ဝန်းကျင်က နားမလည်ကြသည်လား



www.burmeseclassic.com

www.burmeseclassic.com



ယုနှင့် ခေါ်ပြောဆက်ဆံနေတာကို အပြစ်တစ်ခု . . . ဟု ထင်မြင်နေကြသည်လားလေ။

*

“အောင် လာမှ လာပါ့မလားလို့”

သူ့ကို တွေ့တွေ့ချင်းမှာပင် ယုပြော၏။ ယုစကားကြောင့်ပင် စိတ်မကောင်းဖြစ်သွားရသည်။

“မလာဘဲ နေမလား ယုရယ်၊ ချိန်းထားပြီးမှ ယုစောင့်နေမယ်ဆိုတာကို အောင် သိတာပေါ့”

“အောင် ရောက်မလာလည်း ဒီနေရာမှာ နေကုန်တဲ့အထိ ယု ရှိနေမှာ အောင်၊ ယုမှာ သွားစရာ နေရာမှ မရှိဘဲ”

“ကဲပါ . . . ယုရယ်၊ ဒီ့ပြင်စကားတွေကို အောင်တို့ ပြောကြရအောင်”





ယုအကြည့်တို့က ဆွေးမြည့်မှု မပြယ်ချင်သေးပေ။ ယုအပြုံး တို့ကလည်း လွတ်လပ်မှု မရှိပါဘူးလေ။

“ယု ဂျပန်မှာ ရှိနေတဲ့ ကာလတွေမှာ အောင် တစ်ယောက် ဘယ်လိုနေမလဲလို့ တွေးမိတိုင်း နေမရတာ အမှန်ပဲ အောင်၊ တစ်ခါ တစ်ခါများ ကိုတင်မောင်စိုးကတောင် မေးယူရတယ်၊ အောင်နဲ့ ပတ်သက်ပြီးတော့ ကိုတင်မောင်စိုးက ယုအပေါ် အတော်လေး နားလည်မှု ပေးပါတယ် အောင်၊ အောင်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်စရာ တစ်ခုတလေမှ သူမပြောရှာခဲ့ဘူး”

အတိတ်အကြောင်းတို့ကို ပြန်လည်တူးဆွနေခြင်းလား။ ခင်ပွန်းဖြစ်သူ ကိုတင်မောင်စိုးအား လွမ်းဆွတ်သတိရနေခြင်းလား တော့ မကွဲမပြား။

“ဒါတွေ ပြောမနေပါနဲ့တော့ ယုရယ်၊ စိတ်မကောင်းစရာ စကားဆိုတာ လူ့စိတ်ကို ထွေပြားစေတယ် ယု၊ ပျော်စရာရွှင်စရာ စကားတွေပဲ ရွှေပြောရအောင် ယုရယ်”



www.burmeseclassic.com

www.burmeseclassic.com



အခုလို အခြေအနေမျိုးမှာ ခင်မြတ်ဝေကိုစွကို သူပြောလိုက်ရင် သူ့လောက်ရိုင်းတဲ့သူ ရှိတော့မှာ မဟုတ်ပေ။

"ပျော်စရာရွှင်စရာစကားတဲ့လား အောင်၊ အောင်တကယ် ပြောနိုင်စွမ်း ရှိလို့လား၊ ယုကို ပြောစမ်းပါ"

ယုပြောလိုက်သောစကားသည် ဓားသွားနှယ် မြနေ၏။ ထိ နိုက်လှုယ်လှန်းနေပြန်သည်။

"ကံတရားလို့ပဲ ပြောရမယ် ယု၊ ဘဝဆိုကတည်းက ကိုယ် ဖြစ်ရာတွေချည်းပဲ ဖြစ်လေ့ဖြစ်ထ ရှိတတ်တာမှ မဟုတ်ဘဲ၊ ဒုက္ခတွေ သုခတွေက သူ့အချိန်နဲ့သူ ဖြစ်တတ်တာလေ"

"သုခတရားတွေ ခံစားခဲ့တဲ့ အချိန်ကာလတွေကို ကျော်လွှန်ခဲ့ပြီလို့ ပြောလိုက်စမ်းပါ အောင်"

"ဒုက္ခဆိုတာလည်း ခံစားမှုတစ်ခုပဲ၊ သုခဆိုတာလည်း ခံစားမှုတစ်ခုပဲ ယု၊ အဓိပ္ပာယ် ကွဲပြားပေမယ့် လူတွေ ခံယူရမယ့် ခံစားမှုတွေပဲလေ၊ သုခရတုန်းက ခံစားခဲ့ကြပြီး ဒုက္ခကိုတော့ ရှောင်





လွှဲကြရင် ဘယ်သဘာဝကျမှာလဲ၊ ရှောင်ထွက်ပြေးရင်လည်း ခဏပဲ ရမှာပေါ့"

"အောင်ပြောတာ ဟုတ်တယ်"

ပျော်ရွှင်စရာ စကား မဟုတ်ပေမယ့် ပစ္စက္ခနှင့်ဆိုင်နေသည်မို့ နှစ်ယောက်သား ပြောဖြစ်ကြပြန်သည်။

"အောင်ကတော့လေ ... အတိတ် ပစ္စုပ္ပန် အနာဂတ် ဆိုတဲ့ ကာလသုံးပါးမှာ ပစ္စုပ္ပန်ကိုပဲ အစဉ်ရှေးရှုချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အတိတ်ဆိုတာက လွမ်းမောမှုတွေ ပြည့်လျှမ်းနေတဲ့ အရာ၊ အနာဂတ်ကျတော့လည်း မရေမရာ၊ ဘာဖြစ်လာမှန်း မသိနိုင်၊ တကယ်တော့ လူဆိုတာ ပစ္စုပ္ပန်ရဲ့သားကောင်ဖြစ်ရတာ အကောင်း ဆုံးပါပဲ"

"ဒါပေမဲ့ အောင်ရယ် ... လူတွေက ပစ္စုပ္ပန်ကို တကယ် ရင်ဆိုင်ရဲကြလို့လား၊ ယုအမြင် ပြောရရင်တော့ လူတော်တော်များများက ပစ္စုပ္ပန်ကို ရှောင်ပြေးဖို့ ကြိုးစားနေကြတာလေ၊ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကများ ပစ္စုပ္ပန်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲကြလို့တုန်း၊ အတိတ်ကို လွမ်းဆွတ်ရင် ဆွတ်မယ်၊ အနာဂတ်ကို မျှော်ကြည့်ရင် ကြည့်မယ်၊ ပစ္စုပ္ပန် ကိုတော့ အားလုံးမေ့လျော့ထားကြတာချည်းပဲ''

ယုဆိုလိုသည့် သဘောကို သူသိသည်။ သူကိုယ်တိုင်ကပင် ပစ္စုပ္ပန်ကို ရှောင်လွှဲဖို့ ကြိုးစားနေခြင်းပဲလေ။

⁂

''ဖေဖေတို့က ပြောကြတယ် အောင်၊ တကယ်လို့များ အောင်နဲ့သာ ပေးစားဖြစ်မယ်ဆိုရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးတဲ့၊ အခုတော့ ယု မုဆိုးမဖြစ်တာကို သူတို့တွေ စိတ်မကောင်းကြဘူး တဲ့လေ၊ ယုကတော့ အခုအခြေအနေမှာ ဘယ်သူ့ကိုမှ အပြစ်မပြောချင်သလို ဘာမှလည်း ပြောစရာ စကားတွေ မရှိတော့တာ အမှန်ပဲ''

''လူတွေက အကောင်းတွေချည်းပဲ ဘဝမှာဖြစ်ချင်လို့





ကြိုးစားနေကြတာလေ၊ အဲဒီလို ကြိုးစားရင်းကနေ အဆိုးတွေဖြစ်သွားရင် လည်း ဘယ်တတ်နိုင်မှာလဲ ယုရာ''

ခင်မြတ်ဝေနှင့်ကိစ္စကိုလည်း သူပြောပြဖို့ မသင့်တော့ပေ။

''အောင်''

''ဘာလဲ ယု''

''အောင် ဘာပြောစရာ ရှိလို့လဲ၊ ပြောစရာရှိတာကို ပြောနော်၊ ယု အားလုံးအတွက် ခံနိုင်ရည်ရှိတယ်''

''ယုကလည်းကွာ၊ ဘာတွေပြောရမှာလဲ၊ အခုအချိန်မှာ ယုကို နှစ်သိမ့်အားပေးရုံကလွဲပြီး အောင် ဘာစကားမှ မပြောနိုင်ဘူး''

''အောင်က ယုအပေါ် ဟိုတုန်းကအတိုင်းပဲနော်၊ ဘာတစ်ခုမှ မပြောင်းလဲဘူး''

''ဒါပေါ့ ယု၊ အောင်တို့ယုတို့ရဲ့ တည်ဆောက်ဖြစ်ခဲ့တဲ့ သံယောဇဉ်တွေက နည်းနည်းနောနောမှ မဟုတ်ဘဲ၊ အဲဒီသံယော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တွေကို ဘယ်တော့မှ မဖျက်ဆီးပစ်ဘူး ယု၊ ယုလည်း သေသေချာချာ မှတ်ထားဦး''

''ကျေးဇူးပဲ အောင်ရယ်၊ နောက်ရက်တွေမှာတော့ အောင့်ကို မချိန်းတော့ပါဘူး၊ အောင်နဲ့ တွေ့ခွင့်ရတဲ့အချိန်လေးမှာတော့ ယု တွေ့ချင်မြင်ချင်တာ အမှန်ပဲအောင်''

သူ့နားတွေကို ပိတ်ထားလို့ရရင် ပိတ်ထားလိုက်ချင်၏။

အရာရာကို ယုတစ်ယောက် ကြိုသိနေသည်လား။

မနက်ဖြန်ဆိုရင် ခင်မြတ်ဝေ ရောက်လာတော့မည်လေ။

''အောင် ပြန်ချင်ပြီ ထင်တယ်''

''ရပါတယ် ယု''

''ပြန်ကြမယ် အောင်၊ အောင့်ကို ပေးစရာတစ်ခု ရှိတယ်''

''ဘာများလဲ ယု''

''ရော့ အောင်၊ ဒီစာအိတ်ထဲမှာ အောင့်အတွက် ယု ရေးထားတဲ့စာ ရှိတယ်၊ အိမ်ပြန်ရောက်မှ အောင် အေးအေး



ဆေးဆေးဖတ်ပေါ့''

ယုပေးသော စာအိတ်ကို လှမ်းယူရင်းကပင် ရင်ထဲမှာ မကောင်း ဖြစ်ရသည်။

ယုက ဖတ်စေချင်မှတော့ သူ ငြင်းလို့မကောင်း။ ဘာတွေများ ယု ရေးထားပါလိမ့်။

အိမ်ရောက်မှ ဖတ်ဆိုသော စကားကြောင့်ပင် လက်ထဲမှာ ကိုင်ထားမိ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ၇၈

အိမ်အထိ ယု လိုက်ပို့ပေးမည်ဆိုတော့ သုံ့ငြင်းဖို့ ကြံသေး၏။ မေမေတို့ သိသွားပဲဆိုသော အတွေးကြောင့်ပင် မငြင်းဖြစ်ခဲ့။ သူ့ကို အိမ်ရှေ့အထိ လိုက်ပို့ပေးသော်လည်း အိမ်ပေါ်သို့ ယု မတက်ဖြစ်ခဲ့။

သူကလည်း ခေါ်ဖို့ စိတ်ကူးမပေါ်ခဲ့ပေ။ ယုနှင့်အတူတူ သူ ပြန်လာသည်ကို မေမေတို့ လှမ်းကြည့်နေကြမှာ သေချာ၏။

လက်ထဲမှာတော့ ယုပေးလိုက်သော စာအိတ်လေးကို ကိုင်ထားမိသည့်။

"သား ပြန်လာပြီလား"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ"

"ခင်မြတ်ဝေ ရောက်နေတယ် သား၊ သားကို သူ စောင့်နေတာ"

မေမေ့စကားကြောင့်ပင် သူ အံ့သြသွားမိသည်။ ခင်မြတ်ဝေက မနက်ဖြန်မှ ရောက်မည့်ကိစ္စပဲလေ။ ဘာကြောင့်များ တစ်ရက် စောပြီး ရောက်ခဲ့ပါလိမ့်။ ပြီးတော့ မေမေ့စကားတွေအရ ယုနှင့်သူ့ အကြောင်းကို ခင်မြတ်ဝေ သိပြီးလောက်ပြီလား။

"ခင်မြတ်ဝေ ဘယ်မှာလဲ မေမေ"

"စောစောကတင် မင်းညီမတွေနဲ့ ရှိသေးတယ်၊ မင်းတို့ ရောက်လာမှ ဒီအနားက ထွက်သွားတာ"

"ကိုကို့အခန်းထဲကို ဝင်သွားတာ တွေ့တယ်"

ဥမ္မာက သူ့ကိုပြောသည်။ ဥမ္မာ့စကားကြောင့်ပင် သူ့ အခန်းရှိရာသို့ သွားဖို့ ခြေလှမ်းပြင်လိုက်သည်။

"မနက်ဖြန် မေမေတို့အားလုံး ကျိုက်ထိုသွားကြဖို့





ပြင်ထား ပြီးပြီ သား၊ သားလည်း ပြင်တော့ဆင်တော့"

မေမေ့စကားက အဓိပ္ပာယ်ပါနေသလိုပင်။ သူနှင့် ယုကို မေမေတို့ မယုံကြည်ကြတော့ဘူး ထင်၏။ ခင်မြတ်ဝေပါ တစ်ရက် စောပြီး ရောက်လာပြီဆိုတော့ ပြဿနာတစ်ခုခုက သူ့ကို ဆီးကြို နေတာ သေချာနေ၏။

⁂

"ခင်မြတ်ဝေ"

သူ့စားကြည့်စားပွဲမှာ ခင်မြတ်ဝေ ငုတ်တုတ်လေး ထိုင်နေ၏။

သူခေါ်ပေမယ့် ခေါင်းမော့မလာ။ ကြေကွဲမှုတွေဖြင့် မျက်ရည်ကျနေခြင်းလား မပြောတတ်ပေ။

"ကိုအောင် ခေါ်နေတယ်လေ ခင်မြတ်ဝေ"

"ကိုအောင် ဘယ်သူနဲ့ ဘယ်က ပြန်လာတာလဲဟင်"

တကယ်တမ်းကျတော့ ခင်မြတ်ဝေမျက်နှာမှာ မျက်ရည်တို့ မရှိ။ ကြေကွဲမှုတွေကတော့ ပြည့်နှက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ယုနဲ့ပြန်လာတာ ခင်မြတ်ဝေ''

ဒီမှာဖြစ်ပျက်နေသော ကိစ္စအဝဝကို ခင်မြတ်ဝေ သိပြီး လောက်ပြီ ဖြစ်၏။

''ကိုအောင်''

''ဘာပြောချင်လဲ ခင်မြတ်ဝေ''

ခင်မြတ်ဝေ၏ ကြေကွဲမှုတွေကြောင့်ပင် စာအိတ်လေးကို စားပွဲပေါ် တင်ထားလိုက်ရသည်။ ခင်မြတ်ဝေကို သူနှစ်သိမ့်မှု ပေးရမည်လေ။

''မမယုနဲ့ ကိုအောင်တို့ ပြန်တွေ့ကြပြီနော်''

''တွေ့ကြတာနဲ့ ဘာဆိုင်လို့တုန်း . . . ခင်မြတ်ဝေရယ်၊ ကိုအောင့်ကို ခင်မြတ်ဝေ နားလည်တယ်ဆို၊ အခုချိန်မှာ ယု အတွက် ကိုအောင် အားပေးရမှာ၊ ယုအနေအထားကို ခင်မြတ်ဝေ သိပြီး လောက်ရောပေါ့''

''သိလို့ ခက်နေတာပေါ့ ကိုအောင်ရယ်''



BURMESE CLASSIC .com



''ဘာများ ခက်စရာရှိလို့လဲ ခင်မြတ်ဝေ၊ မနက်ဖြန် ကျိုက်ထိုသွားဖို့ မေမေတို့ စီစဉ်နေကြပြီ၊ ကိုအောင့်အဝတ်အစား တွေကို ခင်မြတ်ဝေ ကူထည့်ပေးဦးလေ''

''ခင်မြတ်ဝေ စိတ်ချမ်းသာအောင် ပြောနေတာများလား ကိုအောင်ရယ်''

ယုကိုတွေ့တော့လည်း သူ့စိတ်က မခိုင်ခဲ့၊ ခင်မြတ်ဝေကို တွေ့ပြန်တော့လည်း သူ့နှလုံးသားက နုနယ်လွန်းနေပြန်၏။

''တကယ်ဖြစ်ရမယ့်ကိစ္စပါပဲ ခင်မြတ်ဝေ၊ ကိုအောင်နဲ့ ခင်မြတ်ဝေတို့က လက်ထပ်ကြတော့မှာလေ''

''ကိုအောင် . . . မမယုကို သံယောဇဉ် မကုန်ဘူး မဟုတ် လား၊ ပြီးတော့ အခုအနေအထားက မမယုနဲ့ ကိုအောင်တို့ ပြန်ဆုံ ဖို့ ဖြစ်နေပြီ၊ ကိုအောင် စိတ်ချမ်းသာမယ်ဆိုရင် မမယုဆီ ပြန်သွား ပါ ကိုအောင်၊ အားလုံးကို ခင်မြတ်ဝေကပဲ နားလည်အောင် ရှင်းပြပေးပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာဘဲ ခင်မြတ်ဝေရယ်"

ခင်မြတ်ဝေကို ထိုင်နေရာမှ ဆွဲထူဖြစ်လိုက်၏။

သူ့လက်တို့ကို ခင်မြတ်ဝေ ဖယ်ရှားသည်။

ခင်မြတ်ဝေကို တိုး၍ပင် သူ ဖက်ထားမိသည်။

"လွှတ်ပါ ကိုအောင်"

"မလွှတ်ဘူး ခင်မြတ်ဝေ"

သူတို့နှစ်ယောက် ရှုန်းရင်းဆန်ခတ်ဖြစ်မှုကြောင့် စားပွဲခွန်းကို တွန်းလှုန်သလို ဖြစ်သွား၏။

ထိုအခိုက်အတန့်လေးမှာပင် ယုပေးလိုက်သော စာအိတ်လေးက ကြမ်းပြင်ပေါ်သို့ ကျ၏။

ခင်မြတ်ဝေကို သူလွှတ်ပေးမိသည်။ ခင်မြတ်ဝေကလည်း တက်နှင်းလုလု ဖြစ်နေသော စာအိတ်လေးကို ကောက်ယူလိုက်၏။

⁕ ⁕ ⁕






"အဲဒီစာက ယုပေးလိုက်တဲ့စာလေ ခင်မြတ်ဝေ"

"ကိုအောင် ဖတ်ဖို့ပေါ့"

"ဟုတ်တယ် ခင်မြတ်ဝေ၊ ဖတ်ရင် ဖတ်ကြည့်လိုက်လေ"

ခင်မြတ်ဝေ မဖတ်ဘူးဆိုတာကို သူ သိသည်။ သူ့ဘက်က လိပ်ပြာလုံကြောင်းကို သက်သေပြသည့်အနေဖြင့် ပြောလိုက်မိသည်။

"သူများကိုယ်ရေးကိုယ်တာကို မဖတ်ချင်ဘူး ကိုအောင်၊ မယုက ကိုအောင် ဖတ်ဖို့ ရေးထားတာလေ"

ခင်မြတ်ဝေလေသံတို့က အရင်နှယ် ကြေကွဲမှု မဆိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီစာက ယုပေးလိုက်တာ ဟုတ်မဟုတ်ဆိုတာ ခင်မြတ်ဝေ မသိနိုင်ဘူး။ ကိုအောင် လိမ်ချင်ရင် လိမ်လို့ ရတယ်၊ ဒါပေမဲ့ ကိုအောင် အမှန်အတိုင်း ပြောခဲ့တာ၊ ကိုအောင့်ကို နားလည်ပေးသလိုပဲ၊ ယုကိုလည်း နားလည်ခွင့်လွှတ်ပေးပါ ခင်မြတ်ဝေရာ"

ခင်မြတ်ဝေကတော့ မဖြေ။ ငြိမ်၍ နေ၏။ အတန်ကြာတော့မှ သူ့မျက်နှာကို စေ့စေ့ကြည့်ရင်းက ခင်မြတ်ဝေ ပြော၏။

"ခင်မြတ်ဝေ ရှေ့မှာပဲ မမယုပေးလိုက်တဲ့စာကို, ကိုအောင် ဖတ်ရဲလား"

ခင်မြတ်ဝေကတော့ သူ့ကို အရေးဆိုနေပြီ။ အကျဉ်းအကျပ်တစ်ခုထဲသို့ ချက်ချင်းဆိုသလို သူရောက်သွားခဲ့၏။

သူ့အတွက် ဆုံးဖြတ်စရာတစ်ခုပဲ ရှိ၏။

"ဖတ်ရဲတယ် ခင်မြတ်ဝေ၊ အတူတူ ဖတ်ရင်လည်း ရတယ်၊ ဒါမှမဟုတ် ကိုအောင် ဖတ်ပြီးမှ ခင်မြတ်ဝေ ဖတ်ချင်ရင်လည်း ရတယ်"

ပြောမိပြီးမှတော့ ဒီကိစ္စက မထူးတော့ပြီ။ စာထဲမှာ





ယုတစ်ယောက် ဘာတွေများ ရေးထားသည် မသိ။

"ကိုအောင်ပဲ အရင်ဖတ်ပါ။ ပြီးမှ ခင်မြတ်ဝေ ဖတ်သင့်တယ်ဆိုရင် ပေးဖတ်ပေါ့"

"ကောင်းပြီ ခင်မြတ်ဝေ"

ပြောပြောဆိုဆိုပင် စာအိတ်လေးကို အသာဖောက်လိုက်သည်။

စိတ်တထင့်ထင့်ဖြင့် စာရွက်ကို ဖြန့်ဖတ်လိုက်၏။

⁂

အောင်

ကလျာပြောလို့ ကိစ္စအားလုံးကို ယု သိပြီးပါပြီ။

အခုချိန်ရောက်မှာတော့ ကံစီမံရာပဲပေါ့ အောင်ရယ်။

ယုကို မငဲ့ပါနဲ့ အောင်။

ယုကြောင့်တော့ အောင် စိတ်မညစ်စေချင်ဘူး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြောပြချင်တယ် အောင်ရယ်၊ ပြောစရာစကားတွေ လည်း အများကြီးပဲ။

ဒါပေမဲ့ ပြောခွင့်မရတော့တဲ့ အခြေအနေဖြစ်ခဲ့ပြီပဲ အောင်ရယ်။

ယုပြောချင်တဲ့ စကားတွေအားလုံးကို ကိုယ်စားပြုတဲ့ ကဗျာလေးတစ်ပုဒ်

ကို နောက်စာမျက်နှာမှာ ရေးထည့်ပေးလိုက်တယ် အောင်။

ဒါပါပဲကွယ်

အောင့်ရဲ့

တစ်ခါက ယု

ပထမစာရွက်လေးမှာပင် စာဆုံးသွား၏။

ခင်မြတ်ဝေကို တစ်ချက်လှမ်းကြည့်ရင်းက ယုဖတ်စေချင် သည့် ကဗျာလေးကို ဖတ်ဖို့ပြင်၏။

ရွှေအမင်းစာပေ



ပထမစာရွက်ကိုတော့ ခင်မြတ်ဝေလက်ထဲသို့ လှမ်းပေး လိုက်မိသည်။

ရင်ထဲမှာတော့ ဖြစ်နေမည့် ခံစားမှုကိုတော့ ခင်မြတ်ဝေ နားလည်နိုင်လိမ့်မည် ထင်၏။

သူ့ကိုယ်စား၊ ယုကိုယ်စား ခင်မြတ်ဝေ နားလည်ပေးနိုင်ပါ့ မလားလေ။

※ ※ ※

ရွှေအမင်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com